ကြေးမုံ The Mirror
Established in 1957
၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့ (18-3-2014) (၇၇၈၈)

ပညာရေးကဏ္ဍက လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးပြီး ကျန်းမာရေးကဏ္ဍက ကျန်းမာသန်စွမ်းသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်အောင် ဆောင်ရွက်ပေး။

ပြည်သူတစ်ဦးချင်း၏ ကျန်းမာရေးအဆင့်မြင့်မားစေရန်အတွက် အသိပညာပေးခြင်း၊ ကာကွယ်ခြင်း၊ ကုသခြင်း လုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်ရန်လို။

# ပြောင်းလဲကျင့်သုံးနေသည့် ဒီမိုကရေစီစနစ်နှင့်အညီ လိုက်လျောညီထွေဖြစ်စေရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၈ နာရီခွဲတွင် မြစ်ကြီးနားတက္ကသိုလ်သို့သွားရောက်ပြီး တက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အမျိုးသားပညာရေး ဥပဒေမူကြမ်းရေးဆွဲဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစ်ကြီးနားတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာ အေးကိုက တက္ကသိုလ်တွင် ပညာသင်ကြားပေးနေမှု၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျောင်းသားများအတွက် အဆောင်များဖွင့်လှစ်ပေးထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင် တိုင်းပြည်၏အနာဂတ်သည် လူငယ်များအပေါ်တွင်မူတည်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တိုင်းပြည်အတွက်လိုအပ်သည့် အခြေခံကောင်းများကို တည်ဆောက်ပေးနေကြောင်း၊ လူငယ်များက ထိုအခြေခံကောင်းများပေါ်တွင် ပိုမိုကောင်းမွန်သည့်အနာဂတ်ကို တည်ဆောက်ရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် မှီတင်းနေထိုင်သည့် သန်း ၆၀ သော ပြည်သူများ၏ တူညီသော အဓိကဆန္ဒနှစ်ခုမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ကြောင်း။

ပြည်သူများ၏ တူညီသည့် ဆန္ဒနှစ်ခုသည် မိမိတို့အစိုးရ၏ ရည်ရွယ်ချက်ပင်ဖြစ်ပြီး ထိုရည်ရွယ်ချက်နှစ်ခု အောင်မြင်အောင် အကောင်အထည်ဖော်ရေးသည် မိမိတို့၏ ရည်မှန်းချက်ပင်ဖြစ်ကြောင်း။ **စာမျက်နှာ ၈ ကော်လံ ၅ သို့** ❂



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြစ်ကြီးနားတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)



# ဒုတိယအကြိမ် မြို့တော်ရန်ကုန်ရောင်စုံဓာတ်ပုံပြပွဲပြသ

**ရန်ကုန် မတ် ၁၇**

ဒုတိယအကြိမ် မြို့တော်ရန်ကုန်ရောင်စုံဓာတ်ပုံပြပွဲ ၂၀၁၄ ကို ရန်ကုန်မြို့တော်ခန်းမ ပထမထပ်၌ မတ် ၁၉ ရက်မှ ၂၁ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း ဖွင့်လှစ်ပြသထားမည်ဖြစ်ရာ ကြည့်ရှုလိုသူများအနေဖြင့် မဟာဗန္ဓုလပန်းခြံလမ်း ကားဝင်ဂိတ်တွင် ဝင်ထွက်ခွင့်ကတ်ပြားများထုတ်ယူ၍ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဦးစီးကျင်းပသည့် ယင်းပြိုင်ပွဲကြီးတွင် ကဏ္ဍလေးခု၌ ပြိုင်ပွဲဝင် ဓာတ်ပုံပညာရှင် ၁၂၅ ဦးက ပြိုင်ပွဲဝင်ဓာတ်ပုံပေါင်း ၉၆၈ ပုံကို ယှဉ်ပြိုင်ကြရာ မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ အကဲဖြတ် ပညာရှင်များက စိစစ်ရွေးချယ်ပေးခဲ့သဖြင့် မြို့တော်ဝန်က အထူးဆု (Grand Prize)ကို စောလှိုင်ဝင်း (YCDC) အားလည်းကောင်း၊ ရန်ကုန်မြို့တော်၏ ပွဲတော်များကဏ္ဍတွင် ပထမ ဇေယျာမင်း၊ ဒုတိယ ဦးလူမောင်၊ တတိယ ဦးထွန်းဝေနှင့် နှစ်သိမ့်ဆုများအဖြစ် ဇေယျာမင်း၊ ဦးသီဟ၊ ရဲနောင်(ဖယ်ခုံ)၊ ဇော်လှိုင်(ATK)နှင့် အောင်စည်ဟိန်းတို့ကလည်းကောင်း၊ မြို့တော်သားများ၏ လူနေမှုဘဝကဏ္ဍတွင် ပထမအာကာထွန်းကျော်၊ ဒုတိယ ထင်အောင်(အင်းစိန်)၊ တတိယ ဇော်ဇော်ထွန်းနှင့် နှစ်သိမ့်ဆုများအဖြစ် စုစုမွန်၊ ဇော်ဇော်ထွန်း၊ စောသိန်းဝင်း(မြို့တော်သတင်း)၊ စိုင်းခမ်းဟိန်း၊ အောင်မြင့်နိုင်တို့ကလည်းကောင်း၊ စိမ်းလန်းနေသော ဥယျာဉ်မြို့တော်ကဏ္ဍတွင် ပထမအောင်မြင့်ထွေး၊ ဒုတိယ ဦးဝင်းမြိုင် (ရွှေလင်းယုန်)၊တတိယဇော်ဇော်ထွန်းနှင့် နှစ်သိမ့်ဆုများအဖြစ် စောလှိုင်ဝင်း (YCDC)၊ ဇော်ဇော်ထွန်း၊ ဌေးဝင်း(ရမ္မာဝတီ)၊ မျိုးညွန့်ဦးနှင့် ဦးထွန်းဝေ၊ ရန်ကုန်မြို့တော်၏ သမိုင်းဝင်အဆောက်အအုံများကဏ္ဍတွင် ပထမ ဌေးဝင်း(ရမ္မာဝတီ)၊ ဒုတိယဦးထွန်းဝေ၊ တတိယ နေလင်းဇော်(ခ)နေဥက္ကာနှင့် နှစ်သိမ့်ဆုများအဖြစ် ဌေးဝင်း(ရမ္မာဝတီ)၊ အောင်မြင့်ထွေး၊ စောသိန်းဝင်း (မြို့တော်သတင်း)၊ ဦးထွန်းဝေနှင့် ဇော်လှိုင် (ATK) တို့က အသီးသီးဆုများရရှိကြသည်။

ဆုရရှိသူများကို မတ် ၁၉ ရက် နံနက် ၉ နာရီတွင် မြို့တော်ခန်းမ၌ ဆုချီးမြှင့်မည်ဖြစ်သည်။

**(စောသိန်းဝင်း)**



ကြေးမုံစာတည်းရှုထောင့် ၁၈-၃-၂၀၁၄၊ အင်္ဂါနေ့

# စေတနာ့ဝန်ထမ်း ပရဟိတလုပ်ငန်း

မျက်မှောက်ကာလ လူမှုဘဝများတွင် စိန်ခေါ်မှုများစွာနှင့် အခက်အခဲ အကျပ်အတည်းများ လူတိုင်းကိုယ်စီ အနည်းနှင့်အများ ရှိပေလိမ့်မည်။ ထိုအခါ စိတ်ပိုင်းဆိုင်ရာထိခိုက်တတ်ပြီး ရုပ်ပိုင်းဆိုင်ရာကိုပါ ရိုက်ခတ်လာတတ်ပေသည်။ ထိုအခြေအနေကို အကောင်းဆုံးကျော်လွှားနိုင်ရန်အတွက် စေတနာ့ဝန်ထမ်း ပရဟိတလုပ်ငန်းများတွင် အားတက်သရောပါဝင်ဆောင်ရွက်ခြင်းဖြင့် ကုစားနိုင်သည်ဟု အကြံပြုတိုက်တွန်းချက်တစ်ခုကို မှတ်သားဖူးသည်။

အများအကျိုးအတွက် စေတနာ့ဝန်ထမ်းဆောင်ရွက်သူများသည် စိတ်ဓာတ်ကျဆင်းမှုလျော့ပါးခြင်း၊ ဘဝကို ကျေနပ်စွာဖြင့်နေတတ်ခြင်း၊ ကျန်းမာပျော်ရွှင်အသက်ရှည်စွာနေထိုင်နိုင်ခြင်း၊ ဘဝအရည်အသွေးများ တိုးတက်ကောင်းမွန်လာခြင်း၊ စိတ်ဖိစီးမှုလျော့ပါးခြင်း စသည့်ကောင်းကျိုးများကို ရစေနိုင်သည်ဟု သုတေသနမှတ်တမ်းများတွင် ဆိုထားပါသည်။

မြန်မာတို့အလိုအရမူ လောကကောင်းကျိုး၊ လူအများကောင်းကျိုးအတွက် ပရဟိတလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ကြသူများသည် မင်္ဂလာတရားတော်နှင့်ပြည့်စုံစေသည့်အပြင် လောကပါလတရားများနှင့်လည်း အကျုံးဝင်စေပြီး ကိုယ်စိတ်နှစ်ပါးကျန်းမာကာ ယခုဘဝကောင်းကျိုး၊ နောင်သံသရာကောင်းကျိုးများကိုပါ ရရှိစေနိုင်သည်ဟု ဆိုထားပါသည်။

**ပတိရူပ ဒေသဝါသောစ** - သင့်တင့်လျောက်ပတ်သော အရပ်၌နေထိုင်ခြင်း၊ **အတ္တသမ္မာပဏိဓိစ** - မိမိစိတ်ကို ကောင်းစွာထိန်းသိမ်းခြင်း၊ **ဝိနယောစ သုသိက္ခိတော** - ကျင့်ဝတ်စည်းကမ်းများကို သင်ယူလိုက်နာခြင်း၊ **အနဝဇ္ဇာနိ ကမ္မာနိ** - အပြစ်ကင်းသောအလုပ်၊ အများအကျိုးပြုသော အလုပ်တို့ကို လုပ်ဆောင်ခြင်း၊ **ဂါရဝေါစ** - လေးလေးစားစား အမြတ်တနိုးပြုမူဆောင်ရွက်ခြင်း၊ **နိဝါတောစ** - မာန်မာန မရှိခြင်း၊ **တပေါစ** - အကုသိုလ်စိတ်မဝင်အောင် ခြိုးခြံထက်သန်စွာ ကျင့်ရခြင်း စသည့် မင်္ဂလာတရားများနှင့် ပြည့်စုံစေပါသည်။

ကမ္ဘာပေါ်ရှိ စေတနာ့ဝန်ထမ်းဆောင်ရွက်နိုင်မှုများကို နိုင်ငံလူဦးရေအလိုက်ပြန်ကြည့်လျှင် ဥရောပတွင် ၂၂ ရာခိုင်နှုန်းကျော်၊ ဩစတြေးလျတွင် ၃၆ ရာခိုင်နှုန်းနှင့် အမေရိကန်တွင် ၂၇ ရာခိုင်နှုန်းရှိရာ အာရှတွင် မြန်မာနိုင်ငံအနေဖြင့် ထိုထက်မက ရာခိုင်နှုန်းများစွာရှိပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် မြန်မာတို့သည် မူလကတည်းက လူမှုရေးအသိစိတ်ဓာတ်ရှိခြင်း၊ ဘာသာတရား၏အဆုံးအမအရ မေတ္တာတရား၊ ကရုဏာတရားများ ထွန်းကားခြင်းတို့ကြောင့် အခြားလူမျိုးများထက် သာလွန်ပေသည်။

မြန်မာနိုင်ငံ၌ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကာလမှစတင်၍ လူမှုကူညီရေးအသိစိတ်ဓာတ်များ ပိုမိုနိုးကြားထက်သန်လာသည်ဟု ဆိုနိုင်ပေသည်။ မည်သည့်စိတ်ထားနှင့်မဆို လူမှုကူညီရေး ပရဟိတလုပ်ငန်းများကို လုပ်ဆောင်ရာမှ အများအကျိုး ဆောင်ရွက်ခြင်း၏အကျိုးရလဒ်များကို သိရှိလာကြသဖြင့် မှန်ကန်သော စေတနာများဖြင့် လူမှုကူညီရေးဆောင်ရွက်မှုလုပ်ငန်းများကို တစ်ဦးချင်းဖြစ်စေ၊ အသင်းအဖွဲ့လိုက်ဖြစ်စေ ပိုမိုလုပ်ကိုင်လာကြသည်ကို မြင်တွေ့နေရပါသည်။

ပြည်သူကိုဗဟိုပြုသည့် အများအကျိုးကိုဆောင်ရွက်ပေးနေသော ကာလ၌ အများအတွက် အလုပ်ကိုပိုမိုလုပ်ကိုင်ပေးခြင်းသည် ကိုယ်စိတ်နှစ်ပါးကို ထိခိုက်စေသည်ဟု လူအများကနားလည်ကြခြင်းမှာ ထိုပရဟိတစိတ်ကို အခြေမခံသောကြောင့် ဖြစ်ပေမည်။ ထို့ကြောင့် အများအတွက် အလုပ်လုပ်ခြင်းသည် ပရဟိတအလုပ်ကိုလုပ်ခြင်းမည်သည်ဟု ခံယူထားကြပြီး မင်္ဂလာတရားတော်နှင့်လည်း ညီပါပေသည်ဟု စွဲမှတ်ထားကြလျှင် ပိုမိုလုပ်ချင်ကိုင်ချင်ဖွယ်ဖြစ်သော လုပ်ငန်းဆောင်တာများ ဖြစ်လာပေလိမ့်မည်။

ပရဟိတအလုပ်ဆိုသည်မှာ အပြောလွယ်သလောက် အလုပ်ခက်သော အလုပ်ဖြစ်ပါသည်။ မိမိရသည့်ဝင်ငွေဖြင့် ရောင့်ရဲကာ အများအကျိုးကို စေတနာထား၍ ဆောင်ရွက်ပေးရခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးပြောင်းလဲမှုဖြစ်စဉ်များတွင် လူမှုအဖွဲ့အစည်းများ အနေဖြင့် ပြည်သူလူထုအကျိုးကို ဖော်ဆောင်နေသော စေတနာ့ဝန်ထမ်း ပရဟိတလုပ်ငန်းများဖြစ်သည်ဟု စွဲမြဲစွာခံယူကျင့်သုံးကာ အားတက်သရော လုပ်ကိုင်ဆောင်ရွက်ကြဖို့ဖြစ်ပါသည်။

သို့မှသာ မြန်မာတို့၏အစဉ်အလာအရ လူမှုကျင့်ဝတ်နှင့် မင်္ဂလာတရားများပါ ပြည့်စုံလာမည့်အပြင် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ကျန်းမာခြင်းများကို ရရှိစေနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မိမိဝင်ငွေဖြင့် ပရဟိတလုပ်ငန်းများကို ဆောင်ရွက်သူများသည် မွန်မြတ်သော သားကောင်းများဖြစ်သလို ပြည်သူလူထုအကျိုးအတွက် မွန်မြတ်သောစေတနာဖြင့် ဆောင်ရွက်ကြသူများသည်လည်း ပရဟိတလုပ်ငန်းများကို ဆောင်ရွက်ပေးနေသူများဖြစ်၍ မိမိအကျိုး၊ အများအကျိုးအတွက် စေတနာရှေ့ထား ဆက်လက်ဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းအပ်ပါသည်။ ။

## ရွှေစာရံစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် စည်ကားစွာ ကျင်းပ

**ပွဲဈေးဆိုင်ခန်းပေါင်း ၁၀၆ ခန်းရှိ ယခင်နှစ်ကထက် စည်ကား**

**သထုံ မတ် ၁၇**

မွန်ပြည်နယ် သထုံမြို့၏ ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၈ ရက်မှ လပြည့်ကျော် ၁ ရက်အထိ စည်ကားစွာ ကျင်းပကြောင်း သိရသည်။

တပေါင်းလပြည့်နေ့ (မတ် ၁၅ ရက်) နံနက် ၅ နာရီတွင် စေတီတော်မြတ်ကြီးအား ဗုဒ္ဓဘိသေက အနေကဇာ တင်ပြီး သံဃာတော် ၁၀၈ ပါးတို့အား (၂၂)ကြိမ်မြောက် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုများကို မြို့သူမြို့သားများက ဆပ်ကပ်လောင်းလှူကြသည်။

"ဘုရားပွဲတော်မှာ ပွဲဈေးဆိုင်ခန်း စုစုပေါင်း ၁၀၆ ခန်း ရှိပါတယ်။ ပွဲတော်ရာသီမှာ နှစ်စဉ်လာရောက်ရောင်းချနေသူတွေဆိုတော့ ဈေးနှုန်းကို ယခင်နှစ်အတိုင်းပဲ သတ်မှတ်ပေးထားပါတယ်။ မသန်စွမ်းရန်ပုံငွေအတွက် စွမ်းဇာနည်ဇာတ်သဘင်အဖွဲ့က လဆန်း ၁၃ ရက်ကစပြီး လေးညတိုင်တိုင် လာရောက်ဖျော်ဖြေတော့ ယခင်နှစ်များကထက်ပိုပြီး စည်ကားပါတယ်"ဟု ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ဦးက ပြောကြားသည်။

အဆိုပါဘုရားပွဲတော်ကို မြန်မာ့ရိုးရာ ရုပ်သေးအမြင့်သဘင်၊ လက်ဝှေ့ပွဲ၊ ဇာတ်သဘင်၊ ကလေးကစားစရာများ၊ ဈေးဆိုင်တန်းများဖြင့် စည်ကားစွာကျင်းပကြောင်း သိရသည်။

**သက်ဦး(သထုံ)**



## သန်းခေါင်စာရင်းကောက်ယူရေး စာရင်းစစ်/စာရင်းကောက်သင်တန်းဖွင့်

**သနပ်ပင် မတ် ၁၇**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့တွင် သန်းခေါင်စာရင်းကောက်ယူရေး စာရင်းစစ်/စာရင်းကောက်သင်တန်းဖွင့်ပွဲကို မတ် ၁၇ ရက် နံနက် ၈ နာရီခွဲတွင် သနပ်ပင်မြို့ ပွင့်ဦး(၂)ခန်းမ၌ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက အဖွင့်အမှာစကားပြောကြား၍ သင်တန်းဖွင့်လှစ်ပေးသည်။ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ စုစုပေါင်း ၃၅၀ ခန့်တက်ရောက်ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **ဌေးနိုင်(ပဲခူး)**



## လားရှိုးမြို့၌ ဓမ္မစကူးလ် ဖွင့်လှစ်သင်ကြား

**လားရှိုး မတ် ၁၇**

လားရှိုးမြို့ မန်ဆူဘုရားကြီးကျောင်းတွင် ဗုဒ္ဓအဆုံးအမနှင့် ယဉ်ကျေးမှုများကို တန်ဖိုးထားမြတ်နိုးကာ မျိုးဆက်သစ်လူငယ်များ အမျိုး၊ ဘာသာ၊ သာသနာကို ဓမ္မဝိနယနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်ရည်ရွယ်၍ အပြန်အလှန်စာနာမှု၊ မျှတမှု၊ ညီညွတ်မှု၊ စည်းလုံးမှုတို့ကိုဖော်ဆောင်နိုင်ရန်အတွက် ဇန်နဝါရီ ၅ ရက်မှစတင်၍ အပတ်စဉ်နှစ်တိုင်း တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ဓမ္မစကူးလ်ဖွင့်လှစ် သင်ကြားပို့ချလျက်ရှိရာ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၀ ကျော် တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၁၇**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၈၉၅၀၀ | - | ၆၉၀၅၀၀ |
| မန္တလေး | ရွှေဈေး | ၆၈၉၀၀၀ | - | ၆၉၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၃၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၆၈. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၄၆. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၅၇. ၃၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၂၉. ၉၈၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၄. ၈၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၅. ၈၁၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၅၄. ၅၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၀. ၂၇၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၇၃. ၂၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၆၄. ၂၂ |



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၁၇**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E.Mr. Hagay Moshe Behar အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မျိုးသန့်မျိုးပွားစိုက်ခင်းများကို ကျယ်ပြန့်စွာထူထောင်ပြီး တစ်ဆက်တစ်စပ်တည်း ကေရာဂဏန်းရှိ စိုက်ကွင်းကြီးများအဖြစ် တိုးချဲ့စိုက်ပျိုးအကောင်အထည်ဖော်

**နေပြည်တော် မတ် ၁၇**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ပျဉ်းမနား-ရန်ကုန် လမ်းမအနီး ဂျပန်၊ တောင်ကိုရီးယားနိုင်ငံနှင့် စင်ကာပူဈေးကွက်များသို့ တင်ပို့ရောင်းချမည့် ဂျပန်နှင့် တောင်ကိုရီးယား မူရင်းမျိုး ပိန်းဥမျိုးသန့်မျိုးပွား တစ်ဆက်တစ်စပ်တည်း စိုက်ခင်းကြီးများ၊ ကန်စွန်းမျိုးသန့်မျိုးပွား စိုက်ခင်းကြီးများ၊ မြေပဲမျိုးကောင်း မျိုးသန့် မျိုးပွား တစ်ဆက်တစ်စပ်တည်းစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး နိုင်ငံခြားဈေးကွက်၏ လိုအပ်ချက်အရ အရည်အသွေး စံချိန်စံညွှန်းနှင့် ဈေးကွက်မှ မှာကြားသောတန်ချိန် ပမာဏကို အပြည့်အဝတင်ပို့ရောင်းချနိုင်ရေးအတွက် မျိုးသန့်မျိုးပွားစိုက်ခင်းများကို ကျယ်ပြန့်စွာထူထောင်ပြီး



တစ်ဆက်တစ်စပ်တည်း ဧက ရာဂဏန်းရှိ စိုက်ကွင်းကြီးများအဖြစ် တိုးချဲ့စိုက်ပျိုး အကောင်အထည်ဖော်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဂျပန်နိုင်ငံမှ ပထမအသုတ် ရောက်ရှိလာသည့် လယ်ယာသုံး မြင်းကောင်ရေ (၄၅) ကောင်ရှိ ရှီဘိုရာ (SHIBAURA) ထွန်စက်များ၊ မြင်းကောင်ရေ(၄၇) ကောင်အားရှိ ကူဘိုတာ (KUBOTA) ထွန်စက်များ၊ မြင်းကောင်ရေ(၇၀) ကောင်အားရှိ ကူဘိုတာ (KUBOTA) ရိတ်သိမ်းခြွေလှေ့စက်များကို ကြည့်ရှုစစ်ဆေးသည်။**(ဝဲပုံ)**

ယင်းနောက် ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားဈေးကွက်သို့ တင်ပို့မည့် မြန်မာ့လယ်ယာထွက်ကုန် သီးနှံများ အဆင့်မြှင့်တင်ထုပ်ပိုး၊ တင်ပို့ရောင်းချနိုင်ရေးအတွက် အကြမ်းထည် ၉၀ ရာခိုင်နှုန်း တည်ဆောက် ပြီးစီးနေပြီဖြစ်သော အအေးခန်းနှင့် အခြောက်ခံစက်များ၊ သစ်သီးဝလံများ အဆင့်မြှင့်တင်ထုပ်ပိုးစက်များ ထားရှိမည့် အဆောက်အအုံ တည်ဆောက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာ တစ်ဆက်တစ်စပ်တည်း ဧက ၄၄၀ စိုက်ကွင်းသို့ ရောက်ရှိပြီး နွေစပါးဧက ၄၄၀ တစ်ဆက်တစ်စပ်တည်းအား ရာခိုင်နှုန်းပြည့် ၉၉ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးမှုနှင့် ထွန်တုံးပိတ်ရန်အသင့်ဖြစ်နေမှုများကို ကြည့်ရှုစစ်ဆေး၍ စိုက်ကွင်းအနီး ရှင်းလင်းဆောင်တွင် တောင်သူလယ်သမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် ဂုံမင်းအင်းကျေးရွာ တစ်ဆက်တစ်စပ်တည်း ၁၄၆ ဧကအား ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency) (JICA) အထောက်အပံ့အကူအညီဖြင့် ပုံစံမဲ့လယ်ကွက်ငယ်များကို စက်မှုလယ်ယာစနစ်ဧကွက်များအဖြစ်သို့ ကုန်ထုတ်လမ်းများ၊ ရေသွင်းရေထုတ်မြောင်းများ၊ အခိုင်အမာကွန်ကရစ်တံတားများ တည်ဆောက်နေမှုလုပ်ငန်းခွင်နှင့် ငလိုက်ဆည်ရေသောက် မြောင်းမကြီး၊ ရေသွယ်မြောင်းတစ်လျှောက် စက်ယန္တရားကြီးများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို လည်းကောင်း၊ ဂျပန်နိုင်ငံဈေးကွက်သို့ တင်ပို့မည့် အရည်အသွေးကောင်း ကိုချီဟီကာရီ (Kochihikari) စပါးမျိုးများအား သိပ္ပံနည်းကျစိုက်ပျိုးဆောင်ရွက်ထားရှိမှုကို လည်းကောင်း စစ်ဆေးကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ထုတ်လုပ်ရောင်းချမှုထူးချွန်အသေးစားလုပ်ငန်းရှင်ဆုအတွက် မြစ်ကြီးနားမြို့ရှိ စက်ရုံများအား ဒုတိယဝန်ကြီး ဦးသိန်းအောင် စစ်ဆေးဆောင်ရွက်

**နေပြည်တော် မတ် ၁၇**

စီးပွားရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသိန်းအောင်သည် ကချင်ပြည်နယ်ရှိ စီးပွားရေးဆိုင်ရာ ဆုတစ်ဆုဖြစ်သည့် ထုတ်လုပ်ရောင်းချမှု ထူးချွန်အသေးစားလုပ်ငန်းရှင်ဆုအတွက် ကချင်ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာခင်မောင်ထွန်း၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းမောင်ရွှေတို့နှင့်အတူ မတ် ၁၅ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက်ရှိ Real Jate သောက်ရေသန့်နှင့် Jate City သောက်ရေသန့် စက်ရုံတို့အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်ရှိ ရောဝတီစိမ်းသောက်ရေသန့်စက်ရုံကို လည်းကောင်း၊ မြစ်ကြီးနားမြို့ ခေမာသီရပ်ကွက်ရှိ Lucky မုန့်တိုက်စက်ရုံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ ရောဝတီတိုင်းဒေသကြီး၌ ဆွေးနွေးပွဲကျင်းပ

**ပုသိမ် မတ် ၁၇**

အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးဆိုင်ရာ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ) ဒေါ်ဝင်းမော်ထွန်း ဦးဆောင်သောအဖွဲ့သည် အနည်းဆုံး အခကြေးငွေ သတ်မှတ်ခြင်းနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲအား ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ရောရွှေဝါ ခန်းမ၌ မတ် ၁၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ဆွေးနွေးပွဲသို့ ရောဝတီတိုင်းဒေသကြီး အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာကော်မတီဝင်များ၊ တိုင်းဒေသကြီးရှိ အစိုးရဌာနအသီးသီးမှ ဌာနဆိုင်ရာအရာရှိများ၊ အလုပ်ရှင်နှင့်အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးလုပ်ငန်းစဉ်အား အဆင့်(၅)ဆင့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပထမအဆင့်အနေဖြင့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ ကော်မတီများဖွဲ့စည်းပြီး ဒုတိယအဆင့်အနေဖြင့် အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရန်ဆွေးနွေးပွဲများ၊ အစည်းအဝေးများကျင်းပပြီး မေးခွန်းလွှာများ ဖြန့်ဝေ၍ စစ်တမ်းကောက်ယူခြင်း၊ တတိယအဆင့်အနေဖြင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများမှ တင်ပြလာသော သုံးသပ်အကြံပြုချက်များ ပြန်လည်စုစည်းခြင်း၊ စတုတ္ထအဆင့်တွင်အဆိုပြုအနည်းဆုံးအခကြေးငွေကို ရက်ပေါင်း (၆၀)ကြိုတင် ထုတ်ပြန်မည်ဖြစ်ကြောင်း၊ အဆိုပြုအနည်းဆုံး အခကြေးငွေ ထုတ်ပြန်ချိန်တွင် ကန့်ကွက်ချက်ရှိပါက ထပ်မံညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပဉ္စမအဆင့်တွင် အမျိုးသားကော်မတီမှ အတည်ပြုအနည်းဆုံး အခကြေးငွေနှုန်းထားကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးထား ထုတ်ပြန်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ တွဲဖက်အတွင်းရေးမှူး၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အလုပ်ရှင်များနှင့် အလုပ်သမားကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက သိရှိလိုသည်များနှင့် မိမိတို့ဒေသအလိုက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆွေးနွေးမေးမြန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**









# လစ်ဗျား ရေနံတင်ဆောင်လာသည့် "မောနင်းဂလိုရီ" ရေနံတင်သင်္ဘောကို အမေရိကန်ရေတပ် ထိန်းချုပ်လိုက်ပြီဟုဆို

ဝါရှင်တန် မတ် ၁၇

လစ်ဗျားနိုင်ငံ သူပုန်တို့သိမ်းပိုက်ထားသည့် ဆိပ်ကမ်းမှ ရေနံများအပြည့်တင်ဆောင်လာသည့် ရေနံတင်သင်္ဘောကို အမေရိကန်တို့က ထိန်းချုပ်ထားလိုက်ပြီဖြစ်ကြောင်း ပင်တဂွန်က ယနေ့ကြေညာသည်။

ဆိုက်ပရပ်နိုင်ငံ၏တောင်ဘက် နိုင်ငံတကာရေပိုင်နက်တွင် အမေရိကန်ရေတပ်ဖွဲ့ "ဆီးလ်"က တက်ရောက်စီးနင်းခဲ့ခြင်းဖြစ်သည်ဟု ဗိုလ်ချုပ်ကြီးဂျွန်ကိယာဆီက ပြောကြားသည်။

လစ်ဗျားနိုင်ငံအရှေ့ပိုင်း ဆီဒရာဆိပ်ကမ်း၌ ရေတပ်ဖွဲ့၏ ပိတ်ဆို့ထားခြင်းကို "မောနင်းဂလိုရီ" ရေနံတင်သင်္ဘောက ဖောက်ထွက်သွားခဲ့သည့်အတွက် ဝန်ကြီးချုပ်အလီဇိုင်ဒန်ကို လစ်ဗျားပါလီမန်က လွှန်ခဲ့သည့် သီတင်းပတ်တွင် ရာထူးမှဖယ်ရှားခဲ့သည်။

လစ်ဗျားနိုင်ငံအရှေ့ပိုင်းကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရယူလိုကြသော ပြည်သူ့စစ်များက အဆိုပါဆိပ်ကမ်းကို ၂၀၁၃ ခုနှစ် ဇူလိုင်လကတည်းက ထိန်းချုပ်ထားခဲ့ကြသည်။

ဤသည်မှာ သူပုန်တို့သိမ်းထားသည့်နယ်မြေမှ ပထမဆုံးအကြိမ်အဖြစ် ရေနံတင်ပို့ရောင်းချရန် ကြိုးစားခြင်းဖြစ်သည်။ ၎င်းရေနံတင်သင်္ဘောမှာ မည်သည့်နိုင်ငံသို့ ဦးတည်သည်ဆိုသည်ကိုမူ ရှင်းလင်းစွာမသိရပေ။

ယင်းသင်္ဘောသည် မြောက်ကိုရီးယားနိုင်ငံအလံလွှင့်ထူထားသည်။ သို့သော် ဤဖြစ်ရပ်ကြောင့် ၎င်းကိုမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း ပြုံယမ်းက ကြေညာခဲ့သည်။

အီဂျစ်ကုမ္ပဏီတစ်ခုက ၎င်းကိုစီမံခန့်ခွဲနေသည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။ **ဘီဘီစီ။**



လစ်ဗျားဆိပ်ကမ်းမှ ရေနံတင်ဆောင်လာသည့် သင်္ဘောပေါ်သို့ အမေရိကန်ရေတပ် ကွန်မန်ဒိုတပ်ဖွဲ့ဝင်များ တက်ရောက်ရန် ကြိုးပမ်းစဉ်။

# အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပရန် နောက်ဆုံးသတ်မှတ်ရက် နီးကပ်လာ

ဝါရှင်တန် မတ် ၁၇

အစ္စရေးနိုင်ငံနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်ရန် နောက်ဆုံးသတ်မှတ်ရက် နီးကပ်လာနေချိန်တွင် အမေရိကန် သမ္မတဘာရက်အိုဘားမားနှင့် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ သမ္မတမာမွတ်အဘတ်စ်တို့ တွေ့ဆုံဆွေးနွေးပွဲတစ်ရပ် ပြုလုပ်မည်ဖြစ်ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မတ် ၁၆ရက်က ဝါရှင်တန်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် အဘတ်စ်တို့ တွေ့ဆုံခဲ့ကြသည်။ ဧပြီ ၂၉ရက်ထက်နောက်မကျဘဲ အစ္စရေးနှင့် ပါလက်စတိုင်းခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးနိုင်ခြင်း မရှိသည့်တိုင် တွေ့ဆုံဆွေးနွေးရန် မူအရ သဘောတူသင့်ကြောင်း ဂျွန်ကယ်ရီက တိုက်တွန်းခဲ့သည်။

ပါလက်စတိုင်းနှင့် အစ္စရေး နှစ်ဖက်စလုံးအနေဖြင့် ယင်းငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် အခြေခံမူဘောင် ချမှတ်နိုင်မည်ဆိုပါက ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပရန် နောက်ဆုံးသတ်မှတ်ရက်ကို ကျော်လွန်သည့်တိုင် တွေ့ဆုံဆွေးနွေးနိုင်မည်ဟု ကယ်ရီက ပြောကြားသည်။

သို့ရာတွင် ယင်းငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့်ပတ်သက်၍ ပါလက်စတိုင်းတာဝန်ရှိသူများက မျှော်လင့်ချက် မှေးမှိန်လျက်ရှိသည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ရာဟုအား အမေရိကန်သမ္မတ ဘာရက်အိုဘားမားက လွန်ခဲ့သည့် ရက်သတ္တပတ်နှစ်ပတ်က ပြောကြားရာ၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဖြစ်မြောက်ရေးအတွက် နှစ်ဖက်စလုံးအနေဖြင့် အလျှော့အတင်းများ ပြုလုပ်သွားရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။ **ဘီဘီစီ။**

# ကမ္ဘောဒီးယား နိုင်ငံရေးလောကအတွင်းသို့ မင်းသားရာနာရစ် ပြန်လာတော့မည်

ဖနောင်ပင် မတ် ၁၇

ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံရေးလောကအတွင်းသို့ မိမိပြန်လည်ဝင်ရောက်လာတော့မည်ဖြစ်ကြောင်း မင်းသားနိုရိုဒွမ်ရာနာရစ်က မတ် ၁၆ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ကွယ်လွန်ခဲ့ပြီးဖြစ်သော ဘုရင်နိုရိုဒွမ်သီဟာနု၏ သားဖြစ်သူ မင်းသားရာနာရစ်သည် ဝန်ကြီးချုပ်ဟွန်ဆန်နှင့် မဟာမိတ်ဖွဲ့နိုင်သည်ဆိုသော ထင်ကြေးပေးပြောဆိုမှုများကို ငြင်းဆိုခဲ့သည်။

မင်းသားရာနာရစ်သည် တော်ဝင်မိသားစု၏ထင်ပေါ်ကျော်ကြား ရေပန်းစားမှုအပေါ်မှ နိုင်ငံရေးအကျိုးအမြတ်ရရှိနိုင်ကြောင်း နိုင်ငံရေးလေ့လာသူများက ပြောကြားကြသည်။

မင်းသားရာနာရစ်သည် ဘုရင့်ဝါဒီပြည်သူ့အသိုက်အဝန်းပါတီအမည်ရှိ နိုင်ငံရေးပါတီသစ်ကို ဖွဲ့စည်းထားပြီး လာမည့်ရက်သတ္တပတ်တွင် ပြည်ထဲရေးဝန်ကြီးဌာန၌ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်မည်ဖြစ်သည်။

အမျိုးသားရေးပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် ပါလီမန်တွင် မိမိပါတီ၏အသံရှိလာမည်ဟု မျှော်လင့်ကြောင်း ဖနောင်ပင်မြို့တော်၌ ကျင်းပသော လူထုစည်းဝေးပွဲတွင် မင်းသားရာနာရစ်က ပြောကြားသည်။ **ပီတီအိုင်။**

နိုင်ငံရေးပါတီသစ် ထူထောင်တော့မည့် မင်းသားရာနာရစ် မီဒီယာနှင့် တွေ့ဆုံစဉ်။





# ချူအကြမ်းဖက်မှုထိန်းချုပ်ရေး ဆွေးနွေးပွဲကျင်းပနိုင်ရန် ဂျပန်အစိုးရစီစဉ်

တိုကျို မတ် ၁၇

ချူကလီးယားဆိုင်ရာ အကြမ်းဖက်တိုက်ခိုက်မှုအား ထိန်းချုပ်နိုင်ရန် အမေရိကန်ပြည်ထောင်စု၊ တရုတ်၊ တောင်ကိုရီးယားနိုင်ငံတို့နှင့်အတူ လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲတစ်ရပ်ကို ပထမဆုံးအကြိမ် ကျင်းပနိုင်ရေးအတွက် ဂျပန်နိုင်ငံက စီစဉ်လျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါဆွေးနွေးပွဲကို အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့၌ ကျင်းပမည်ဟု မျှော်လင့်ရသည်။

ချူကလီးယားဆိုင်ရာ အကြမ်းဖက်တိုက်ခိုက်မှုပြဿနာသည် ကမ္ဘာ့နိုင်ငံများအားလုံး မျှဝေခံစားနေရသော ပြဿနာတစ်ရပ်ဖြစ်ပြီး အဆိုပါဆွေးနွေးပွဲကို ကျင်းပနိုင်ခြင်းဖြင့် ဂျပန်နိုင်ငံအနေဖြင့် တရုတ်နှင့်တောင်ကိုရီးယားနိုင်ငံတို့နှင့် ဆက်ဆံရေး ပြန်လည်တိုးတက်လာစေရန် အထောက်အပံ့ရရှိနိုင်မည်ဟု ဂျပန်အစိုးရက ယူဆကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂျပန်နိုင်ငံသည် ချူကလီးယားလက်နက်ထုတ်လုပ်ခြင်းနှင့် ချူကလီးယားအကြမ်းဖက်မှု ပြုလုပ်ခြင်းတို့ကို ထိန်းချုပ်နိုင်ရေးအတွက် ဒေသဆိုင်ရာနိုင်ငံများနှင့် ပူပေါင်းဆောင်ရွက်ရန် မူဝါဒချမှတ်ထားကြောင်း ဂျပန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **ကျိုဒို။**



ဘန်ဂလိုမြို့ရှိ တိုယိုတာမော်တော်ကား ထုတ်လုပ်ရေးစက်ရုံကို တွေ့ရစဉ်။

# လစာအငြင်းပွားမှုကြောင့် တိုယိုတာက အိန္ဒိယရှိ စက်ရုံနှစ်ရုံ၌ ထုတ်လုပ်မှုရပ်ဆိုင်း

နယူးဒေလီ မတ် ၁၇

ကမ္ဘာ့ကားထုတ်လုပ်သည့် အကြီးမားဆုံးကုမ္ပဏီဖြစ်သော တိုယိုတာက အလုပ်သမား၏လုပ်ခလစာ အငြင်းပွားမှုကြောင့် အိန္ဒိယနိုင်ငံရှိ ၎င်း၏စက်ရုံနှစ်ရုံတွင် ထုတ်လုပ်မှုများ ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း တနင်္လာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

တိုယိုတာက ကြေညာချက်တစ်ရပ်ထုတ်ပြန်ရာတွင် အလုပ်သမားများနှင့် စီမံခန့်ခွဲရေးဝန်ထမ်းများ၏ အန္တရာယ်ကို ကာကွယ်သောအားဖြင့် စက်ရုံအဆောက်အအုံများကို သော့ခတ်လိုက်ခြင်းမှတစ်ပါး အခြားရွေးချယ်ရန် နည်းလမ်းများ မရှိတော့ကြောင်း ဖော်ပြထားသည်။

ဘန်ဂလိုမြို့ပြင်၌တည်ရှိသော စက်ရုံနှစ်ရုံမှ တစ်ရက်လျှင် ကားစီးရေ ၇၀၀ခန့်ထွက်ရှိသည်။ စက်ရုံများကို ပိတ်လိုက်ခြင်းသည် အလုပ်သမား ၆၄၀၀ အပေါ် အကျိုးသက်ရောက်မည်ဖြစ်သည်။ လွန်ခဲ့သည့် ၂၅ ရက်အတွင်း အချို့သောဌာနများမှ အလုပ်သမားများသည် ထုတ်လုပ်မှုရပ်ဆိုင်းသွားစေရန် ရည်ရွယ်၍ အုပ်ချုပ်သူများကို မတော်မတရားပြုမူခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် လုပ်ငန်းနှောင့်ယှက်ခြင်းများ လုပ်ဆောင်ခဲ့ကြသည်ဟု တိုယိုတာက ပြောသည်။ အလုပ်သမားများ လုပ်ခလစာတိုးပေးရန် ဆွေးနွေး ညှိနှိုင်းခဲ့သည်မှာ ၁၀လမျှကြာမြင့်ခဲ့သည်ဟု ဆိုသည်။

အိန္ဒိယနိုင်ငံ၌ တိုယိုတာကားများ၏ရောင်းအားသည် ယမန်နှစ်တစ်နှစ်လုံး စုစုပေါင်းရောင်းချရသည့် အရေအတွက်၏ ၁ ဒသမ ၆ရာခိုင်နှုန်းရှိသည်။

တိုယိုတာက ၂၀ နှစ်အတွင်း ၎င်း၏ဂျပန်လူမျိုးအလုပ်သမားများကို အများဆုံးအဖြစ် လစာတိုးပေးကြောင်း ကြေညာပြီးနောက် ထုတ်လုပ်မှုများ ရပ်ဆိုင်းသွားခြင်းဖြစ်သည်။ **ဘီဘီစီ။**

# မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဘဏ်လုပ်ငန်းများ BTMU နှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး



**နေပြည်တော်　မတ်　၁၇**

ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သောင်းနှင့် အဖွဲ့အား The Banking of Tokyo-Mitsubishi UFJ,LTD မှ Mr.Muneo Kurauchi, Senior Managing Executive Officer, BTMU Tokyo နှင့်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ကော်မတီဆောင် (I-1)၌ လာရောက်တွေ့ဆုံသည်။ **(ဓာတ်ပုံ)**

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဘဏ်လုပ်ငန်းများတွင် BTMU အနေဖြင့် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်ရမည်ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

(၁၄-၃-၂၀၁၄ ရက်နေ့မှအဆက်)

# ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း မေးခွန်းပုံစံဖြည့်စွက်ခြင်း

**မေးခွန်း (၈)မှ (၂၄)အထိ**

၈။ **မေးခွန်းနံပါတ် (၈)**မှာ လူမျိုးကို မေးသည့်မေးခွန်းဖြစ်ပါသည်။ ဖြေဆိုသူပြောသည့် လူမျိုးကိုရေးသွင်းမည်ဖြစ်ပါသည်။ ဥပမာ-ဖြေဆိုသူက ဗမာ၊ ကချင်၊ ကရင်၊ မွန်၊ ရခိုင်၊ ချင်း၊ ကယား၊ ရှမ်းစသည်ဖြင့် ပြောသည့်အတိုင်း မှတ်တမ်းတင်မည်ဖြစ်ပါသည်။ ၎င်းလူမျိုးများတွင် ပါဝင်သည့် လူမျိုးစုကို ပြောလျှင်လည်း ဖြေဆိုသူတွင် ကိုယ်ပိုင်ရွေးချယ်ပိုင်ခွင့်ရှိသည်ဖြစ်၍ ပြောသည့်အတိုင်း ရေးသွင်းပေးမည်ဖြစ်သည်။ လူမျိုးစုငယ်ကိုပြောတိုင်း မူလလူမျိုးတွင်လည်း အရေအတွက်တိုးသွားပါမည်။ တိုင်းရင်းသားသွေးနှောများအနေဖြင့် ဖြေကြားသူဆန္ဒအတိုင်း လူမျိုးတစ်မျိုးကိုသာဖြေကြားရမည်ဖြစ်ပါသည်။ ဥပမာ-အဖေက မွန်၊ အမေက ကရင်ဖြစ်ပါက သားသမီးသည် အသက် (၁၅) နှစ်ပြည့်ပြီးသူဖြစ်က သူ့ဆန္ဒအတိုင်း ကရင်ဟုလည်းကောင်း (သို့မဟုတ်) မွန်ဟုလည်းကောင်း တစ်မျိုးတည်းသာ ဖြေရမည်ဖြစ်သည်။ အသက် (၁၅) နှစ်အောက်ဖြစ်က နိုင်ငံတကာကျင့်စဉ်အတိုင်း မိဘတစ်ဦးဦးကပြောသည့် လူမျိုးကို ထည့်ပေးမည်ဖြစ်သည်။ မိဘနှစ်ဦးလုံးက မဆုံးဖြတ်နိုင်ပါက ဖခင်၏လူမျိုးကို ဖြည့်သွင်းမည်ဖြစ်ပါသည်။ ဖြေကြားသူ၏လူမျိုးသည် ယခင် သတ်မှတ်ထားသည့် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတွင် မပါပါက ဖြေသည့်လူမျိုးကို ဖြေသည့်အတိုင်း ကွက်လပ်တွင်ရေးသွင်းသွားမည်ဖြစ်ပါသည်။ မူလစာရင်းမှာ မပါ၍ ကုတ်နံပါတ် ကြိုမပေးထားသည်မှလွဲပြီး မည်သည့် ထိခိုက်နစ်နာမှုမှ မရှိပါ။ နောင်လူမျိုးအမည် ပြန်လည်ဆန်းစစ်သည့်အခါတွင် အသစ်ထည့်သည့် လူမျိုးအမည် ပါဝင်လာမည်ဖြစ်ပါသည်။

၉။ **မေးခွန်း(၉)**မှာ မသန်စွမ်းမှုအမျိုးအစားက လေးမျိုးနှင့်ပတ်သက်၍ မေးမြန်းထားခြင်းဖြစ်သည်။ ဥပမာ- အမြင်အာရုံကောင်း၊ မကောင်းမေးမြန်းရာတွင် မျက်မှန်တပ်ထားသော်လည်း မျက်စိအမြင်အာရုံမှာ ကောင်းကောင်းမြင်ရလျှင် **“မခက်ခဲပါ”**၊ မျက်မှန်တပ်ထားလျက်နှင့် ပုံမှန်အမြင်အာရုံမရရှိလျှင် **“အနည်းငယ်ခက်ခဲ”**နှင့် မျက်မှန်တပ်ထားသော်လည်း ဝိုးတဝါးသာမြင်ရပြီး ပုံရိပ်မသဲကွဲလျှင် **“အများကြီးခက်ခဲ”**၊ မွေးရာပါကြောင့်သော်လည်းကောင်း၊ ထိခိုက်ဒဏ်ရာကြောင့်သော်လည်းကောင်း၊ ရောဂါတစ်ခုခုကြောင့် သော်လည်းကောင်း မမြင်ရလျှင် **“လုံးဝမကောင်းပါ”** ဆိုပြီး ထပ်မံ၍ ခွဲခြားဖြေဆိုရန်ဖြစ်ပါသည်။ အလားတူအကြားအာရုံနှင့် ပတ်သက်၍လည်းကောင်း၊ လမ်းလျှောက်ခြင်း၊ အမြင့်တက်ခြင်းနှင့် ပစ္စည်းများကိုင်တွယ်ခြင်းတို့နှင့်ပတ်သက်၍လည်းကောင်း ဖြစ်နေသည့်အခြေအနေကို အမှန်အတိုင်း ဖြေကြားရန်လိုအပ်ပါသည်။ သေးငယ်သည့် ကိုယ်အင်္ဂါအစိတ်အပိုင်းချို့ယွင်းသော်လည်း လှုပ်ရှားဆောင်ရွက်မှုတွင် မထိခိုက်လျှင်သော်လည်းကောင်း၊ ခြေလက်ကျိုး၍ ကျောက်ပတ်တီးစည်းထားသည့် ယာယီမသန်စွမ်းမှုများဖြစ်ခဲ့လျှင်သော်လည်းကောင်း **“မခက်ခဲပါ”**ဟု သတ်မှတ်ပါသည်။ သင်ယူလေ့လာခြင်း၊ မှတ်ဉာဏ်အာရုံစူးစိုက်ခြင်းနှင့်ပတ်သက်၍လည်း အခက်အခဲရှိ၊ မရှိ မေးမြန်းသွားမည် ဖြစ်ပါသည်။ ဤမေးခွန်းများမေးမြန်းခြင်းဖြင့် မြန်မာနိုင်ငံမှာ မသန်စွမ်းသူအရေအတွက်၊ မသန်စွမ်းမှု အမျိုးအစားများကို သိနိုင်သလို အသက်အပိုင်းအခြားအလိုက်၊ နေရာဒေသအလိုက် မသန်စွမ်းများ ပျံ့နှံ့နေမှုတို့ကို ရရှိနိုင်ပါသည်။

၁၀။ **မေးခွန်း(၁၀)**တွင် ကိုင်ဆောင်သည့် လက်မှတ်အမျိုးအစားကို မေးမြန်းထားပါသည်။ ဤမေးခွန်းသည် အသက် (၁၀) နှစ်နှင့် အထက်ရှိသူများနှင့်သာသက်ဆိုင်ပါသည်။ အသက် (၉)နှစ်နှင့် အောက်ရှိသူများကို မေးမြန်းမည်မဟုတ်ပါ။ လက်မှတ်အမျိုးအစား (၇) မျိုးဖြစ်သည်။ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဧည့်နိုင်ငံသား စိစစ်ရေးကတ်ပြား၊ နိုင်ငံသားပြုစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား (၃ခေါက်ချိုး)၊ သာသနာဝင်ကတ်ပြား၊ ယာယီမှတ်ပုံတင်ကတ်ပြား၊ နိုင်ငံခြားသားမှတ်ပုံတင်ကတ်ပြား (FRC)၊ နိုင်ငံခြားသားများအတွက် နိုင်ငံခြားသား နိုင်ငံကူးလက်မှတ် (ပတ်စ်ပို့)နှင့် မည်သည့်လက်မှတ်အမျိုးအစားမှ မကိုင်ဆောင်သူဟု သတ်မှတ်ခွဲခြားမေးမြန်းထားပါသည်။ မိမိကိုင်ဆောင်သည့် လက်မှတ်ကို ဖြေကြားရန်သာဖြစ်ပါသည်။

၁၁။ **မေးခွန်း (၁၁)မှ (၁၈)အထိ**မှာ ပြောင်းရွှေ့သွားလာခြင်းအကြောင်းအရာများကို မေးမြန်းထားခြင်း ဖြစ်ပါသည်။ မွေးဖွားရာဇာတိ၊ နေမြဲအရပ်၊ နေမြဲအရပ်သို့ ပြောင်းလာသည့် အကြောင်းရင်း၊ နောက်ဆုံးနေခဲ့သည့် ဒေသဟူ၍ မေးမြန်းထားပါသည်။ ဒီမေးခွန်းများ မေးမြန်းရခြင်းမှာ နေမြဲအရပ်ရှိ လူဦးရေ၊ ဒေသအသီးသီး၏ အနာဂတ် လူဦးရေတိုးတက်မှု၊ ဝန်ဆောင်မှုနှင့် အခြေခံအဆောက်အအုံ လိုအပ်ချက်ဆိုင်ရာ အစီအစဉ်များရေးဆွဲရာတွင် အထောက်အကူပြုနိုင်ရန်အတွက် မေးမြန်းထားခြင်းဖြစ်ပါသည်။

၁၂။ **မေးခွန်း (၁၉)မှ (၂၁)အထိ**မှာ ပညာရေးအကြောင်းအရာများကို မေးမြန်းသည့် မေးခွန်းများ ဖြစ်ပါသည်။ အသက် (၅)နှစ်နှင့် အထက်ရှိသူတိုင်းကို မေးမြန်းမည်ဖြစ်ပါသည်။ မေးခွန်း (၁၉)တွင်စာတတ်ခြင်း ရှိ၊ မရှိ၊ မေးခွန်း (၂၀)တွင် ကျောင်းနေဆဲ ဟုတ်၊ မဟုတ်၊ မေးခွန်း(၂၁)တွင် အမြင့်ဆုံးတက်ရောက်ပြီးစီးခဲ့သည့် အတန်းဟူ၍ မေးမြန်းထားပါသည်။ ဤမေးခွန်းကို မေးမြန်းခြင်းဖြင့် စာတတ်မြောက်မှုနှုန်းများကို သိနိုင်သလို ပညာရေးဆိုင်ရာ လိုအပ်ချက်များကို စီမံအုပ်ချုပ်မှု ဒေသအလိုက်၊ အသက်အပိုင်းအခြားအလိုက်၊ ကျား/မအလိုက်၊ လူမျိုးနွယ်စုအလိုက် သိရှိနိုင်မည်ဖြစ်ပါသည်။ ပညာရေးအဆင့် ကွာခြားချက်များကို ဆန်းစစ်ရာတွင်လည်းကောင်း၊ ဒေသအလိုက် ကျောင်းလိုအပ်ချက်များ၊ ဆရာ ဆရာမ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင်လည်းကောင်း အထောက်အကူပြုနိုင်ပါသည်။

၁၃။ **မေးခွန်း (၂၂) မှ (၂၄) အထိ**မှာ အလုပ်အကိုင်နှင့် ပတ်သက်သော မေးခွန်းများဖြစ်ပါသည်။ အသက် (၁၀) နှစ်နှင့် အထက်ရှိသူတိုင်းအား လွန်ခဲ့သော (၁၂) လအတွင်း အလုပ်လုပ်ကိုင်ခဲ့ခြင်းရှိ/မရှိ၊ ရှိခဲ့လျှင် လုပ်ကိုင်ခဲ့သည့် အလုပ်အကိုင်၊ လုပ်ငန်းအမျိုးအစားစသည်တို့ကို မေးမြန်းထားပါသည်။ မေးခွန်း (၂၂) တွင် လွန်ခဲ့သော (၁၂) လအတွင်း လုပ်ကိုင်ခဲ့သည့် အဓိက အလုပ်အကိုင်တွင် အစိုးရဝန်ထမ်း၊ အလုပ်သမား (ပုဂ္ဂလိကအဖွဲ့အစည်း)၊ အလုပ်ရှင်၊ ကိုယ်တိုင်လုပ်၊ မိသားစုလုပ်ငန်းတွင် လုပ်ကိုင်သူ၊ အလုပ်ရှာဆဲ၊ အချိန်ပြည့် ကျောင်းတက်သော ကျောင်းသား၊ အိမ်မှုကိစ္စလုပ်၊ အငြိမ်းစား၊ သက်ကြီးရွယ်အို၊ ဖျားနာသူ၊ မသန်စွမ်းသူစသည်ဖြင့် ခွဲခြားဖြေကြားပေးရန် လိုပါသည်။ မေးခွန်း (၂၃) တွင် လွန်ခဲ့သော (၁၂) လအတွင်း လုပ်ကိုင်ခဲ့သည့် အလုပ်အကိုင်ကို မေးမြန်းထားပါသည်။ အလုပ်အကိုင်အမည်ကို အသေးစိတ်ပေါ်လွင်အောင် ဖြေပေးရန် လိုပါသည်။ ဥပမာ-စာရင်းကိုင်၊ အတွင်းရေးမှူး၊ အိမ်မှုကိစ္စလုပ်သူ၊ တံငါသည်၊ လူ့အရင်းအမြစ် မန်နေဂျာစသည်တို့ကို အသေးစိတ်ဖြေကြားရန် လိုအပ်ပါသည်။ အလုပ်တစ်မျိုးထက်ပိုလုပ်ပါက လွန်ခဲ့သော (၁၂) လအတွင်းတွင် မိမိအချိန်အများစုကိုပေး၍ လုပ်သော အဓိကအသက်မွေးဝမ်းကျောင်းအလုပ်ကို ဖြေဆိုရန်ဖြစ်ပါသည်။ မေးခွန်း (၂၄)တွင် “လွန်ခဲ့သော (၁၂) လအတွင်း အဓိကလုပ်ကိုင်ခဲ့သော အဖွဲ့အစည်း/ လုပ်ငန်းကို မေးမြန်းထားပါသည်။ လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်း၊ ဆောက်လုပ်ရေး၊ လျှပ်စစ်ပစ္စည်းတပ်ဆင်ခြင်း၊ ပေါင်မုန့်ဖုတ်ခြင်း၊ ရွက်လှေပြုပြင်ခြင်း၊ ကုမ္ပဏီ၏လုပ်ငန်းများ (သို့မဟုတ်) ဘဏ်လုပ်ငန်း စသည်ဖြင့် မိမိပါဝင်ဆောင်ရွက်နေသည့် လုပ်ငန်းအမျိုးအစားကို ဖြေကြားရန်ဖြစ်ပါသည်။

**(ဆက်လက်ဖော်ပြပါမည်။)**





# အမျိုးသားပညာရေးအတွက် တစ်မျိုးသားလုံးပါဝင်

**အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)**
**ရေးသားပြုစုသည်**

မြန်မာနိုင်ငံ၏ ပညာရေးမြှင့်တင်ရေးအတွက် နိုင်ငံတော်အကြီးအကဲများက ဘက်ပေါင်းစုံမှ နည်းလမ်းရှာကြံ ပံ့ပိုးပေးလျက်ရှိသကဲ့သို့ ပညာရေးနှင့် သက်ဆိုင်သော ဝန်ကြီးဌာန(၁၂)ခုမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ၊ ဆရာ၊ ကျောင်းသား၊ မိဘများ အပါအဝင် ပညာရေးကို စိတ်ဝင်စားသော ပြည်သူလူထုတို့ ပူးပေါင်းပါဝင် ညှိနှိုင်းလျက် ပညာရေးမူဝါဒများနှင့် အမျိုးသားပညာရေးဥပဒေ(မူကြမ်း) ပေါ်ပေါက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းခဲ့ကြပါသည်။

**အမျိုးသားအဆင့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆွေးနွေးပွဲ ကျင်းပခြင်း**

အမျိုးသားအဆင့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှု ဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ်၊ မတ်လ ၅ ရက်မှ ၆ ရက်ထိ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲသို့ ထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ ဗုဒ္ဓဘာသာပညာရေးစင်တာနှင့် ပရဟိတကျောင်းများမှ ဆရာတော်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ကိုယ်စားလှယ်များ၊ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီနှင့် ပညာရေးဆိုင်ရာ အသင်းအဖွဲ့များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်သူအခြေပြု အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ပညာရေးမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများ၊ ပုဂ္ဂလိကကျောင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၅၉၁ ဦး တက်ရောက်ခဲ့ကြကာ တက်ကြွ ပွင့်လင်းစွာ ညှိနှိုင်း ဆွေးနွေးခဲ့ကြပါသည်။

ဖွင့်ပွဲအခမ်းအနားကို မတ် ၅ ရက် နံနက် ၁၀ နာရီခွဲတွင် ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အဖွင့်မိန့်ခွန်းမြွက်ကြားရာတွင် "နိုင်ငံတော်ရဲ့ ပညာရေးအဆင့်အတန်းနဲ့ အရည်အသွေး မြင့်မားလာရေးအတွက် လိုအပ်ချက်နဲ့ကိုက်ညီတဲ့ လူ့စွမ်းအားအရင်းအမြစ်များကိုမွေးထုတ်နိုင်ဖို့ လက်တွေ့ကျတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခွင့်ကို ပြဋ္ဌာန်းပေးမည့် အမျိုးသားပညာရေးမူဝါဒများနဲ့ ဥပဒေပေါ်ထွက်လာရေးကို ဦးတည်ဆွေးနွေးဖို့ လိုအပ်ကြောင်း" လမ်းညွှန်မှာကြားခဲ့ပါသည်။ ထို့နောက် ပညာရေးမြှင့်တင်မှုလုပ်ငန်းများဆိုင်ရာ (၅)မိနစ် ဗီဒီယိုမှတ်တမ်းကို ပြသပါသည်။

> **နိုင်ငံတကာအဆင့်မီ ပညာရေးစနစ် ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံတကာပညာရေးစနစ်များကို လေ့လာကာ အခိုက်အတန့် အောင်မြင်မှုမျိုးမဟုတ်ဘဲ ရေရှည်တည်တံ့ခိုင်မြဲမည့် နိုင်ငံတကာအဆင့်မီပညာရေး ရည်မှန်းချက်နှင့် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် မဖြစ်မနေ လိုအပ်လာ။**
>
> **လုပ်ငန်းနယ်ပယ်အလိုက် အသေးစိတ်ညှိနှိုင်းဆွေးနွေးခြင်း၊ မိဘပြည်သူများထံမှ အကြံဉာဏ်များ ရယူပေါင်းစပ်ဆောင်ရွက်ခြင်း၊ နယ်ပယ်အလိုက် ထားရှိသင့်သောမူဝါဒနှင့် ဆောင်ရွက်သင့်သော လုပ်ငန်းစဉ်များ ချမှတ်ရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်အတွက် ပညာရေးနှင့် ဆက်စပ်သော ဝန်ကြီးဌာနများနှင့် ပြင်ပလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သော လုပ်ငန်းအဖွဲ့ (၁၈)ဖွဲ့ကို ဆက်လက်ဖွဲ့စည်းတာဝန်ပေးအပ်နိုင်။**

ပထမနေ့ ဆွေးနွေးပွဲ ဒုတိယအစီအစဉ်၌ (က) အမျိုးသားဘက်စုံဖွံ့ဖြိုးရေးအတွက် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု အခြေခံမူဘောင်များ (Framework for Economic and Social Reform-FESR)၊ (ခ)ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍလေ့လာသုံးသပ်မှု (Comprehensive Education Sector Review- CESR)၊ (ဂ) လက်တွေ့ကျသော ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး ဆောင်ရွက်ခဲ့မှုအခြေအနေများကို ဦးဆောင်ဆွေးနွေးသူ သုံးဦးက PowerPoint ဖြင့် တင်ပြဆွေးနွေးခဲ့ပါသည်။

ပထမနေ့ ဆွေးနွေးပွဲ တတိယပိုင်း အစီအစဉ်အဖြစ် မူကြိုပညာကဏ္ဍ၊ အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍ၊ ကျောင်းပြင်ပပညာရေးနှင့် ရပ်ရွာဒေသပညာပဒေသာ ဖွံ့ဖြိုးမှုကဏ္ဍ၊ ပုဂ္ဂလိကပညာရေးကဏ္ဍ၊ အမျိုးသားပညာရေးဥပဒေ(မူကြမ်း) ဟူ၍ ကဏ္ဍ (၇)ခု ခွဲခြားကာ အခန်း(၇)ခန်းတွင် တစ်ပြိုင်တည်း ဆွေးနွေးခဲ့ပါသည်။

အမျိုးသားအဆင့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှု ဆွေးနွေးပွဲကို မတ် ၆ ရက် နံနက် ၉ နာရီတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ဆက်လက်ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဦးဆောင်ဆွေးနွေးသူ ခုနစ်ဦးက ၅-၃-၂၀၁၄ ရက်တွင် ဆွေးနွေးခဲ့သော ကဏ္ဍအလိုက် ဆွေးနွေးရရှိချက်များကို တင်ပြပါသည်။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဝင် ပါမောက္ခဒေါက်တာဒေါ်အေးမြင့်က ယခုကျင်းပသည့် ဆွေးနွေးပွဲသည် အကြံဉာဏ်ကောင်းများ ရရှိ၍ ပိုမိုပြည့်စုံသော အမျိုးသားပညာရေးဥပဒေ ပေါ်ပေါက်လာမည်ဟု ယုံကြည်ကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။ ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် "ရှေ့လုပ်ငန်းစဉ်အဖြစ် ယခုညှိနှိုင်းရရှိတဲ့ အမျိုးသားပညာရေးဆိုင်ရာ မူဝါဒများနှင့် ဥပဒေ(မူကြမ်း) ကိုပြုစုပြီးလုပ်ထုံးလုပ်နည်းနှင့်အညီအစိုးရအဖွဲ့နှင့် လွှတ်တော်အဆင့်ဆင့်ကို တင်ပြအတည်ပြုချက်ရယူမှာဖြစ်ကြောင်း၊ မူဝါဒများအတည်ပြုပြီးပါက ပညာရေးဆိုင်ရာအခြေခံကျတဲ့လုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ပြုပြင်ပြောင်းလဲအကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း" ထည့်သွင်းပြောကြားခဲ့ပါသည်။

အမျိုးသားအဆင့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှု ဆွေးနွေးပွဲနှင့် ပတ်သက်၍ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က သတင်းစာရှင်းလင်းပွဲ ပြုလုပ်ကာ အမျိုးသားအဆင့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှု ဆွေးနွေးပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။

**လက်တွေ့ကျသောပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုအခြေအနေ**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဓာနအကျဆုံးဖြစ်သော ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရန် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ နေပြည်တော်တွင် ပညာရေးနှင့် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများချမှတ်နိုင်ရေး အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲ (Conference on Development Policy Options with Special Reference to Education and Health)ကို ကျင်းပခဲ့ပါသည်။ ယင်းဆွေးနွေးပွဲမှ ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး (Comprehensive Education Sector Review-CESR)ကို ဆောင်ရွက်ရန် အကြံပြုတိုက်တွန်းခဲ့ပါသည်။ ဆွေးနွေးပွဲ၏ ရလဒ်အဖြစ် နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက် (Development Partners) များနှင့် ပြည်တွင်းပြည်ပ ပညာရှင်များပူးပေါင်း၍ ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေး (Comprehensive Education Sector Review-CESR)ကို ၂၀၁၂ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ် ဩဂုတ်လမှ ၂၀၁၃ ခုနှစ် မတ်လအထိ ဆောင်ရွက်ခဲ့သည့် CESR Phase ၁ ၏ ထောက်ခံအကြံပြုချက်များက အမျိုးသားပညာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်ရန် မဖြစ်မနေလိုအပ်ကြောင်း ညွှန်ပြလျက်ရှိခဲ့ပါသည်။

လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုများအတွက် အဓိကလိုအပ်နေသည့် အမျိုးသားပညာရေးဆိုင်ရာ မျှော်မှန်းချက်၊ ဥပဒေ၊ မူဝါဒ၊ နည်းဥပဒေများ ပေါ်ထွန်းလာစေရေးကိစ္စအပေါ် ကျယ်ပြန့်စွာညှိနှိုင်းဆွေးနွေးရန် ရည်ရွယ်ချက်ဖြင့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတကြီးက "အမျိုးသားဖွံ့ဖြိုးတိုးတက်မှုရဲ့ အခြေခံအုတ်မြစ်ဟာ ပညာရေးဖြစ်တာကြောင့် ယနေ့မှစ၍ ရှေ့ဆက်ဖော်ဆောင်ရမယ့် မြန်မာ့အမျိုးသားပညာရေးဟာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခြင်းကို ဖော်ဆောင်နိုင်စွမ်းရှိတဲ့ ပညာရေး (Education for Sustainable Development)ဆိုတဲ့ နိုင်ငံတကာအဆင့် ခေတ်မီပညာရေးလမ်းကြောင်းပေါ်တက်ပြီး လျှောက်လှမ်းနိုင်မယ့် ပညာရေးဖြစ်ကိုဖြစ်ရပါလိမ့်မယ်"ဟု လမ်းညွှန်ခဲ့သည်နှင့်အညီ နိုင်ငံတကာအဆင့်မီ ပညာရေးစနစ်ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံတကာပညာရေးစနစ်များကို လေ့လာကာ အခိုက်အတန့် အောင်မြင်မှုမျိုး မဟုတ်ဘဲ ရေရှည်တည်တံ့ခိုင်မြဲမည့် နိုင်ငံတကာအဆင့်မီ ပညာရေးရည်မှန်းချက်နှင့် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် မဖြစ်မနေ လိုအပ်လာပါသည်။ ယင်းဆွေးနွေးပွဲတွင် တက်ရောက်လာသူများက လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်အကောင်အထည်ဖော်ရမည့် ရှေ့လုပ်ငန်းစဉ် (၁၉)ရပ်ကို ချမှတ်နိုင်ခဲ့ပါသည်။

**ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းပေါ်ပေါက်လာမှုဖြစ်စဉ်**

လက်တွေ့ကျသော ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို မဖြစ်မနေလုပ်ဆောင်ရန် တာဝန်ရှိလာစေသော ဖြစ်စဉ်အဆင့်ဆင့်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-



စာမျက်နှာ ၁၀ ကော်လံ ၁ သို့








## လွှတ်တော်ရေးရာ

### ✳ပြည်ထောင်စုလွှတ်တော်မှ

မလုံလောက်မှုသည် ရှေးယခင်ကာလများမှ ယနေ့အချိန်အထိ ဖြစ်ပေါ်နေဆဲဖြစ်ပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုပမာဏကို အစိုးရကဏ္ဍတစ်ခုတည်းက ကျခံဆောင်ရွက်ပါက ရရှိသည့်ဘဏ္ဍာငွေအပေါ်မူတည်၍ ဆောင်ရွက်ရခြင်းဖြစ်သောကြောင့် အချိန်ကာလကြာမြင့်မည်ဖြစ်ပါကြောင်း၊ ပြည်သူတို့၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အချိန်တိုကာလအတွင်း ဆောင်ရွက်ရန်လိုအပ်သဖြင့် ရင်းနှီးမြှုပ်နှံမှုပမာဏများသော ဓာတ်အားပေးစက်ရုံများအတွက် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် ဖိတ်ခေါ်ခဲ့ပါကြောင်း။

ပုဂ္ဂလိကလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံမှသာ အချိန်တိုအတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး နွေရာသီကာလများ၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သကဲ့သို့ စက်မှုလုပ်ငန်းများလည်း အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရာတွင် အခက်အခဲဖြစ်နေသည့် အဓိကအချက်မှာ ဓာတ်အားခနှုန်းထားပင် ဖြစ်ပါကြောင်း။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လက်ရှိဖြစ်ပေါ်နေသော အရှုံး/အမြတ် အခြေအနေအပေါ်မူတည်၍ ဓာတ်အားခနှုန်းထားများ ပြောင်းလဲပြင်ဆင်ကောက်ခံနိုင်ရန် ဓာတ်အားသုံးစွဲမှုကို နိုင်ငံတစ်ဝန်းသို့ ကွင်းဆင်းကောက်ခံခဲ့ရာ အိမ်သုံးမီတာများ သုံးစွဲမှုတွင် အိမ်သုံးယူနစ် ၁ မှ ၁၀၀ အထိသုံးစွဲမှု (၅၆ ဒသမ ၆၃)ရာခိုင်နှုန်း၊ အိမ်သုံးယူနစ် ၁၀၁ မှ ၂၀၀ အထိ သုံးစွဲမှု (၂၀ ဒသမ ၈၅) ရာခိုင်နှုန်း၊ အိမ်သုံးယူနစ် ၂၀၁ မှ ၃၀၀ အထိသုံးစွဲမှု (၁၅ ဒသမ ၆၇)ရာခိုင်နှုန်း၊ အိမ်သုံးယူနစ် ၃၀၁ နှင့်အထက် သုံးစွဲမှု (၆ ဒသမ ၈၅)ရာခိုင်နှုန်းဖြစ်ပြီး စက်မှုသုံးမီတာများသုံးစွဲမှုတွင် စက်မှုသုံးယူနစ် ၁ မှ ၁၀၀၀ အထိ သုံးစွဲမှု (၈၀ ဒသမ ၆၆)ရာခိုင်နှုန်း၊ စက်မှုသုံးယူနစ် ၁၀၀၁ မှ ၅၀၀၀ အထိသုံးစွဲမှု (၁၂ ဒသမ ၃၆)ရာခိုင်နှုန်း၊ စက်မှုသုံးယူနစ် ၅၀၀၁ မှ ၁၀၀၀၀ အထိသုံးစွဲမှု (၂ ဒသမ ၆၉) ရာခိုင်နှုန်းနှင့် စက်မှုသုံးယူနစ် ၁၀၀၀၁ နှင့်အထက် သုံးစွဲမှု (၄ ဒသမ ၂၉)ရာခိုင်နှုန်း ရှိပါကြောင်း။

ယင်းကဲ့သို့ မြေပြင်တွင် ကောက်ယူရရှိခဲ့သော အချက်အလက်များကိုအခြေခံပြီး အသေးစိတ် စိစစ်တွက်ချက်ခဲ့ရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရန်အတွက် နိုင်ငံတော်ဘဏ္ဍာငွေမှ စိုက်ထုတ်သုံးစွဲရမည့်အခြေအနေကို ကာမိစေရန် တစ်နိုင်ငံလုံး၏ ဓာတ်အားသုံးစွဲမှုအပေါ်မူတည်၍ ပြင်ဆင်ကောက်ခံနိုင်မည့် နည်းလမ်းများကို တွက်ချက်ရာ အိမ်သုံး ၁ ယူနစ်မှ ၁၀၀ ယူနစ်အထိ (၃၅)ကျပ်နှုန်း၊ ၁၀၁ ယူနစ်မှ ၂၀၀ ယူနစ်အထိ (၄၀)ကျပ်၊ ၂၀၁ ယူနစ်နှင့်အထက် (၅၀)ကျပ်ဖြင့်လည်းကောင်း၊ စက်မှုသုံး၊ စီးပွားရေးလုပ်ငန်းသုံး၊ တစ်လုံးတစ်ခဲတည်းသုံး၊ ယာယီမီးတို့ကို ၁ ယူနစ်မှ ၅၀၀ ယူနစ်အထိ (၇၅)ကျပ်၊ ၅၀၁ ယူနစ်မှ ၅၀၀၀ ယူနစ်အထိ (၁၀၀)ကျပ်၊ ၅၀၀၁ ယူနစ်မှ ၁၀၀၀၀ ယူနစ်အထိ (၁၂၅)ကျပ်၊ ၁၀၀၀၁ ယူနစ်မှ ၂၀၀၀၀၀ ယူနစ်အထိ (၁၅၀)ကျပ်၊ ၂၀၀၀၀၁ ယူနစ်နှင့်အထက် (၁၂၅) ကျပ်ဖြင့်လည်းကောင်း၊ လမ်းမီးတစ်ယူနစ် (၅၀) ကျပ်၊ နိုင်ငံခြားငွေဖြင့် တစ်ယူနစ် အမေရိကန်ဒေါ်လာ (သုည ဒသမ ၁၂)ဒေါ်လာ၊ အစိုးရဌာနတို့အား ရုံးသုံးတစ်ယူနစ် (၅၀)ကျပ်၊ စက်မှုသုံးတစ်ယူနစ်(၁၀၀)ကျပ်နှင့် လမ်းမီး တစ်ယူနစ် (၅၀)ကျပ်တို့သည် အသီးသီးပြင်ဆင်ကောက်ခံမည့် နည်းလမ်းဖြစ်ပြီး အဆိုပါနည်းလမ်းအရ ကောက်ခံပါက နိုင်ငံတော်မှ ကျပ်(၁၂) ဘီလီယံခန့် စိုက်ထုတ်သုံးစွဲရမည်ဖြစ်ပါကြောင်း။



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး။

ထိုသို့ ပြင်ဆင်ကောက်ခံမည့်နည်းလမ်းအရ အိမ်သုံး ယူနစ် ၁၀၀ အထိ (၃၅)ကျပ်၊ ယူနစ် ၂၀၀ အထိ (၄၀) ကျပ်၊ ယူနစ် ၂၀၁ အထက်(၅၀) ကျပ်နှုန်း ပြင်ဆင်သတ်မှတ်ပါက ယူနစ် ၁၀၀ အထိသာ သုံးစွဲသည့် စုစုပေါင်း ဓာတ်အားသုံးစွဲသူ (၅၆ ဒသမ ၆၃) ရာခိုင်နှုန်းသော ပြည်သူများအနေဖြင့် မူလဓာတ်အားခအတိုင်းသာ ကျခံရမည်ဖြစ်ပါကြောင်း။

ယူနစ် ၂၀၀ အထိသုံးစွဲသူများအနေဖြင့်လည်း ယခင် (၇၀၀၀)ကျပ် ကျသင့်ရာမှ ပြင်ဆင်မည့် နှုန်းထားအရ (၇၅၀၀)ကျပ် ကျသင့်မည်ဖြစ်သည့်အတွက် ဤကဲ့သို့ (၅၀၀)ကျပ်ခန့်သာ ပိုမိုပေးရမည့် ပြည်သူများမှာ (၂၀ ဒသမ ၈၅)ရာခိုင်နှုန်းခန့်ရှိပါကြောင်း၊ ထို့ကြောင့် (၇၇ ဒသမ ၄၈)ရာခိုင်နှုန်း ခန့်သော ဓာတ်အားသုံးစွဲသူ ပြည်သူများအနေဖြင့် ပြင်ဆင်ကောက်ခံမည့် ဓာတ်အားခနှုန်းထားများ အခြေအနေအရ ထူးခြားပြောင်းလဲသွားမည် မဟုတ်ပါကြောင်း။

ဓာတ်အားသုံးစွဲမှုပမာဏ ၂၀၁ ယူနစ်နှင့်အထက် သုံးစွဲသည့် ပြည်သူများအနက် ယူနစ် ၃၀၀ အထိသုံးစွဲပါက ကျပ်(၂၀၀၀)သာ ပိုမိုပေးရမည်ဖြစ်ပြီး သုံးစွဲသူပမာဏ (၁၅ ဒသမ ၆၇)ရာခိုင်နှုန်းခန့်သာ ရှိပါကြောင်း၊ ကျန် ၃၀၁ ယူနစ်အထက် ပိုမိုသုံးစွဲသည့်သူများမှာ (၆ ဒသမ ၈၅) ခန့်သာရှိပါကြောင်း၊ ထိုသို့စီစဉ်ခြင်းဖြင့် ဓာတ်အားသုံးစွဲမှုကို ခြိုးခြံချွေတာနိုင်မည်ဖြစ်ပါကြောင်း။

အလားတူ ယူနစ် ၅၀၀ အထိသုံးစွဲသော စက်မှုလုပ်ငန်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူပမာဏသည် စုစုပေါင်း (၅၅ ဒသမ ၆၄)ရာခိုင်နှုန်းခန့်ရှိနေပြီး ယင်းတို့အနေဖြင့် မူလဓာတ်အားခပေးဆောင်ရမည့် ပမာဏအတိုင်းသာပေးဆောင်ရမည်ဖြစ်ပြီး ပြောင်းလဲသွားမည် မဟုတ်ပါကြောင်း၊ သို့သော် ယူနစ် ၅၀၀၀ အထိ သုံးစွဲမည့်သူများအနေဖြင့် လက်ရှိနှုန်းအရ (၃၇၅၀၀၀) ကျပ်ကျသင့်ပြီး ပြင်ဆင်ကောက်ခံမည့်နှုန်းသစ်အရ ပထမ ယူနစ် ၅၀၀ အတွက် (၃၇၅၀၀)ကျပ်၊ ဒုတိယယူနစ် ၄၅၀၀ အတွက် (၄၅၀၀၀၀)ကျပ် စုစုပေါင်း (၄၈၇၅၀၀)ကျပ် ကျသင့်မည်ဖြစ်ရာ ကျပ် (၁၁၂၅၀၀)သာ ပိုမိုကျသင့်မည်ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ ပိုမိုကုန်ကျမည့် ဓာတ်အားသုံးစွဲသူပမာဏသည် (၂၅ ဒသမ ၀၂)ရာခိုင်နှုန်း ရှိပါကြောင်း၊ ထို့အတူ ယူနစ် ၅၀၀၀ အထက်ဓာတ်အားသုံးစွဲသူပမာဏသည်လည်း (၆ ဒသမ ၉၈) ရာခိုင်နှုန်းသာ ရှိသောကြောင့် အနည်းငယ်သော ဓာတ်အားသုံးစွဲသူများအပေါ်တွင်သာ အကျိုးသက်ရောက်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဓာတ်အားသုံးစွဲမှုပမာဏ အလွန်များပြားသော အကြီးစားစက်မှုလုပ်ငန်းများ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန်နှင့် ယင်းတို့၏ ထုတ်ကုန်များအပေါ် ဈေးနှုန်းမြင့်မားမှု မဖြစ်စေရန် ရည်ရွယ်၍ ယူနစ် ၂၀၀၀၀၀ အထက်သုံးစွဲပါက ဓာတ်အားခ တစ်ယူနစ်လျှင် (၁၂၅)ကျပ်နှုန်းဖြင့် လျှော့ချကောက်ခံရန် ရည်ရွယ်ထားပါကြောင်း။

ဤကဲ့သို့ လျှပ်စစ်ဓာတ်အားခနှုန်းထားအား သင့်လျော်သောနှုန်းသို့ တိုးမြှင့်ကောက်ခံခြင်းဖြင့် နိုင်ငံတော်အနေဖြင့် နိုင်ငံတော်ဘဏ္ဍာငွေမှ စိုက်ထုတ်၍ တစ်နည်းအားဖြင့် ဝယ်ယူသည့်ဈေးနှုန်းထက် အရှုံးခံ၍ ဓာတ်အားသုံးစွဲသူများထံ ဖြန့်ဖြူးပေးရခြင်းကြောင့်ဖြစ်ပေါ်ရသည့် ဘဏ္ဍာရေးအခက်အခဲများ လျော့ကျမည်ဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်ကို မှန်ကန်စွာ ကျင့်သုံးခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေမည်ဖြစ်ပြီး အချိန်တိုအတွင်း ဓာတ်အားကွန်ရက်ချဲ့ထွင်၍ စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးချဲ့နိုင်မည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားခ တိုးမြှင့်ကောက်ခံခြင်းကြောင့် တိုးမြှင့်ရရှိသော ငွေဖြင့် ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးရန် လိုအပ်သော ဒေသများအတွက် ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ ဆောက်လုပ်နိုင်ပါကြောင်း။

လျှပ်စစ်ဓာတ်အားကွန်ရက်ချဲ့ထွင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးနှင့် ကဏ္ဍစုံတွင် တိုးတက်ရန် အထောက်အပံ့ကောင်းရရှိနိုင်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲသူများအတွက် နိုင်ငံတော်မှစိုက်ထုတ်သုံးစွဲရသည့်ငွေကို ကျန်းမာရေး၊ ပညာရေး စသည့်ကဏ္ဍများတွင် အကျိုးရှိစွာ သုံးစွဲနိုင်ပါကြောင်း၊ နိုင်ငံပိုင်ဓာတ်အားသုံးသော ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို ခြိုးခြံချွေတာသုံးစွဲလာ၍ ပိုလျှံလျှပ်စစ်ဓာတ်အားကို လိုအပ်သည့် အခြားနေရာများသို့ ပို့လွှတ်ဖြည့်ဆည်းပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါကြောင်း။

လျှပ်စစ်ဓာတ်အား လုံလောက်စွာဖြန့်ဖြူးရေးသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရန်သာမက ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော ဖြည့်ဆည်းမှုဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုတိုးတက်ရန်အတွက် လိုအပ်သော အရင်းအနှီးများကို အစိုးရကဏ္ဍကချည်း ဆောင်ရွက်ခြင်းထက် ပြည်တွင်းပြည်ပ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများ ပူးပေါင်းပါဝင်မှသာ အချိန်တိုအတွင်း ထိရောက်စွာ တိုးတက်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားကို လက်ရှိပုံစံအတိုင်း အစိုးရက စိုက်ထုတ်၍ ဖြန့်ဖြူးနေရသည့်စနစ်အား ဝင်ငွေထွက်ငွေ ညီမျှစွာဖြင့် စီမံဆောင်ရွက်သည့်စနစ်သို့ ပြင်ဆင်ပြောင်းလဲပေးခြင်းဖြင့် ဘက်စုံကဏ္ဍစုံ အကျိုးကျေးဇူးများ တိုးတက်ခံစားရမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားခနှုန်းထားအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အစ ၁-၄-၂၀၁၄ ရက်မှစတင်၍ တိုးမြှင့်ကောက်ခံရန် စီမံထားရှိပါသဖြင့် ရေရှည်ရည်မှန်းချက်များကို ပြည်သူများ နားလည်အမြင်ရှင်းလင်းစေရန် လိုအပ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ မူနှင့်အခြေခံသဘောကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာတွင် အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းအကြား လျှပ်စစ်ဓာတ်အားခ တန်းတူကောက်ခံရေး၊ ဓာတ်အားဖြန့်ဖြူးမှုစနစ်၏ အားနည်းချက်များ ပြန်လည်ပြုပြင်ရေး၊ လျှပ်စစ်ဓာတ်အား အပြည့်အဝ သုံးစွဲနိုင်ရေး၊ တိုင်းရင်းသားပြည်သူများအားလုံးတစ်ပြေးညီ လျှပ်စစ်ဓာတ်အားရရှိရေး၊ စက်မှုကဏ္ဍနှင့်ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝသယံဇာတများကို အပြည့်အဝအသုံးချ၍ လျှပ်စစ်ဓာတ်အား လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးရေးတို့ကို ဆွေးနွေးခဲ့သည်။

လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်တိုးမြှင့်ကောက်ခံရန် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန တာဝန်ရှိသူများ၊ လွှတ်တော်ရှိ သက်ဆိုင်ရာကော်မတီများ၊ ကော်မရှင်များနှင့် ဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များက ကော်မတီများအတွင်း ဆက်လက်ဆွေးနွေးပြီး ဆွေးနွေးညှိနှိုင်းချက်များအပေါ်မူတည်၍ ၁၉-၃-၂၀၁၄ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် အဆုံးအဖြတ်ရယူမည်ဖြစ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး(၂၅)ရက်မြောက်နေ့ကို မတ် ၁၉ ရက်နေ့ နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်။

### ❖ပြည်သူ့လွှတ်တော်မှ

ကလေးဝမြို့နယ် မဟာမြိုင်တောအတွင်း အမာခံလမ်းအနေဖြင့် (၂၇) မိုင်ရှိသည့် ကလေးဝ-မဟာမြိုင်-ရေဦး မြေသား/ကျောက်ကြမ်းလမ်းနှင့် (၁၄) မိုင်ရှိသည့် သက္ကယ်ကျင်း-မော်လိုက်-ခန္တီး မြေသားလမ်းနှင့် သစ်ထုတ်ခွင့်ရကြိုးဝိုင်းများနှင့် ချင်းတွင်းမြစ်ကမ်းဘေးရှိ မောက္ကတော်သစ်ဆိပ်အကြား အရှည်မိုင်(၄၀)မှ (၆၀)အတွင်းရှိသော မြေသားလမ်းကို ဖောက်လုပ်ခဲ့ပါကြောင်း၊ လမ်းများ၏ အချက်အချာကျသောနေရာများတွင် သစ်တောစစ်ဆေးရေးကင်းစခန်းများထားရှိပြီး ကာကွယ်စောင့်ရှောက်လျက်ရှိသလို သစ်တိုက်လမ်းများကို သစ်ခိုးသူများ အသုံးမပြုနိုင်စေရန်အတွက် သစ်ထုတ်ရာသီ ပြီးလျှင်ပြီးချင်း ယာယီတံတားများကို ဖျက်ပစ်ပါကြောင်း၊ ဝန်ထမ်းများက ရှောင်တခင်စစ်ဆေးခြင်း၊ ပုံမှန်စစ်ဆေးခြင်း နည်းလမ်းများဖြင့် ကာကွယ်စောင့်ရှောက်လျက်ရှိပါကြောင်း။

သစ်တောကြိုးဝိုင်းများအတွင်း ပရဆေးစိုက်ခင်းကြီးများ တည်ထောင်ရန်မှာ လိုအပ်သော ပရဆေးပင်များစုဆောင်းရန်နှင့် ပရဆေးပင်စိုက်ပျိုးပြုစုရန် ပညာရှင်မလုံလောက်ခြင်း၊ ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရန် မလွယ်ကူခြင်းတို့ကြောင့် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း၊ သစ်တောကြိုးဝိုင်းများအတွင်း သစ်အချောထည်စက်များ တည်ထောင်လုပ်ကိုင်ခွင့်ပြုပါက ထိန်းချုပ်ရန်ခက်ခဲပြီး မလိုလားအပ်သောကိစ္စရပ်များ ပေါ်ပေါက်လာနိုင်ခြင်းကြောင့် သစ်အချောထည်သစ်စက်များ တည်ထောင်လုပ်ကိုင်ခြင်းကို ခွင့်မပြုပါကြောင်း၊ သစ်တောသယံဇာတများ ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်သလို ပူးပေါင်းအဖွဲ့များမှာ အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ဖမ်းဆီးမှုများကို စီမံချက်ချဆောင်ရွက်လျက်ရှိပါကြောင်း။

တရားမဝင် သစ်ထုတ်လုပ်သယ်ယူမှုများ၊ သဘာဝတောအခြေအနေနှင့် သစ်ခိုးယူမှု အများဆုံးဖြစ်ပွားသည့် နေရာများကို စိစစ်ရွေးချယ်ပြီး ကွင်းနင်းစစ်ဆေးဖမ်းဆီးမှုများ ပုံမှန်ဆောင်ရွက်လျက် ရှိပါကြောင်း၊ တစ်ဖက်နိုင်ငံနယ်စပ်သို့ သစ်ခိုးယူသည့် လမ်းကြောင်းများတွင် ပိတ်ဆို့ဖမ်းဆီးရေးလုပ်ငန်းများကို စီမံချက်ချဆောင်ရွက်လျက်ရှိပါကြောင်း။

တရားမဝင် သစ်ဖမ်းဆီးမှု ပိုမိုတက်ကြွစွာဆောင်ရွက်လာစေရန်အတွက် သတင်းပေးသူအား ဖမ်းဆီးသစ်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းနှင့် ဖမ်းဆီးသည့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအား ဖမ်းဆီးသစ်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကို အသီးသီးဆုကြေးငွေများ ချီးမြှင့်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် "အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်း"ကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က တင်သွင်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက **"အများပြည်သူဝန်ဆောင်မှုမီဒီယာ ဥပဒေကြမ်း"** သည် **"စာနယ်ဇင်း ဗဟုဝါဒ"** မူဘောင်အတွင်းက **"အမျိုးမျိုးအစားစား ကွဲပြားစွာ ရပ်တည်ခွင့်ရှိခြင်း အခြေခံသဘောတရားများ" (Principles of Diversity)** နှင့် ကိုက်ညီစေရန်အတွက် ယူနက်စကို၏ ကျွမ်းကျင်မှုအကူအညီကိုရယူပြီး ရေးသားတင်သွင်းခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံကဲ့သို့ တိုင်းရင်းသားလူမျိုးအများအပြား၊ ဘာသာစကားနှင့် ရိုးရာဓလေ့ထုံးတမ်းစဉ်လာ အသီးသီးရှိနေကြသည့် လူ့အဖွဲ့အစည်းတစ်ရပ်မှာ လူမျိုးဘာသာ၊ နေထိုင်ရာဒေသ၊ ခရီးလမ်းပန်းအဆက်အသွယ်၊ ဆင်းရဲချမ်းသာ မခွဲခြားဘဲ တိုင်းရင်းသားအများ ပြည်သူလူထုကြီးတစ်ရပ်လုံးသည် နေ့စဉ်ကမ္ဘာပေါ်မှာ ဖြစ်ပျက်နေသည့် သတင်းအချက်အလက်များနှင့် အသိပညာရပ်များကို တန်းတူညီမျှ ရရှိခွင့်ရှိရမှာဖြစ်ပါကြောင်း။

တိုင်းရင်းသားပြည်သူလူထုအတွင်း အသိပညာကွာဟချက်ကို ကျဉ်းမြောင်းနိုင်သမျှ ကျဉ်းမြောင်းသွားစေရန်ကိစ္စသည် အကျိုးအမြတ်မယူ စီးပွားရေးမဆန်သော လူထုပညာပေးရေးယန္တရားအဖြစ် အများပြည်သူဝန်ဆောင်မှုသတင်းစာများနှင့် ရုပ်သံထုတ်လွှင့်မှုမီဒီယာတို့ကသာ အထိရောက်ဆုံးဆောင်ရွက်နိုင်ပါကြောင်း။

သတင်းစာဖတ်နိုင်သော လူဦးရေ (၄၉)သန်းတွင် လူ(၄၃)သန်းခန့်သည် သတင်းစာ လုံးဝဖတ်ခွင့်မရဘဲ ဖြစ်နေသည်ကို မိမိတို့ သတိပြုကြရမှာ ဖြစ်ပါကြောင်း၊ အများစုသည် ကျေးလက်နှင့် ဝေးလံသောဒေသတွင် နေထိုင်ကြသူများနှင့် နေ့စဉ်သတင်းစာကိုပင် ဝယ်မဖတ်နိုင်အောင် ဆင်းရဲနွမ်းပါးသူများ ဖြစ်ပါကြောင်း။

ဈေးကွက်ကိုသာ ရှေးရှုသော ပုဂ္ဂလိကသတင်းစာများ ရောက်ရှိရန်ခဲယဉ်းသော ယင်းဟာကွက်ကြီးကို အကျိုးအမြတ်မယူ၊ စီးပွားဖြစ်မဟုတ်သော အများပြည်သူဝန်ဆောင်မှုမီဒီယာကသာ အမြန်ဆုံးဖြည့်ဆည်းပေးရမှာ ဖြစ်ပါကြောင်း။

အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းကို လွှတ်တော်ကသာ လက်ခံစဉ်းစားပြီး အတည်ပြုပေးခဲ့မည်ဆိုလျှင် မြန်မာနိုင်ငံ၏ အနာဂတ်မီဒီယာအခင်းအကျင်းသည် သတင်းစာ၊ ရေဒီယို၊ အက်ဖ်အမ်နှင့် ရုပ်သံထုတ်လွှင့်မှုအပိုင်းအားလုံးမှာ အများပြည်သူဝန်ဆောင်မှုပိုင်၊ ပုဂ္ဂလိကပိုင်၊ ဖက်စပ်ပိုင်၊ အစိုးရဌာနပိုင်၊ စီးပွားဖြစ်မဟုတ်သော အဖွဲ့အစည်းပိုင် အခမဲ့ဝန်ဆောင်မှုပေးခြင်း၊ တိုင်းရင်းသားနှင့် ဒေသန္တရအစုအဖွဲ့ပိုင် အစရှိသဖြင့် ဗဟုမီဒီယာပုံစံပေါ်ပေါက်လာမည် ဖြစ်ပါကြောင်း။

အများပြည်သူဝန်ဆောင်မှု မီဒီယာဆိုသည်မှာ အများပြည်သူအကျိုးစီးပွားအတွက် အများပြည်သူက ဘဏ္ဍာငွေအထောက်အပံ့ပေးပြီး အများပြည်သူက ထိန်းကျောင်းဆောင်ရွက်သော မီဒီယာဟု ယူနက်စကိုက အဓိပ္ပာယ်ဖွင့်ဆိုထားပါကြောင်း၊ အများပြည်သူဝန်ဆောင်မှုမီဒီယာအပေါ် စီးပွားရေးအရ လည်းကောင်း၊ နိုင်ငံရေးအရလည်းကောင်း ဝင်ရောက်စွက်ဖက်ခြင်းမှ ကင်းလွတ်စေရမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံရှိ လူနာများအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

**✪ ရွှေဖုံးမှ**

ပြောင်းလဲကျင့်သုံးနေသည့် ဒီမိုကရေစီစနစ်နှင့်အညီ လိုက်လျောညီထွေ ဖြစ်စေရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်အုပ်ချုပ်ရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများတွင် နိုင်ငံရေးတည်ငြိမ်စေရန်၊ နိုင်ငံရေးတွင် အားလုံးပါဝင်နိုင်စေရန်နှင့် ငြိမ်းချမ်းရေးရရှိစေရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း။

စီးပွားရေးပြုပြင်ပြောင်းလဲမှုများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန် လိုအပ်သော ဥပဒေများ ပြဋ္ဌာန်းခြင်း၊ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုများကိုဖယ်ရှားနိုင်ရန်အတွက် ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိကြောင်း။

ပြုပြင်ပြောင်းလဲရေးများဆောင်ရွက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျကြောင်း၊ ထို့ကြောင့် ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲနိုင်ရန်အတွက် ဆွေးနွေးပွဲများအဆင့်ဆင့်ပြုလုပ်ခဲ့ပြီး ယခုအခါ အမျိုးသားပညာရေးဥပဒေကြမ်းကို ပြည်သူများလေ့လာနိုင်ရန် ဖြန့်ဝေထားပြီးဖြစ်ကြောင်း။

တက္ကသိုလ်များအတွက်လိုအပ်သော အဆောက်အအုံ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးသကဲ့သို့ ထူးချွန်သော ကျောင်းသား ကျောင်းသူများကို နိုင်ငံတကာ ပညာသင်ဆုများချီးမြှင့်နိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံများကို လေ့လာပါက နိုင်ငံသားအားလုံးစည်းကမ်းရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရန်၊ စည်းကမ်းရှိရန်လိုကြောင်း၊ အမျိုးသားစည်းကမ်းအစသည် စာသင်ကျောင်းများဖြစ်ကြောင်း။

ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူကြရန်၊ လူငယ်များအတွက် ငြိမ်းချမ်းသော အနာဂတ်ကို ဝိုင်းဝန်းတည်ဆောက်ပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တက္ကသိုလ်ဘွဲ့နှင်းသဘင်၊ သိပ္ပံသုတေသနဌာနနှင့်စာသင်ဆောင်များ တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုခဲ့သည်။

မြစ်ကြီးနားတက္ကသိုလ်ကို ၁၉၆၃ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ဥပစာကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။ ထို့နောက် ၁၉၇၇ ခုနှစ် မေ ၂၅ ရက်တွင် မြစ်ကြီးနားဒေသကောလိပ်၊ ၁၉၈၀ ခုနှစ် ဧပြီ ၁ ရက်တွင် မြစ်ကြီးနားကောလိပ်နှင့် ၁၉၈၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ဒီဂရီကောလိပ်အဖြစ် အဆင့်အဆင့်ပြောင်းလဲဖွင့်လှစ်ခဲ့ပြီး ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ တွင်တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ခဲ့သည်။ တက္ကသိုလ်တွင် ဝိဇ္ဇာသိပ္ပံဘာသာရပ် ၁၅ မျိုးကို သင်ကြားပေးလျက်ရှိပြီး အဝေးသင်ကျောင်းသားများအပါအဝင် ကျောင်းသားစုစုပေါင်း ၁၅၀၀၀ ခန့် တက်ရောက်ပညာသင်ကြားလျက်ရှိသည်။ ကချင်ပြည်နယ်တွင် ဗန်းမော်တက္ကသိုလ်နှင့် မိုးညှင်းဒီဂရီကောလိပ်တို့ကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

နိုင်ငံတော်သမ္မတသည် ထိုမှတစ်ဆင့် မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိပြီး ခေတ္တဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတက ဆွေးနွေးမှာကြားရာတွင် ဒီမိုကရေစီစနစ်နှင့် ကိုက်ညီသည့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျကြောင်း။

ပညာရေးကဏ္ဍက လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးပြီး ကျန်းမာရေးကဏ္ဍက ကျန်းမာသန်စွမ်းသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်အောင် ဆောင်ရွက်ပေးရကြောင်း။

ပြည်သူတစ်ဦးချင်း၏ ကျန်းမာရေးအဆင့်မြင့်မားစေရန်အတွက် အသိပညာပေးခြင်း၊ ကာကွယ်ခြင်း၊ ကုသခြင်း၊ လုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း။

မြန်မာလူမျိုးများ၏ သက်တမ်းကို မြင့်တင်ရန် လိုအပ်သကဲ့သို့ ငါးနှစ်အောက်ကလေးငယ်များ၏ သေဆုံးမှုနှုန်းထားကိုလည်းလျှော့ချရန် လိုအပ်ကြောင်း။

ပြည်နယ်ဆေးရုံကြီးများကို အဆင့်မြှင့်တင်ပေးသကဲ့သို့ မြို့နယ်၊ ခရိုင်အဆင့်ဆေးရုံများကိုလည်း မြှင့်တင်ပေးရန် လိုအပ်ကြောင်း၊ သို့မှသာ ပြည်နယ်ဆေးရုံတွင် လူနာများလာရောက်စုပုံနေခြင်းကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ကချင်ပြည်နယ်ဆေးရုံတွင် CT Scan ကဲ့သို့သော ခေတ်မီစက်များကို တပ်ဆင်ပေးနေသကဲ့သို့ မြို့နယ်နှင့် ခရိုင်အဆင့် ဆေးရုံများတွင်လည်း ကုသရေးပစ္စည်းများဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊

ကျေးရွာများတွင် အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အရန်သားဖွားဆရာမများနှင့် ကျန်းမာရေးလုပ်သားများကို ပိုမိုမွေးထုတ်ပေးမည်ဖြစ်ကြောင်း။

ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတို့ကိုယ်မိမိတို့ ပြည်သူ့ဆရာဝန်များအဖြစ် ခံယူဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဆေးရုံတက်ရောက်ကုသနေကြသော လူနာများအား ရင်းနှီးခင်မင်စွာ နှုတ်ဆက်အားပေးခဲ့သည်။ **(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသလျက်ရှိသော လူနာများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် မတ် ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ မြစ်ကြီးနားမြို့သို့ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၈နာရီ ၁၀ မိနစ်တွင် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ရောက်ရှိရာ တပ်မှူးနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဆေးရုံခန်းမတွင် တပ်မှူးက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဆေးရုံတက်ရောက်ကုသနေသော လူနာများအခြေအနေ၊ ဆေးကုသပေးနိုင်မှုနှင့် တပ်တည်ဆောက်ရေးအခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ စစ်ဦးစီးအရာရှိချုပ်(လေ)ဗိုလ်ချုပ်လွင်ဦးနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်တို့သည် ဆေးရုံတက်ရောက်ကုသနေကြသော လူနာများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(မြဝတီ)**



**✳ အမျိုးသားလွှတ်တော်မှ**

ကျောက်ချောခင်းခြင်းအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ရန်ပုံငွေတွင် လျာထားတင်ပြထားခြင်းမရှိသေးပါကြောင်းနှင့် တင်ပြပါကျောက်ချောလမ်းများအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသေးစိတ်ကွင်းဆင်းတိုင်းတာတွက်ချက်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဦးစားပေးအစီအစဉ်အတိုင်း ရန်ပုံငွေတင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း၏ **“နိုင်ငံခြားငွေကို ပုဂ္ဂလိကဘဏ်များမှ ချေးငွေအဖြစ် ထုတ်ချေးခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသည့်ဘဏ်များသည် ပြည်တွင်း၌ နေထိုင်သူများ၏ အဓိပ္ပာယ်သတ်မှတ်ချက်နှင့် အကျုံးဝင်သူများအား နိုင်ငံခြားငွေဖြင့် ချေးငွေထုတ်ချေးနိုင်ခွင့်ရှိပါကြောင်း။

နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ချောမွေ့စွာအကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရေးဆွဲပြီးဖြစ်၍ မကြာမီကာလတွင် အဆိုပါစည်းမျဉ်းများ ထုတ်ပြန်နိုင်မည်ဖြစ်ပါကြောင်း၊ ငွေကြေးရင်းမြစ်စုစည်းရန်အတွက် AD လိုင်စင်ရဘဏ်များသည် နိုင်ငံခြားငွေဖြင့် မတည်ရင်းနှီးငွေအား တိုးမြှင့်ခြင်း၊ ငွေအပ်နှံသူ Depositor များထံမှ နိုင်ငံခြားငွေဖြင့် အပ်ငွေများလက်ခံခြင်း၊ ပြည်တွင်းပြည်ပငွေကြေးဈေးကွက်များမှ နိုင်ငံခြားငွေဖြင့် ချေးငှားရယူခြင်းတို့ကို ဆောင်ရွက်နိုင်ပါကြောင်း။

ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေဖြင့် ချေးငွေထုတ်ချေးခြင်းအတွက် စည်းမျဉ်းမူဘောင်ကိုချမှတ်ပြီး သင့်လျော်သည့်အတိုးနှုန်းကို သတ်မှတ်ထိန်းကျောင်းပေးရန်၊ သက်ဆိုင်ရာဘဏ်မှ ကျပ်ငွေဖြင့် ထုတ်ချေးခြင်းနှင့် နိုင်ငံငွေဖြင့် ထုတ်ချေးခြင်းတို့၏ နှုန်းယှဉ်သာရည် အကျိုးအမြတ် (Comparative Advantage) ကို စဉ်းစား၍ မိမိ၏ဆုံးဖြတ်ချက်အရ ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း။

ကနဦးလိုအပ်ချက်မှာ ပြည်တွင်းတွင်ဘဏ်အချင်းချင်း ငွေကြေးနှင့် ချေးငွေဈေးကွက်များ ဖွံ့ဖြိုးတိုးတက်လာရန်လိုအပ်ပါကြောင်း၊ ၎င်းအပြင် ဘဏ်များတွင်လည်း နိုင်ငံခြားငွေဖြင့် ငွေကြေးရင်းမြစ်များ လုံလောက်စွာ စုစည်းရရှိရန်လိုပါကြောင်း၊ ယင်းသို့သော အခြေအနေတစ်ရပ်ရှိမှသာ ပြည်တွင်းဘဏ်များအနေဖြင့် နိုင်ငံခြားငွေဖြင့်ချေးငွေကို မိမိ၏ဖောက်သည်များအတွက် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ကော်မတီဝင် ဗိုလ်မှူးချုပ်ကျော်ဦးလွင်က လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး ယင်းဥပဒေကြမ်းနှင့်ပတ်သက်၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပြန်လည်ပေးပို့လာသော **အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော် **အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများ၊ ပေးပို့ခဲ့သည့် ကြယ်ပွင့်မပြမေးခွန်းများနှင့် ပထမပုံမှန်မှ သတ္တမပုံမှန်အစည်းအဝေးအထိ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်ရှိသည့် ကြယ်ပွင့်ပြမေးခွန်းများ၊ အဆိုများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာနှင့် ကော်မတီ၏ ကွင်းဆင်းစိစစ်ချက် အစီရင်ခံစာ**ကို ကော်မတီအတွင်းရေးမှူး ဦးခင်မောင်ဌေးနှင့် ကော်မတီဝင် ဦးအောင်ချစ်လွင်တို့က လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့သည်။

ကော်မတီ၏ ကွင်းဆင်းစိစစ်တွေ့ရှိချက်အစီရင်ခံစာ၌ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီသည် ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ သတ္တမပုံမှန်အစည်းအဝေးအတွင်း ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဌာနများမှ အဖွဲ့အစည်းဝင်များ၏ ကတိ ကဝတ်ဖြစ်ပြီးသည့် လုပ်ငန်းများအနက် ပြီးစီးကြောင်း ပြန်ကြားထားသည့် လုပ်ငန်း(၃၂)ခုအား တိုင်းဒေသကြီးနှင့် ပြည်နယ်(၉)ခုတွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှ ဒီဇင်ဘာ ၂၄ ရက်နေ့အထိ အဖွဲ့(၄)ဖွဲ့ဖြင့် ဖွဲ့စည်းစိစစ်ခဲ့ပါကြောင်း။

ကော်မတီမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ စိစစ်ခဲ့သည့် လုပ်ငန်းများအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာလုပ်ငန်းအလိုက် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများမှ



ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း။



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးခင်မောင်ဌေး။

အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ပေးသည့်အတွက် လုပ်ငန်းအားလုံးနီးပါး ပြီးစီးနေပါကြောင်း၊ သို့သော် တချို့လုပ်ငန်းများအား လုပ်ငန်းတစ်ခုချင်းအလိုက် အရည်အသွေးပြည့်မီရေး စိစစ်ကြပ်မတ်သွားရန်နှင့် လုပ်ငန်းများအချိန်မီ ပြီးစီးရေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ကော်မတီ၏ ကွင်းဆင်းစိစစ်ဆေးဆောင်ရွက်မှုသည် လွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့အကြား အပြန်အလှန်ထိန်းညှိခြင်းဖြစ်သဖြင့် ဝန်ကြီးဌာနတို့၏ ဆောင်ရွက်ချက်များသည် ပွင့်လင်းမြင်သာမှုရှိသည့်အပြင် လွှတ်တော်ကိုယ်စားလှယ်များ၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့်လည်း လုပ်ငန်းဆောင်ရွက်မှုအပေါ် စိစစ်မှုအရ ကျေနပ်မှုရှိပါကြောင်း၊ သို့ပါ၍ ကော်မတီအနေဖြင့် တစ်နှစ်လျှင် တစ်ကြိမ် ကွင်းဆင်းစိစစ်ဆေးပါက ပိုမိုထိရောက်မှုရှိသည့်အပြင် ဆက်လက်ပြီး ကွင်းဆင်းစိစစ်ဆောင်ရွက်မည်ဆိုပါက အုပ်ချုပ်မှုကိစ္စရပ်၊ သွားလာရေးကိစ္စရပ်များကို ကြိုတင်၍ စနစ်တကျစီမံဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်းဖြင့် ဖော်ပြထားသည်။

ယနေ့အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို မတ် ၁၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**✪ စစ်တွေ-ပလက်ဝမှ**

အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်သို့ ပင်လယ်ရေကြောင်းမှ လာသည့် ကုန်ပစ္စည်းများကို စစ်တွေ-ပလက်ဝအထိ ကုလားတန်မြစ်အား ဆန်တက်၍ ရေလမ်းခရီးဖြင့် လည်းကောင်း၊ ပလက်ဝမှ မီဇိုရမ်ပြည်နယ်အထိ ကားလမ်းဖောက်လုပ်ရန် အိန္ဒိယနိုင်ငံက လည်းကောင်း တာဝန်ယူဆောင်ရွက်ရန် ယခုစီမံကိန်းကို ၂၀၀၈ ခုနှစ်က အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ သဘောတူညီခဲ့သည်။ စစ်တွေမှ ပလက်ဝအထိ သွားလာရန် မြန်မာငွေကျပ် သန်း ၂၀၀ စီတန်သည့်သင်္ဘော ခြောက်စင်းကို ဒဂုံဆိပ်ကမ်းသင်္ဘောကျင်း၊ ဒလသင်္ဘောကျင်းနှင့် ဒေါပုံသင်္ဘောကျင်းများတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက တာဝန်ယူတည်ဆောက်နေသည်။

“ကာလကတ္တားလို အိန္ဒိယက ကုန်ပစ္စည်းတွေဟာ ပင်လယ်ရေကြောင်းကနေ စစ်တွေကို ရောက်လာမယ်။ စစ်တွေဆိပ်ကမ်းမှာ ကပ်မယ်။ တစ်ဆက်တည်းရှိနေတဲ့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဆိပ်ကမ်းက အခုဆောက်နေတဲ့ သင်္ဘောပေါ်တင်မယ်။ ကုလားတန်မြစ်ကို ဆန်တက်ပြီး ပလက်ဝအထိ ကုန်ပစ္စည်းတွေ တင်ပို့နိုင်မယ်ဆိုရင် ကုန်စည်စီးဆင်းမှုက လွယ်ကူလာမှာဖြစ်ပါတယ်”ဟု ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အထွေထွေ မန်နေဂျာ ဦးမောင်မောင်လွင်က ပြောသည်။

ကုလားတန်မြစ်ကြောင်းသည် စစ်တွေနှင့် ပလက်ဝကြားတွင် တချို့နေရာများ၌ နွေအခါမြစ်ကြောင်း တိမ်သည်များလည်းရှိရာ ရာသီမရွေးသွားလာရန် အခက်အခဲရှိသဖြင့် ယခုအခါ သောင်တူးခြင်းများကို ဆောင်ရွက်နေပြီဖြစ်သည်။ စစ်တွေမှ သယ်ယူလာသည့် ကုန်ပစ္စည်းများကို ပလက်ဝမှ အိန္ဒိယနယ်စပ်အထိ ကားဖြင့် တင်သွားကာ ပလက်ဝမြို့ အရှေ့ဘက်ကမ်း၌ သင်္ဘောကပ်၍ရပြီး ကုန်ပစ္စည်းများထားရန် (terminal) ရင်ပြင်တစ်ခု တည်ဆောက်နေသည်မှာလည်း ယခုနှစ်ကုန်ပိုင်းတွင် ပြီးစီးမည်ဟု သိရသည်။

“ပလက်ဝက အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်အထိ ဖောက်လုပ်မယ့် ကားလမ်းကိစ္စက နှောင့်နှေးနေတယ်။ အခုမှ လမ်းအူကြောင်းရှာ၊ တိုင်းတာတုန်းပဲ ရှိသေးတယ်။ ကားလမ်းပြီးစီးရင်တော့ ဒီစီမံကိန်းကြီး သက်ဝင်လှုပ်ရှားလာတော့မှာဖြစ်ပါတယ်။ ကုန်ပစ္စည်းတွေကလည်း ချောချောမွေ့မွေ့ မီဇိုရမ်နယ်ထဲကို ရောက်သွားမှာဖြစ်တဲ့အတွက် မီဇိုရမ်နယ်သားတွေအတွက်သာမက ပလက်ဝအပါအဝင် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကုလားတန်မြစ်ရိုးတစ်လျှောက်မှာရှိတဲ့ မြန်မာပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေလည်း တိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောပြသည်။

ပလက်ဝမြို့သည် မြန်မာနိုင်ငံ၏ ဝေးလံသီခေါင်၍ လူမှုရေးခက်ခဲသည့် မြို့နယ် ၈၇ ခုတွင် ပါဝင်သည်။ ချင်းပြည်နယ် မင်းတပ်ခရိုင်တွင်တည်ရှိပြီး ချင်းနှင့် ရခိုင်လူမျိုးတို့ အများဆုံးနေထိုင်ကြသည်။ ၁၉၈၉ ခုနှစ်အထိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရေယာဉ်များ ဆိုက်ကပ်ခဲ့သော်လည်း ၁၉၉၂ ခုနှစ်နောက်ပိုင်းတွင် ပလက်ဝမြို့၏ အောက်ဘက် သုံးမိုင်ခန့်အကွာ လောင်ကဒူးကျေးရွာအထိတွင်သာ ခရိုင်ဟံသာ ရေယာဉ်များသာ ဆိုက်ကပ်မှုရှိခဲ့သည်။ **(နန္ဒာဝင်း)**

# ကမ္ဘာ့လူငယ်အိုလံပစ်အလေးမပြိုင်ပွဲအတွက် လူရွေးပွဲကျင်းပမည်

**ရန်ကုန် မတ် ၁၇**

၂၀၁၄ ခုနှစ် ဒုတိယအကြိမ် ကမ္ဘာ့လူငယ်အိုလံပစ်အလေးမပြိုင်ပွဲကို ဩဂုတ် ၁၇ ရက်မှ ၂၃ ရက်အထိ တရုတ်နိုင်ငံ နန်ကျင်းမြို့၌ကျင်းပမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အလေးမလူရွေးချယ်ပြိုင်ပွဲကို ဧပြီ ၃ ရက်နှင့် ၄ ရက်တို့တွင် နေပြည်တော် လယ်ဝေးအလေးမလေ့ကျင့်ရေး အားကစားခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသော လူငယ်အလေးမ အားကစားသမားများအနေဖြင့် ၁၉၉၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အတွင်း မွေးဖွား သည့် အလေးမအားကစားသမားမည်သူမဆို ပြိုင်ပွဲဝင်စာရင်းပေးသွင်းနိုင်ပြီး မှတ်ပုံတင်မိတ္တူနှင့်အတူ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဖုန်း-၀၁-၃၈၈၁၆၀၊ ဖက်စ်-၀၁-၃၈၈၁၆၀ တို့သို့ မတ် ၃၁ ရက် နောက်ဆုံးထား စာရင်းပေးပို့နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လှိုင်ကော်ရုပ်သံစက်ရုံ၌ လက်ရှိ 1KW အစား 500 W ဖြင့် ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် မတ် ၁၇**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော ရုပ်မြင်သံကြားအစီအစဉ်များကို Analogue စနစ်မှ Digital စနစ် (DVB-T2) သို့ ပြောင်းလဲထုတ်လွှင့်ရန် ဆောင်ရွက်လျက်ရှိရာ ဒုတိယအဆင့်အဖြစ် မြစ်ကြီးနား၊ လှိုင်ကော်၊ ဘားအံ၊ ဖလမ်း၊ ကနေဒီ၊ မော်လမြိုင်၊ စစ်တွေ၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ မြိတ်၊ ပြည်၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ မင်းဘူး၊ ပုပ္ပား၊ မိတ္ထီလာ၊ ကျောင်းကုန်း၊ ပုသိမ်၊ ဟသ်ာတ၊ မုံရွာတို့တွင် စက်ပစ္စည်းတပ်ဆင်မှုများ စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။

လှိုင်ကော်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတွင် မတ် ၁၉ ရက်မှ ၂၅ ရက်အတွင်း Digital စနစ်ဖြင့် ထုတ်လွှင့်သော စက်ပစ္စည်းများနှင့် Antenna တပ်ဆင်မှုများ ဆောင်ရွက်မည်ဖြစ်သဖြင့် လက်ရှိထုတ်လွှင့်နေသော MRTV အစီအစဉ် Analogue 1 KW ထုတ်လွှင့်မှုကို ခေတ္တရပ်နား၍ Analogue 500 W ရှိသော လွှင့်စက်ဖြင့် ယာယီထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။ ယင်းသို့ 500 W ဖြင့် ထုတ်လွှင့်မှုကို လှိုင်ကော်စက်ရုံမှ မြောက်ဘက်တွင် လှိုင်လင်လေး၊ အရှေ့ဘက်တွင် လောပိတစ်ပြကျေးရွာ၊ တောင်ဘက်တွင် ဒီမောဆိုမြို့ (၆)မိုင်စံပြရွာ၊ ငွေတောင်နှင့် အနောက်ဘက်တွင် လှိုင်ကော်မြို့ မိုးပြဲအထိ ဖမ်းယူရရှိနိုင်မည်ဖြစ်ပြီး 1 KW ဖြင့် ထုတ်လွှင့်စဉ်က ရရှိနေသော ၁၀ မိုင်ကျော်နေရာများမှ ဖမ်းယူရရှိနိုင်မည်မဟုတ်ကြောင်းနှင့် 1 KW ဖြင့် ပြန်လည်ထုတ်လွှင့်မည့်ရက်ကို ဆက်လက်ကြေညာသွားမည်ဖြစ်ကြောင်းသိရှိရသည်။

**(သတင်းစဉ်)**

**မျိုးစေ့ထုတ်လုပ်ငန်းများထူထောင်ကြရေးနှိုးဆော်ချက်**

၁။ တောင်သူလယ်သမားများအတွက် အထွက်ကောင်း မျိုးကောင်း မျိုးသန့်မျိုးစေ့များသည် မရှိမဖြစ်အခြေခံ လိုအပ်ချက်ဖြစ်ပါသည်။

၂။ စပါးသီးနှံအပါအဝင် ဒေသနှင့်ကိုက်ညီသော ဈေးကွက်ဝင်သည့် သီးနှံအမယ်အလိုက် မျိုးကောင်းမျိုးသန့် မျိုးစေ့များ တောင်သူလယ်သမားများလက်ဝယ်သို့ စိုက်ပျိုးရာသီ အချိန်မီ ရောက်ရှိဖြန့်ဖြူးပေးနိုင်ရေးအတွက် ပြည်နယ်/တိုင်းဒေသကြီးများတွင် မျိုးစေ့ထုတ်လုပ်ငန်းများပေါ်ထွန်းလာရေးနှင့် မျိုးစေ့ထုတ်လုပ်ငန်း စိတ်ပါဝင်စားသူများအား အားပေးဆောင်ရွက်ကြရန် လိုအပ်နေပါသည်။

၃။ တောင်သူလယ်သမားများ၏အခြေခံလိုအပ်ချက်ဖြစ်သည့် မျိုးစေ့ထုတ်လုပ်ငန်းများပေါ်ထွန်းလာရေးအတွက် အမျိုးသားရေးလိုအပ်ချက်တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**

# စစ်တွေနှင့် ပြည်ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများမှ ဒစ်ဂျစ်တယ်စနစ်(DVB-T2) ဖြင့်စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိ

**နေပြည်တော် မတ် ၁၇**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော ရုပ်မြင်သံကြား အစီအစဉ်များကို Analogue စနစ်မှ Digital စနစ် (DVB-T2) သို့ ပြောင်းလဲထုတ်လွှင့်ရန် ဆောင်ရွက်လျက်ရှိရာ ဒုတိယအဆင့်အဖြစ် မြစ်ကြီးနား၊ လှိုင်ကော်၊ ဘားအံ၊ ဖလမ်း၊ ကနေဒီ၊ မော်လမြိုင်၊ စစ်တွေ၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ မြိတ်၊ ပြည်၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ မင်းဘူး၊ ပုပ္ပား၊ မိတ္ထီလာ၊ ကျောင်းကုန်း၊ ပုသိမ်၊ ဟသ်ာတ၊ မုံရွာတို့တွင် စက်ပစ္စည်းတပ်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။

စစ်တွေစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းတို့ကို ဖေဖော်ဝါရီ ၂၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ မတ် ၇ ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။ မတ် ၈ ရက်မှစတင်၍ ပြည်စက်ရုံမှ လွှင့်အား 3KW၊ လှိုင်းနှုန်း channel (E-27) ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ် ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို စက်ရုံ၏ မြောက်ဘက် ၂၂ မိုင်အကွာရှိ ပါဒလိပ်၊ သင်ပုန်းတန်း၊ ကျောင်းတောင်ရွာ၊ စေတီပြင်ရွာအထိ လည်းကောင်း၊ အရှေ့ဘက် မိုင် ၃၀ အကွာရှိ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ မင်းပြားမြို့အထိလည်းကောင်း၊ အရှေ့တောင်ဘက်မိုင် ၃၀ အကွာရှိ မြေပုံမြို့အထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

ပြည်စက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းတို့ကို မတ် ၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ မတ် ၁၁ ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။ မတ် ၁၂ ရက်မှ စတင်၍ ပြည်စက်ရုံမှ လွှင့်အား 3KW လှိုင်းနှုန်း channel(E-27) ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို စက်ရုံ၏မြောက်ဘက် ၃၃ မိုင်အကွာရှိ ကံမ၊ သရက်၊ အောင်လံမြို့အထိ လည်းကောင်း၊ အရှေ့ဘက်မိုင် ၂၅ အကွာရှိ ပေါင်းတလည်၊ ပေါက်ခေါင်းမြို့အထိလည်းကောင်း၊ တောင်ဘက်မိုင် ၄၁ မိုင်အကွာရှိ သဲကုန်း၊ ပုတီးကုန်း၊ ပေါင်းတည်၊ နတ်တလင်း၊ ကြံခင်းမြို့အထိ လည်းကောင်း၊ အနောက်ဘက် ၂၅ မိုင်အကွာရှိ ဆင်တဲ၊ ပန်းတောင်း၊ ဥသျှစ်ပင်အထိ လည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အောင်ဆန်းသူရိယလှသောင်းကျောင်းရှေ့တွင် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်မဖြစ်စေရန်အတွက် လူကူးခုံးကျော်တံတား တည်ဆောက်မည်

**ရန်ကုန် မတ် ၁၇**

မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်းခွဲအနီး အောင်ဆန်းသူရိယလှသောင်းကျောင်းရှေ့၌ ကျောင်းသား ကျောင်းသူများ လမ်းဖြတ်ကူးရာတွင် ယာဉ်အန္တရာယ်ဖြစ်ပွားမှု မရှိစေရန်အတွက် လမ်းဖြတ်ကူးသည့် လူကူးခုံးကျော်တံတားသစ်တစ်စင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်လမ်းတံတားဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

“ကျောင်းတွေရှေ့မှာ လူကူးခုံးကျော်တံတား ဆောက်တယ်ဆိုတာက အင်မတန်ကောင်းတဲ့ရည်ရွယ်ချက်ပါ။ ကျောင်းသား ကျောင်းသူတွေ လမ်းဖြတ်ကူးတဲ့အခါမှာ မဖြစ်သင့်တဲ့ ယာဉ်တိုက်မှုတွေလည်း မဖြစ်တော့ဘူးပေါ့။ အဲ့ဒီလို လူကူးခုံးကျော်တံတားတွေ ပန်းဆိုးတန်း၊ မော်တင်၊ သီရိမင်္ဂလာဈေး လူစည်ကားတဲ့နေရာတွေမှာလည်း ဆောက်လုပ်သင့်တယ်” ဟု မင်္ဂလာဒုံမြို့နယ်တွင်နေထိုင်သူ ကိုမောင်ထွေးက သူ၏အမြင်ကို သုံးသပ်ပြောကြားသည်။

ခရေပင်လမ်းခွဲအနီးတွင် လူကူးခုံးကျော်တံတား တည်ဆောက်မှုအား ကျောင်းပိတ်ချိန်ဖြစ်သည့် ဧပြီလမှစ၍ ဆောက်လုပ်သွားမည်ဖြစ်ပြီး ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်သည့် နေရာများတွင်လည်း လူကူးခုံးကျော်တံတားသစ်များ ထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ကေသိန်းဆွေ)**

# ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသူများအနက် လေးဦးကို မိဘအုပ်ထိန်းသူများက ရဲစခန်းသို့ လာရောက်အပ်နှံ

**ရန်ကုန် မတ် ၁၇**

မတ် ၁၂ ရက် ည ၁၁ နာရီခွဲခန့်တွင် ကိုကျော်ထင်ဦးနှင့် သူငယ်ချင်း ငါးဦးတို့ သာကေတမြို့နယ် ရန်ပြေထိပ်အနီးရှိ အရက်ဆိုင်တွင် အတူအရက်သောက်ခဲ့ကြပြီး ပြန်လာခဲ့ကြစဉ် အချင်းချင်း ဖုန်းဆက်ပြီး ဆဲဆိုပြောသည်ကို အနီးရှိလမ်းဘေးတွင် ထိုင်နေကြသော အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့က ၎င်းတို့ကို ဆဲသည်ဟုထင်ကာ နှစ်ဖက်စကားများခဲ့ကြကြောင်း၊ ထိုစဉ် အနီးရှိ အမျိုးသားနှစ်ဦး ရောက်ရှိလာပြီး ၎င်းတို့ကို ဝိုင်းဝန်းထိုးကြိတ်ကာ ဓားဖြင့် ထိုးခဲ့ကြသဖြင့် သူငယ်ချင်းဖြစ်သူ ဝေယံစိုးမှာ ရင်ဘတ်၌ ထိုးသွင်းဒဏ်ရာရရှိကာ သေဆုံးခဲ့ရသည့်အပြင် ချစ်စမ်းမောင်နှင့် ဝင်းထက်အောင်တို့တွင်လည်း ဓားဒဏ်ရာများ ရရှိခဲ့သည်။

ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းဆောင်ရွက်လျက်ရှိသည့်အပြင် မတ် ၁၄ ရက်တွင် Yangon Police လူမှု ကွန်ရက် facebook စာမျက်နှာမှ ပြစ်မှုကျူးလွန်သူများနှင့် ပတ်သက်ပြီး ပြည်သူများမှ တွေ့ရှိပါက ရဲတပ်ဖွဲ့သို့ အမြန်ဆုံးသတင်းပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံခဲ့သည်။

ယင်းသို့ မေတ္တာရပ်ခံခဲ့မှုအပေါ် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူများအနက် သာကေတမြို့နယ် ၃/ရန်ပြေရပ်ကွက်နေသူများဖြစ်ကြသည့် ရဲနိုင်(၂၉)နှစ်၊ လင်းထက်အောင်(၂၀)နှစ်၊ ကိုထက်(ခ)သန့်ဇော်ထက်(၁၉)နှစ်၊ သဲမောင်မောင်(ခ) မမ(ခ)ဟိန်းလတ်အောင် (၂၁) နှစ်တို့ လေးဦးအား မတ် ၁၆ ရက် ညနေ ၃ နာရီတွင် ၎င်းတို့၏ မိဘအုပ်ထိန်းသူများက သာကေတမြို့မရဲစခန်းသို့ တာဝန်သိစွာ ဆက်သွယ်လာရောက်အပ်နှံပေးကြသဖြင့် ဥပဒေနှင့်အညီ စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိပြီး ကျန်ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

# တရားမဝင်နိုင်ငံခြားငွေ ရောင်းဝယ်သူများကို အရေးယူ

**ရန်ကုန် မတ် ၁၇**

ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံအနီးပတ်ဝန်းကျင်၊ ဆူးလေဘုရားလမ်းဆုံပတ်ဝန်းကျင်၊ ဆူးလေနှင့် ဗိုလ်ချုပ်လမ်းဆုံအနီး ပတ်ဝန်းကျင်နေရာများတွင် တရားမဝင်နိုင်ငံခြားငွေရောင်းဝယ်သူများက နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များအား အနှောင့်အယှက်ပေး လိမ်လည်လျက်ရှိကြောင်း သတင်းအရ ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ စိစစ်ဖော်ထုတ်ခဲ့ရာ စိုးကျော်သူပါ ရှစ်ဦးအား ဖမ်းဆီးရမိခဲ့သဖြင့် ကျောက်တံတားမြို့မရဲစခန်းက ခြေချုပ်နှင့် ခံဝန်ဥပဒေဖြင့် အရေးယူခဲ့သည်။

ဆက်လက်၍ စီမံချက်ချမှတ်ပြီး စုံစမ်းဖော်ထုတ်ခဲ့ရာ ဇွန်သက်ပါ ၂၅ ဦးတို့အား ဖမ်းဆီးရမိသဖြင့် ကျောက်တံတားမြို့မရဲစခန်းနှင့် ပန်းဘဲတန်းမြို့မရဲစခန်းတို့မှ ခြေချုပ်နှင့် ခံဝန်ဥပဒေဖြင့် အရေးယူခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တရားမဝင် နိုင်ငံခြားငွေရောင်းဝယ်သူများကို စဉ်ဆက်မပြတ်စောင့်ကြည့်၍ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**



ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုကျေးရွာတွင် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်က သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်နေ့အထိ ခြိမ့်ခြိမ့်သဲသဲ စည်ကားစွာ ကျင်းပစဉ်။ စိုင်း(သီပေါ)

# Skin Care စာတ်မတည့်ခြင်းကြောင့် မျက်နှာအသားအရေ ယားယံပျက်စီးခြင်းအတွက်

Skin Care ဓာတ်မတည့်ခြင်းကြောင့် Allergic ဖြစ်ပြီး မျက်နှာအသားအရေ ယားယံပျက်စီးနိုင်ပါတယ်။ တချို့သူတွေမှာ တစ်မျက်နှာလုံး ပျက်စီးလုနီးနီး အဖုအပိမ့်တွေ ထွက်လာတာကြောင့် အိမ်ထဲက အိမ်ပြင်မထွက်ရဲလောက်အောင် စိတ်ဆင်းရဲရပြီး ကျောင်းပျက်၊ အလုပ်ပျက်ဖြစ်ကာ လူမှုရေးကိစ္စတွေပါ လစ်ဟင်းစေနိုင်ပါတယ်။

(၁) လူတစ်ဦးနှင့်တစ်ဦး အသားအရေဖြစ်တည်ပုံ မတူညီကြပါဘူး။ ဒါကြောင့် မည်မျှပင်နာမည်ကြီး ဈေးကြီးကြီးပေးဝယ်ရတဲ့ ပစ္စည်းကောင်းဖြစ်ပါစေ မိမိမျက်နှာနဲ့ ဓာတ်မတည့်မှုဖြစ်စေနိုင်လို့ သတိပြုသုံးစွဲပါ။

(၂) ပစ္စည်းအသစ်ကို သုံးစွဲပြီးနောက် ချက်ချင်း(သို့မဟုတ်) နောက်တစ်နေ့မှာ မျက်နှာအသားအရေအရောင် ရုတ်တရက်ပြောင်းလဲသွားခြင်း၊ အဖုသေးသေးလေးတွေ ထလာခြင်း၊ အသားအရေ ပွစိစိဖြစ်လာခြင်းမျိုး ကြုံတွေ့ရပါက Skin Care သုံးစွဲခြင်းကို ချက်ချင်းရပ်ပစ်လိုက်ပါ။

(၃) မြန်မာ့ရေမြေသဘာဝရာသီဥတုနှင့် ကိုက်ညီတဲ့ သနပ်ခါးတုံး(စစ်စစ်)ကို ကျောက်ပြင်ပေါ်သွေး၍ လိမ်းပါ။ (မျက်နှာအသားအရေ ပုံမှန်အတိုင်း ဖြစ်လာတဲ့အချိန်ထိ နေ့၊ ညသနပ်ခါးတုံးစစ်စစ် လတ်လတ်ဆတ်ဆတ်ကိုသာ သွေး၍ လိမ်းပါ)

(၄) တောင်တန်ကြီး၊ နံ့သာဖြူတို့ မလိမ်းရ။ ဓာတ်မတည့်ဖြစ်နေတဲ့ အသားအရေကို ပို၍လောင်သွားစေနိုင်ပါတယ်။

(၅) အသင့်လိမ်းသနပ်ခါးတွေကို တာရှည်ခံအောင် ဓာတုပစ္စည်းတွေ သုံးစွဲထားကြသလို အမွှေးနံ့ အတုကိုပါ ထည့်သွင်းထားတာကြောင့် အသားအရေ ဓာတ်မတည့်ဝေဒနာခံစားနေရချိန်မှာ အသင့်လိမ်းသနပ်ခါးအနှစ်ဘူး၊ သနပ်ခါးရည်ပုလင်းတွေ လိမ်းခြင်းကို ရှောင်သင့်ပါတယ်။

(၆) ရုတ်တရက် အသားအရေဓာတ်မတည့်ဖြစ်နေတဲ့ အချိန်များမှာ မျက်နှာသစ်ဆပ်ပြာ ပြင်းပြင်းမသုံးသင့်ပါဘူး။ ဥပမာ baby soap တို့လို ဆပ်ပြာပျော့ပျော့ ရွေးသုံးပေးပါ။

(၇) Cevit (ဗီတာမင်စီ) နှင့်အတူ Vitamin E ဆေးလုံးလေးတွေ တွဲစားပေးပါ။ (သိပ်ပြင်းထန်လာပါက အရေပြားဆရာဝန်နှင့် ကုသမှုကို ခံယူပါ)

(၈) အသားအရေကလည်း စိတ်ပိုင်းဆိုင်ရာနဲ့ တိုက်ရိုက်ပတ်သက်ဆက်နွှယ်နေပါတယ်။ စိတ်ကို ပျော်ရွှင်အောင်နေပါ။

(၉) မိမိအိမ်မှာ မြတ်စွာဘုရားကို မျက်နှာသစ်တော်ရေကြည်ကပ်လှူပါ။ စိတ်ကြည်လင်အောင် ၂၄ ပစ္စည်းပဋ္ဌာန်း (အချိန်မရပါက ပဋ္ဌာန်းအကျဉ်း)ကို အချိန်ရတိုင်း ရွတ်ဖတ်ပေးပါ။ **(ပေါက်ပေါက်)**

# ကျောင်းဆောင်သစ်နှင့် လမ်းတံတားစီမံကိန်း ကန်ဒေါ်လာ ၂၂၀၀၀၀ ကျော် ဂျပန်ပံ့ပိုး

**ရန်ကုန် မတ် ၁၇**

ကျောင်းဆောင်သစ် ဆောက်လုပ်ရေးစီမံကိန်းနှင့် လမ်းတံတားစီမံကိန်းအတွက် ဂျပန်အစိုးရက အမေရိကန်ဒေါ်လာ ၂၂၀၄၃၉ ကို ပံ့ပိုးပေးခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သိရသည်။

ဂျပန်အစိုးရ၏ အသေးစား ထောက်ပံ့ပေးရေး အစီအစဉ်အရ ပံ့ပိုးကူညီခြင်းဖြစ်ပြီး မွန်ပြည်နယ် ဓမ္မသုခဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျောင်းဆောင်သစ် ဆောက်လုပ်မှုအတွက် အမေရိကန်ဒေါ်လာ ၉၈၈၇၅ နှင့် ကရင်ပြည်နယ် ဘားအံမြို့နယ် ရွှေတော-ကော့လုံးစိန်ကျေးရွာ လမ်း၊ တံတားဆောက်လုပ်ရေးစီမံကိန်းတွင် အမေရိကန်ဒေါ်လာ ၁၂၁၅၆၄ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၂၀၄၃၉ တို့ကို သုံးစွဲသွားမည်ဖြစ်ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိခြင်းဖြစ်သည်။

ယခုလို ပံ့ပိုးခြင်းကြောင့် ကျောင်းသား ကျောင်းသူ ၃၀၀ ကျော်ခန့် ပညာသင်ကြားနေသည့် မွန်ပြည်နယ် ဓမ္မသုခဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ကောင်းမွန်သည့် ပညာသင်ကြားမှုပတ်ဝန်းကျင်ကောင်းများ ရရှိခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။ အိမ်သာနှင့် ကျောင်းသုံးပရိဘောဂများပါဝင်မည့် သံကူကွန်ကရစ်ကျောင်းဆောင် တည်ဆောက်မှုစီမံကိန်းကြောင့် ယခင်က ဘုန်းကြီးကျောင်းအတွင်းရှိ သာသနာ့အဆောက်အအုံများတွင် ပညာသင်ကြားနေမှုမှ တိုးတက်ပြောင်းလဲသော အခြေအနေမျိုးဖြစ်လာမည်ဟု သိရသည်။

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ရွှေတော-ကော့လုံးစိန်ကျေးရွာချင်းဆက်လမ်းတွင် သံကူကွန်ကရစ်တံတားနှင့် ကျေးရွာချင်းဆက်လမ်းပြုပြင်မှုစီမံကိန်းကြောင့် ကျေးရွာနှစ်ရွာရှိ ဒေသခံဦးရေပျမ်းမျှ ၈၆၀၀ ခန့်မှာ လူမှုရေး၊ စီးပွားရေး အခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

ထို့အပြင် ဖေဖော်ဝါရီလအတွင်းက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ရွာလယ်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်းအတွင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၁၄၂၄၅ နှင့် ချင်းပြည်နယ် ဟားခါးမြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဆောက်လုပ်ရေး စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၂၉၈၉၉၁ တို့ကို ပံ့ပိုးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ထိုသို့ ပံ့ပိုးကူညီမှု အစီအစဉ်များကို ၁၉၉၃ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံတွင် ဂျပန်နိုင်ငံက လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်ပြီး ပညာရေးထောက်ပံ့မှုစီမံကိန်းပေါင်း ၃၀၁ ခု၊ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ရေးစီမံကိန်းပေါင်း ၁၇၀၊ လူမှုဖူလုံရေးနှင့်ပတ်ဝန်းကျင် စီမံကိန်းပေါင်း ၁၃၃ ခု၊ အခြေခံအဆောက်အအုံစီမံကိန်းပေါင်း ၃၀၊ အခြားအမျိုးမျိုးသော စီမံကိန်းပေါင်း ၃၅ ခုတို့အတွက် ကူညီခဲ့ပြီးဖြစ်ကြောင်း၊ ယင်းကူညီမှုများသည် မြန်မာ-ဂျပန်နှစ်နိုင်ငံချစ်ကြည်ရေးကို ပိုမိုတိုးတက်ခိုင်မာလာစေရန် မျှော်မှန်းထားကြောင်း သိရသည်။ **ထက်ခိုင်(စမ်းချောင်း)**

# ပူတာအို-ဇီးအွန်လမ်း ရန်ပုံငွေဖြင့် တံတားဆောက်

**ပူတာအို မတ် ၁၇**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ပူတာအို-ဇီးအွန်လမ်းပေါ်ရှိ သစ်သားတံတားအမှတ်(၃)ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၅ သန်းဖြင့် အရှည် ပေ ၅၀၊ အကျယ် ၁၂ ပေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်ဇော်လင်းကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူ ဆောက်လုပ်လျက်ရှိရာ မတ် ၁၃ ရက်တွင် ၄၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းတံတားနေရာတွင် ယခင်က သုံးပေအချင်းရှိ ကွန်ကရစ်ပြွန်သာတပ်ဆင်ထားပြီး ရေထွက်ဧရိယာသေးငယ်သဖြင့် မိုးရာသီ၌ တောင်ကျရေလျှံမှုများဖြစ်ပေါ်ကာ ပူတာအိုမြို့သို့ သွားလာသူများ နာရီပေါင်းများစွာ စောင့်ဆိုင်းနေရ၍ အချိန်ကြန့်ကြာသည့် ပြဿနာနှင့် ရင်ဆိုင်ခဲ့ရသည်။ **(ခရိုင်ပြန်/ဆက်)**














ယာဉ်မောင်း
အမြန်အလိုရှိသည်
ယာဉ်မောင်း(၁)ဦး
အသက် ၂၅ မှ ၄၀ အတွင်း
ဖုန်း-၀၉-၅၀၆၉၂၆၈၊
၀၁-၈၆၁၀၀၄၄



## သင်္ကြန်ကာလ လမ်းပေါ်၌ ယာဉ်ပျက်ပါက ကရိန်းဖြင့်ဆွဲယူမည်

**ရန်ကုန် မတ် ၁၇**

သင်္ကြန်ကာလအတွင်း လမ်းလယ်ပေါ်၌ စက်ပျက်ယာဉ်များရပ်နားထားပါက ကရိန်းဆွဲတင်ယာဉ်များဖြင့် ဖယ်ရှားဆွဲယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူး(ရန်ကုန်)မှ သိရသည်။

အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူး (ရန်ကုန်)မှ ဒုရဲမှူးကြီးလင်းထွန်းက "သင်္ကြန်ကာလအတွင်း ယာဉ်မရပ်ရ သတ်မှတ်နေရာတွေမှာရပ်တာနဲ့ ဖြူ နီကျားမှာရပ်တာတွေကိုတော့ ကျွန်တော်တို့က အရေးမယူပါဘူး၊ ဒါလည်း သင်္ကြန်ကာလမို့ပါ။ ဒါပေမယ့် လမ်းလယ်မှာ စက်ပျက်ပြီးရပ်နားထားတာကတော့ ကျွန်တော်တို့က ကရိန်းနဲ့ ဆွဲယူရပါလိမ့်မယ်၊ ဒီလိုမဆွဲဘူးဆိုရင် နောက်ကလိုက်ပါလာတဲ့ ယာဉ်တွေအတွက် အခက်အခဲရှိစေနိုင်လို့ပါ။ ဒီစက်ပျက်ယာဉ်တွေကိုလည်း မဖမ်းပါဘူး၊ ဒါပေမယ့် ကျွန်တော်တို့က ဒီယာဉ်ကို ရှင်စောပုကားဝင်းထိ ဆွဲသွားရမှာဖြစ်တဲ့အတွက် သတ်မှတ် ကရိန်းဆွဲခကိုတော့ ယာဉ်ပိုင်ရှင်တွေက ပေးဆောင်ရမှာဖြစ်ပါတယ်၊ ဒီလိုဆောင်ရွက်ရတာကလည်း ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေအောင်ပါ၊ ပြီးတော့ သင်္ကြန်ရက်တွေအတွက်လည်း အရင်နှစ်များအတိုင်း ယာဉ်ထိန်းရဲတပ်ဖွဲ့အင်အားကို နေရာအနှံ့အသုံးပြုထားသွားမှာပါ။ သင်္ကြန်ကာလအတွင်း ဆရာဝန်အသင်းတိုက်အနီး ပါရမီလမ်း မဟာဗန္ဓုလပန်းခြံအနီး ကုက္ကိုင်းလမ်းဆုံ မြေနီကုန်းတစ်လျှောက်မှာ ယာဉ်ကြောတွေက ကျပ်နေကျဖြစ်လို့ ကရိန်းဆွဲတင်ယာဉ်တွေကို ထားရှိသွားမှာပါ၊ နောက်ပြီး သင်္ကြန်နဲ့ပတ်သက်တဲ့ ယာဉ်မှုခင်းတွေကိုလည်း နည်းနိုင်သမျှ နည်းသွားအောင် ကြပ်မတ်တိုးမြှင့်လုပ်ဆောင်သွားမှာပါ" ဟု ရှင်းပြသည်။

ထို့အပြင် သင်္ကြန်ကာလအတွင်း ယာဉ်မောင်းများအား အရက်မူးတိုင်းကိရိယာဖြင့် တိုင်းတာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးပွိုင့်များတွင် တပ်ဆင်ထားရှိသော CCTV ကင်မရာမှတ်တမ်းများကိုကြည့်၍ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝ၄ဝ)**



## ယာဉ်မောင်းအိပ်ငိုက်မှုကြောင့် ယာဉ်တိုက်မှုဖြစ်ပွား

**နေပြည်တော် မတ် ၁၇**

ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၁၁၇/၄)အနီး၌ မတ် ၁၃ ရက် နံနက် ၁၀ နာရီ ၅ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သာဂရအမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ရန်ကုန်မှ နေပြည်တော်သို့ မော်လမြိုင်မြို့နယ် သိမ်ကုန်းဘိုးကုန်းရပ်ကွက်နေ စိုင်းတင့်အောင်နိုင်(၃၇)နှစ် မောင်းနှင်သော ၈၄/--- လိုက်ထရပ်အဝါရောင် ယာဉ်မှာ ယာဉ်မောင်းအိပ်ငိုက်ပြီး လမ်းဘေး ဘာရီယာတုံးများအား တိုက်မိ၍ လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိကာ ရပ်တန့်သွားကြောင်း စစ်ဆေးတွေ့ရှိရသည်။ ထိုသို့တိုက်မိမှုကြောင့် ယာဉ်ပေါ်ပါရှိသူနှစ်ဦးအနက် စိုင်းတင့်အောင်နိုင်တွင် နှုတ်ခမ်း ယာဘက်ကွဲ၊ ရင်ဘတ်အောင့်၊ ဝဲခြေဖမိုးပွန်း၊ ယာဒူးခေါင်းပွန်းပဲ့ဒဏ်ရာနှင့် ဘားအံမြို့နယ် မင်းခေါင်ရပ်နေ ကိုစိုးသိန်း (၂၈)နှစ်တွင် ဝဲဘက်နံအောင့်ဒဏ်ရာများရရှိခဲ့ပြီး အဆိုပါယာဉ်မှာ ဦးခေါင်းပိုင်းပိန်ချိုင့်၊ ရှေ့လေကာမှန်ကွဲ၊ ယာတံခါးပိန်ချိုင့်သွားသည်။

ယာဉ်မဆင်မခြင် မောင်းနှင်သူ စိုင်းတင့်အောင်နိုင်အား သာဂရအမြန်လမ်းရဲစခန်းက ယာဉ်(ပ) ၇/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၃၇/၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## ချဲ/ထီလောင်းကစားရာတွင် အသုံးပြုသည့် စာရွက်စာတမ်းများနှင့် လောင်းကြေးငွေများ သိမ်းဆည်းရမိ

**သာယာဝတီ မတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ သာယာဝတီခရိုင် ရဲတပ်ဖွဲ့မှူးတို့၏ လမ်းညွှန်မှု၊ သာယာဝတီမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းနိုင်၏ စီစဉ်ညွှန်ကြားတာဝန်ပေးမှုဖြင့် စံရွေးနယ်မြေရဲစခန်းမှ ရဲအုပ်ဇော်ဝင်းနိုင် ဦးစီးအဖွဲ့သည် သက်သေများနှင့်အတူ လောင်းကစားဖမ်းဆီးရေးအတွက် မတ် ၁၆ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ညောင်ကောက်ကွေးကျေးရွာအုပ်စု ရေကျော်ရွာလမ်းမဘေးရှိ ဈေးဆိုင်တွင် အသွင်ယူစောင့်ဆိုင်းစဉ် သာယာဝတီမြို့နယ် ဇီးပွဲကျေးရွာအုပ်စု ဇီးပွဲကျေးရွာနေ တင်နိုင်ဝင်း(ခ)ဂျပိတ်နှင့် ကျော်မင်းထိုက်တို့မောင်းနှင်လာသည့် ကန်ဘို ၁၂၅ အနက်ရောင်မော်တော်ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ တင်နိုင်ဝင်းလွယ်ထားသည့် Y-3 စာတန်းပါ ကာကီရောင် ဘေးလွယ်အိတ်အတွင်းမှ ချဲထီလောင်းကစားရာတွင်အသုံးပြုသည့် စာရွက်စာတမ်းများနှင့်အတူ လောင်းကြေးငွေကျပ် ၂၄၉၈၄၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား စံရွေးနယ်မြေရဲစခန်းက (ပ)၁၂/၂၀၁၄၊ လောင်းကစားဥပဒေပုဒ်မ ၁၅(က)/၁၆(က)ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ကျောပိုးအိတ်လုယူထွက်ပြေးသူအား စုံစမ်းဖော်ထုတ်ဖမ်းဆီး သိမ်းဆည်းရမိသည့်ပစ္စည်းများအား ပိုင်ရှင်ထံပြန်လည်အပ်နှံ

**နေပြည်တော် မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် (၂၆) လမ်း (၇၃×၇၄) လမ်းကြားတွင် မတ် ၅ ရက် ည ၈ နာရီခွဲခန့်က အင်္ဂလန်နိုင်ငံသူ Ms. Sarah Ruth Anvoner စီးနင်းလာသည့် စက်ဘီးရှေ့ခြင်းအတွင်းမှ ချည်ကျောပိုးအိတ်အား ဆွဲယူထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးနှင့် ပစ္စည်းများ ပြန်လည်သိမ်းဆည်းရမိရေးအတွက် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သည့်ပူးပေါင်းအဖွဲ့က စုံစမ်းဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူ ချမ်းအေးသာစံမြို့နယ် သီရိဟေမာ အရှေ့ရပ်ကွက် (၈၈×၈၉)လမ်းကြား၊ (၂၇)လမ်းနေ မင်းသူအောင်(၂၉)နှစ်အား မတ် ၉ ရက် ညနေ ၅ နာရီ မိနစ် ၂၀ တွင် ချမ်းအေးသာစံမြို့နယ် (၂၆×၈၀)လမ်းထောင့်၌ ဖမ်းဆီးရမိခဲ့ပြီး ၎င်းထံမှ Micro Sim Card တစ်ခု၊ Phone Cover အဖြူရောင် တစ်ခု၊ ipod တစ်ခု၊ iPhone 5s လက်ကိုင်ဖုန်း တစ်လုံးနှင့် Panasonic ကင်မရာ တစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါသိမ်းဆည်းရမိသည့်ပစ္စည်းများအား ချမ်းအေးသာစံမြို့နယ် တရားသူကြီး၏ခွင့်ပြုချက်အရ မတ် ၁၂ ရက် နံနက် ၁၁ နာရီတွင် ချမ်းအေးသာစံမြို့နယ် ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စု(မန္တလေး)မှ တပ်ဖွဲ့ဝင်များက မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းမှတာဝန်ရှိသူများရှေ့တွင် Ms.Sarah Ruth Anvoner သို့ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ရဲပြန်ကြား)**





စစ်ကိုင်းတိုင်းဒေသကြီး တရားသူကြီးချုပ် ဦးစန်းပိုသည် မတ် ၁၅ ရက် နံနက် ၁၀ နာရီခန့်က မြင်းမူမြို့မရဲစခန်းသို့ရောက်ရှိကာ အချုပ်ခန်းအား အသေးစိတ်စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်းသိရသည်။

သတင်းနှင့် ဓာတ်ပုံ - ကိုကိုနိုင် (မြင်းမူ)

# ပုဂ္ဂလိကဆေးရုံများ ဝန်ဆောင်မှုအားနည်း၍ ပြည်ပသို့ ဆေးကုသစရိတ်တစ်နှစ် သန်း ၂၀၀ ခန့်ရှိ

**ရန်ကုန်၊ မတ် ၁၇**

ပုဂ္ဂလိကဆေးရုံများ၏ ဝန်ဆောင်မှုအားနည်းချက်များကြောင့် ပြည်ပသို့သွားရောက် ဆေးကုသစရိတ်မှာ တစ်နှစ်လျှင် သန်း ၂၀၀ ခန့်အထိ ရှိနေပြီဖြစ်ကြောင်း အထက်မြန်မာပြည် ပုဂ္ဂလိကဆေးရုံများအတွက် ကျန်းမာရေးသတင်းအချက်အလက်ကောက်ခံခြင်းနှင့် အခြေခံဆေးမှတ်တမ်းထိန်းသင်တန်းတွင် အထက်မြန်မာပြည် ပုဂ္ဂလိကဆေးရုံများအသင်းဥက္ကဋ္ဌ ဒေါက်တာဦးကြည်ရှင်က ထည့်သွင်းပြောကြားသွားခဲ့သည်။

နိုင်ငံတွင်းရှိ ပုဂ္ဂလိကဆေးရုံများ၏ ခေတ်နောက်ကျမှုများ၊ အဆင့်အတန်းနိမ့်ကျမှုများနှင့် ဝန်ဆောင်မှုအားနည်းချက်များကြောင့် နိုင်ငံခြားသို့သွားရောက်ဆေးကုသခြင်းများ ရှိနေပြီး အသင်းသားများအနေနှင့် အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အဆင့်အတန်း မြင့်မားလာရန် ကူညီဆောင်ရွက်သွားဖို့ လိုအပ်ကြောင်း ၎င်းကပြောသည်။

ထို့ပြင်နိုင်ငံတော်အနေဖြင့်လည်း ပုဂ္ဂလိကဆေးရုံများ၏ လုပ်ငန်းများကို အားပေးခြင်း၊ ထောက်ပံ့ပေးခြင်းနှင့် ပုဂ္ဂလိကဆေးရုံများတွင် ဝန်ဆောင်မှုများ အဆင့်မြင့်တိုးတက်လာစေရန် ဆေးရုံအုပ်ချုပ်မှုသင်တန်းများ၊ ဆေးမှတ်တမ်းထိန်းသင်တန်းများ ခွင့်ပြုပေးနေပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ပုဂ္ဂလိကဆေးရုံများကလည်း သင်တန်းများမှာ ပို့ချပြီးတဲ့ဘာသာရပ်တွေကို လက်တွေ့အသုံးချစေပြီးအဆင့်မြင့်မြင့် တွေးခေါ်ကြံစည်လုပ်ကိုင်ကြစေလိုပါတယ်"ဟု ၎င်းကတိုက်တွန်းပြောကြားသည်။

ပုဂ္ဂလိကဆေးရုံများအသင်းသည် တစ်မျိုးသားလုံး ကျန်းမာရေး၊ အဆင့်အတန်းမြင့်မားရေး လူတိုင်းကျန်းမာပြီး သက်တမ်းစေ့နေနိုင်ရေး၊ နိုင်ငံသားတိုင်း ရောဂါဘယကင်းရှင်းစေရေး၊ ရောဂါဖြစ်လျှင် ထိရောက်စွာကုသနိုင်ရေး စသည့်ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အကြီးအကဲ အမျိုးသားကျန်းမာရေးကော်မတီ နာယက၏ လမ်းညွှန်မှုဖြင့် ပေါ်ထွန်းလာခဲ့

> ပုဂ္ဂလိက ဆေးရုံများ၏ ခေတ်နောက်ကျ. . .

သော အဖွဲ့အစည်းဖြစ်ရာ သက်တမ်းကာလမှာ ၂ နှစ်ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

# အိန္ဒိယနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များနှင့် လက်တွဲလုပ်ကိုင်လို

**ရန်ကုန်၊ မတ် ၁၇**

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အိန္ဒိယနိုင်ငံမှ ကုန်သည်များက မိတ်ဖက်စီးပွားရေးသမားများ လိုအပ်လျက်ရှိကြောင်း အိန္ဒိယကောင်စစ်ဝန်သစ် ဒေါက်တာနန္ဒကူမားရ်က ပြောကြားသည်။

မတ် ၁၄ ရက် ညနေ ၄ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်အတွင်းရှိ အိန္ဒိယကောင်စစ်ဝန်ရုံးတွင် ကောင်စစ်ဝန်အသစ် မိတ်ဆက်ပွဲ၌ ဒေါက်တာနန္ဒကူမားရ်က မန္တလေးမြို့ခံမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

"မြန်မာနိုင်ငံကလက်တွဲလို့ရမယ့် စီးပွားရေးလုပ်ငန်းရှင်တွေကို အိန္ဒိယဘက်က စီးပွားရေးသမားတွေက လိုအပ်နေပါတယ်၊ တကယ်လို့ နှစ်ဖက်တွဲပြီး လုပ်မယ့်စီးပွားရေးလုပ်ငန်းရှင်တွေနဲ့သာ ချိတ်ဆက်မိသွားရင် အိန္ဒိယဘက်ကနေ လုပ်ငန်းပေါင်းများစွာဟာ ဒီနိုင်ငံမှာလာပြီး စီးပွားရေးလုပ်ဖို့ အသင့်ရှိနေကြပါပြီ" ဟု ၎င်းက ဆက်လက်ပြောသည်။

ဒေါက်တာ နန္ဒကူမားရ်သည် အီရန်နိုင်ငံတွင်လည်း အိန္ဒိယကောင်စစ်ဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံ သို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ခြင်း ဖြစ်သည်။

ဆက်လက်ပြီး ယင်းက မြန်မာ အိန္ဒိယနှစ်နိုင်ငံအနေဖြင့် ကူးသန်းရောင်းဝယ်မှုမှာ ပြီးခဲ့သည့်နှစ်တွင် အပြန်အလှန်ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းထိ ရှိခဲ့၍ ၎င်း၏လက်ထက်တွင် ပိုမိုအောင်မြင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းကိုလည်း အသိပေးပြောကြားခဲ့သည်။

> အိန္ဒိယဘက်က စီးပွားရေးသမားတွေက လိုအပ်နေပါတယ်. . .

"ကျွန်တော်တို့နိုင်ငံက ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ထိပ်ဆုံးပိုင်းကို ရောက်နေပါပြီ ၊ ဒီအကျိုးအမြတ်တွေကို မြန်မာနိုင်ငံဘက်ကလည်း ခံစားလို့ရအောင် ကူညီမှုပေးသွားမှာပါ။ ကျွန်တော်တို့နိုင်ငံဘက်က စိုက်ပျိုးရေး၊ နည်းပညာနဲ့ လျှပ်စစ်ကုမ္ပဏီတွေက ဒီဘက်လာပြီးအလုပ်လုပ်ကိုင်ဖို့ စိတ်ကူးရှိနေပါတယ်" ဟု အိန္ဒိယကောင်စစ်ဝန်က ဆက်လက်ပြောကြားခဲ့သည်။

**အောင်(မန်း)**

## သီပေါမြို့နယ်ရှိ သမိုင်းဝင်ဘော်ကြိုဘုရားပွဲတော်၌ အနုပညာရှင်များ စုံလင်စွာဖျော်ဖြေလျက်ရှိ

**သီပေါ၊ မတ် ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်ရှိ သမိုင်းဝင်ဘော်ကြိုမုဋ္ဌောစေတီတော်မြတ်ကြီး၏ တပေါင်းပွဲတော်ကြီးတွင် မတ် ၁၃ ရက် ညပိုင်းမှစတင်လျက် 'မော်ကွမ်တိုင်း' (ရှမ်းချယ်ရီ) ဇာတ်သဘင်၊ 'မြမန္တလာမြန်မာ' ဇာတ်သဘင်၊ မြို့နယ်ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၏ စင်တင်တေးဂီတနှင့် ခေတ်ဦးစတူရီယို တေးသံရှင် လားရှိုးသိန်းအောင်၊ တက္ကသိုလ်ရဲအောင်၊ စိုင်းခမ်းခုံးတို့၏ စင်တင်တေးဂီတဖျော်ဖြေပွဲ အစုံအလင်ဖြင့် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၏ စင်တင်တေးဂီတဖျော်ဖြေပွဲ၌ စိုင်းအောင်ထီးခမ်း၊ စိုင်းလိတ်၊ စိုင်းဆေးဟန် စသည့် ရှမ်းတိုင်းရင်းသား အနုပညာရှင်များ ပါဝင်သီဆိုခဲ့ကြပြီး၊ ခေတ်ဦးစတူရီယိုတေးသံရှင်များ၏ ဖျော်ဖြေပွဲတွင် လားရှိုးသိန်းအောင်က အထူးရေးစပ်ခဲ့သော 'ဒုဋ္ဌဝတီရှမ်းနေပြည်' သီချင်းသစ်ဖြင့် စတင်သီဆိုဖွင့်လှစ်၍ တက္ကသိုလ်ရဲအောင်က သူ၏ 'ရိုးမကဗျာ'၊ 'ရှမ်းရိုးမကအိုးစည်သံ'၊ 'မန်းမြေမှာလေးနှစ်တာ'၊ စိုင်းခမ်းခုံးက သူ၏ 'မုန်းမမမုန်း'နှင့် ရှမ်းတေးသီချင်းများကို သီဆိုဖျော်ဖြေသွားခဲ့ကြသည်။

ဘော်ကြိုဘုရားပွဲတော်ကြီးတွင် အခြားပျော်ပွဲရွှင်ပွဲများနှင့်အတူ အထက်ပါအစီအစဉ်များအားလုံးကို မတ် ၁၆ ရက် နံနက်ပိုင်းအထိ ကျင်းပခဲ့ပြီး ပွဲတော်လာပရိသတ်များဖြင့် အထူးစည်ကားခဲ့ကြောင်း တွေ့ရသည်။

**သီပေါ–ကိုလတ်**


## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနမှ လုပ်ငန်းခွင်အရောက် ဘီလပ်မြေများကို အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းအောက်ရှိ (သရက်၊ ကြံခင်း၊ ကျောက်ဆည်)စက်ရုံများမှ သယ်ယူပို့ဆောင်ရာတွင် လမ်းကြောင်းအလိုက် ပုတ်ပြတ်နှုန်းထားများပေးပို့ရန် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၄ခုနှစ်၊ ဧပြီလ ၁၀ရက် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ရုံးအမှတ်(၄၃)၊ နေပြည်တော်

ဖုန်း-၀၆၇-၄၁၀၃၁၇

## မြေပုံများလွတ်လပ်စွာ ရောင်းချပေးလျက်ရှိခြင်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ မြေတိုင်းဦးစီးဌာနမှ တိုင်းတာ၊ ရေးဆွဲ၊ ပုံနှိပ်ထုတ်ဝေသည့် အောက်ဖော်ပြပါ မြေပုံများအား အများပြည်သူလူထုသို့ လွတ်လပ် စွာ ရောင်းချပေးလျက်ရှိပါသဖြင့် နေပြည်တော်၊ ရန်ကုန်မြို့နှင့် ပြင်ဦးလွင်မြို့များရှိ မြေတိုင်းဦးစီး ဌာနရုံးခွဲများတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| (၁) | ပြည်နယ်နှင့်တိုင်းဒေသကြီးမြေပုံစာအုပ်(မြန်မာ) | (၅၀၀၀) ကျပ် |
| (၂) | နေပြည်တော်လမ်းညွှန်မြေပုံ(အင်္ဂလိပ်) | (၁၀၀၀) ကျပ် |
| (၃) | ရန်ကုန်လမ်းညွှန်မြေပုံ(အင်္ဂလိပ်) | (၁၀၀၀) ကျပ် |
| (၄) | ၁" = ၂၀ မိုင် မြန်မာပြည်မြေပုံ(မြန်မာ) | (၂၅၀၀) ကျပ် |
| (၅) | ၁" = ၄၅ မိုင် မြန်မာပြည်မြေပုံ(မြန်မာ) | (၁၀၀၀) ကျပ် |
| (၆) | ၁" = ၄၅ မိုင် မြန်မာပြည်မြေပုံ(အင်္ဂလိပ်) | (၁၀၀၀) ကျပ် |

ဆက်သွယ်ရန်ဖုန်း - (နေပြည်တော်) ဖုန်း-၀၆၇-၄၁၃၄၃၃
- (ရန်ကုန်) ဖုန်း-၀၁-၆၆၂၉၃၃
- (ပြင်ဦးလွင်) ဖုန်း-၀၈၅-၂၂၅၂၈

(မြေတိုင်းဦးစီးဌာန)

## ပါမောက္ခဦးခင်မောင်ဝင်း
## ၏
## ကျန်းမာရေးဟောပြောပို့ချပွဲ

ပါမောက္ခဦးခင်မောင်ဝင်း(အသည်း)၏ အသည်းရောင်အသားဝါ နောက်ဆုံးပေါ် ကုသနည်းဟောပြောပွဲ အပိုင်း(၃)ကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်၍ မည်သူမဆို အခမဲ့တက်ရောက်နိုင်ကြောင်း အသိပေးအပ်ပါသည်။

ကျင်းပမည့်နေ့။ ။ ၂၁-၃-၂၀၁၄ ရက်(သောကြာနေ့)
ကျင်းပမည့်အချိန်။ ။ နံနက် ၁၀း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီ
ကျင်းပမည့်နေရာ။ ။ UMFCCI ခန်းမ
မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်။




## ပျောက်ဆုံးကြောင်း

ကျွန်မမဆွီးနိုင်မွေး ကိုင်ဆောင်သည့် ပတ်စပို့ကတ်ပြား အမှတ်- ၇၃၇၄၀၈ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း-၀၉-၇၃၉၀၂၈၅၇



# အုတ်ကျင်းများကြောင့် စပါးထွက်ရှိမှုထိခိုက်လာနိုင်

**ဖြူး၊ မတ် ၁၇**

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်တွင် အုတ်ကျင်းများဖြင့် အုတ်ဖုတ်ရောင်းချသူများမှာ တွက်ခြေကိုက်၍ တဖြည်းဖြည်းများပြားလာပြီး တချို့မှာ စပါးစိုက်လယ်ယာမြေများကို ဝယ်ယူ၍ အုတ်ကျင်းများ ပြုလုပ်ကြကြောင်း သိရသည်။

ထိုသို့ အုတ်ဖုတ်ရောင်းချသဖြင့် ရေရှည်တွင် စပါးစိုက်ပျိုးမှုကို ထိခိုက်လာနိုင်ပြီး လယ်ယာကုန်ထုတ်စွမ်းအားများ ကျဆင်းလာနိုင်ဖွယ်ရှိ၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ အုတ်ဖုတ်ခွင့်လိုင်စင်များချမှတ်ပေးရာတွင် အထူးသတိထားဂရုစိုက်၍ အုတ်ကျင်းပြုလုပ်မည့်နေရာများကို စပါးစိုက်ပျိုးမှု မထိခိုက်အောင် တိကျစွာ စစ်ဆေးပြီးမှသာ ခွင့်ပြုပေးသင့်ကြောင်း ယင်းဒေသခံများက ပြောသည်။

ယခုနှစ်၏ အုတ်ဖုတ်ရာသီတွင် ဖြူးမြို့နယ်မှ အုတ်ကျင်းပေါင်း ၃၀ ခန့်မှ လက်အုတ်အချပ်ရေ သန်း ၃၀ ဝန်းကျင်ခန့် ထုတ်လုပ်ရောင်းချနိုင်မည်ဟု အုတ်ထုတ်လုပ်ရောင်းချသူများက ပြောသည်။

ဖြူးမြို့နယ်အတွင်းရှိ အုတ်ဖုတ်သော အုတ်ကျင်းများမှ အုတ်များကို ပထမတန်းစား အုတ် ၁၀၀ ချပ်လျှင် အိမ်အရောက်ပို့ ကျပ် ၅၅၀၀၊ အုတ်ကျင်းသို့ သွားရောက်ဝယ်ယူပါက ကျပ် ၅၀၀၀၊ ဒုတိယတန်းစားအုတ်ချပ် ၁၀၀ လျှင် အရောက်ပို့ ကျပ် ၄၅၀၀၊ အုတ်ကျင်းဈေးကျပ် ၄၀၀၀ ဖြင့် ဝယ်လက်များလျှက်ရှိပြီး ရောင်းအားကောင်းလျက်ရှိကြောင်းသိရသည်။

ပဲခူးတိုင်း၊ ဖြူးမြို့နယ်တွင် လူမှုစီးပွားဘဝဖွံ့ဖြိုးမှု အထိုက်အလျောက်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မြို့ပြနှင့် ကျေးလက်တို့တွင် နေအိမ်အဆောက်အအုံများ၊ ဈေးဆိုင်များ၊ လမ်းတံတားများ ၊ ဆည်မြောင်းတာတမံများတည်ဆောက်မှုများပြားလာသည့်အတွက် သစ်ဝါးများ ရှားပါး၍ သစ်ဈေး၊ ဝါးဈေးနှုန်းများ မြင့်တက်လျက် ရှိကြောင်းသိရသည်။

အဆိုပါ သစ်မာ၊ ပျဉ်းကတိုး ၊သစ်ခွဲသား ဆိုဒ်စုံတစ်တန်ကျပ် ၇၀၀၀၀ ကျော်နှင့် သစ်မျိုးစုံခွဲသား ဆိုဒ်စုံ တစ်တန်ကျပ် ၄၀၀၀၀ မှ ကျပ် ၅၀၀၀၀ ဝန်းကျင်အထိ ဈေးမြင့်လျက်ရှိသဖြင့် အဆောက်အအုံဆောက်လုပ်ကြသည့် မြို့ပြနှင့် ကျေးလက်များတွင်သစ်များကို အသုံးနည်းလာကြောင်းသိရသည်။

သို့သော် လွန်ခဲ့သည့် ၁၀ စုနှစ်ကျော်မှစ၍ သစ်တော ၊ ဝါးတောများကို စီးပွားရေး ဝိသမလောဘသားများက စည်းမဲ့ကမ်းမဲ့ သစ်လုံး အကြီးအသေးမကျန် ခုတ်ယူခဲ့ကြခြင်းနှင့် ထင်းမီးသွေးများကို များပြားစွာဖုတ်ယူခဲ့ကြသဖြင့် သဘာဝတောတောင်များ ပြုန်းတီး၍ ယခင်သဘာဝအလှ ပဲခူးရိုးမကြီးမှာ ညို့မှိုင်းစိမ်းမြလှပ သာယာသော သစ်တော/ဝါးတောများအစား မြေသာနီ၊ ဝါများကိုသာ မြင်တွေ့နေကြရကြောင်း သိရသည်။

**မြင့်ဦး(ဖြူး)**



ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ အုတ်ဖုတ်လုပ်ငန်းခွင်တစ်ခုအား တွေ့ရစဉ်။

# ရွှေစည်းခုံဘုရားရှိ ဖြိုဖျက်သောအုတ်နံရံမှာ ရှေးဟောင်းနံရံမဟုတ်ကြောင်း ဂေါပကအဖွဲ့မှ ရှင်းလင်းပြောကြား

**ရန်ကုန်၊ မတ် ၁၇**

ပုဂံရှေးဟောင်းနယ်မြေအတွင်း ပါဝင်သည့် ရွှေစည်းခုံဘုရားအတွင်း ယခုလဆန်းပိုင်းတွင် ထပ်မံ၍ ဖြိုဖျက်ခဲ့သော အုတ်နံရံမှာ ရှေးဟောင်းအုတ်နံရံ မဟုတ်ကြောင်းနှင့် ရိုးရိုးအုတ်ဝန်းနံရံသာဖြစ်ကြောင်း ရွှေစည်းခုံဘုရားဂေါပကအဖွဲ့မှ သိရှိရသည်။

အဆိုပါ အုတ်ဝန်းနံရံမှာ ရွှေစည်းခုံစေတီတော်ကြီး၏ အရှေ့တောင်ဘက်မဟာရံတံတိုင်းကြီးအပြင်ဘက်မှစတင်၍ မြောက်ဘက်အထိ၊ ပေ ၃၀၀ နီးပါးနှင့် အမြင့် လေးပေခွဲခန့်ရှိကာ ပြီးခဲ့သည့်နှစ် မတ်လပိုင်းတွင် ပထမအကြိမ် ဖြိုဖျက်ခဲ့ပြီး ယခုဒုတိယအကြိမ်အဖြစ် ကျန်ရှိသော ၈၃ ပေအရှည်ရှိနံရံအား ယခုမတ်လဆန်းပိုင်းတွင် ထပ်မံဖြိုဖျက်မှုများ ရှိခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်၊ ဧပြီ ၃ ရက်တွင် ဆောင်ရွက်ခဲ့သည့်အခြေအနေများကို သက်ဆိုင်ရာခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးအဖွဲ့ရုံးများ၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပုဂံရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနများသို့ စာဖြင့်တင်ပြခဲ့ကြောင်း ဂေါပကအဖွဲ့က ပြောသည်။

“ကျွန်တော်တို့ဖြိုဖျက်တာ ရှေးဟောင်းအုတ်တံတိုင်း မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ မဆလခေတ်ကလူကြီးတွေ လုပ်ခဲ့တဲ့ရိုးရိုးအုတ်နံရံပဲဖြစ်ပါတယ်။ ဒီအုတ်တံတိုင်းက ဘုရားကို ကွယ်နေတာကတစ်ကြောင်းနဲ့ ခုနောက်ပိုင်း ဘုရားဖူးတွေက အရင်ထက်ပိုများလာလို့ မော်တော်ယာဉ်ရပ်နားရင် အဆင်ပြေသွားအောင်လို့ လုပ်ခဲ့တာပါ”ဟု ရွှေစည်းခုံစေတီတော်ကြီး၏ ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုကဲ့သို့ အုတ်ဝန်းနံရံအား ဖြိုဖျက်ခြင်းသည် ရှေးဟောင်းယဉ်ကျေးမှုဖြစ်သောစေတီ၊ ပုထိုးနှင့် သာသနိကအဆောက်အအုံများအား အကာအကွယ်ဖြစ်ခြင်း၊ ဖုံးလွှမ်းစေခြင်းမဖြစ်စေရဆိုသော ရှေးဟောင်းပစ္စည်းနှင့် ယဉ်ကျေးမှု ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေအတိုင်း ဆောင်ရွက်ခြင်းဖြစ်ပြီး ယခု မတ် ၁၄ ရက်တွင်လည်း ပုဂံရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ စစ်ဆေးရေးအဖွဲ့မှ ထိုအုတ်နံရံ ဖြိုဖျက်ခြင်းနှင့်စပ်လျဉ်း၍ လာရောက်စစ်ဆေးခဲ့ကြောင်းလည်း သိရသည်။

“ဒီကိစ္စနဲ့ပတ်သက်ပြီး ဂေါပကအဖွဲ့ကိုမေးတော့ သူတို့ကအရှေ့ဘက်စောင်းတန်းရဲ့ တောင်ဘက်လမ်းမှာ နဂိုကရှိတဲ့ အုတ်တံတိုင်းလေးကို ကားတွေများလာတော့ ကားရပ်မယ့်နေရာလုပ်ချင်လို့ ဖြိုဖျက်တာလို့သိရပါတယ်။ တံတိုင်းကရှေးဟောင်းမဟုတ်ပါဘူး။ သာမန်အရပ်တံတိုင်း၊ ဖြစ်ရုံလေးလုပ်ထားတဲ့ဟာပါ။ နားလည်မှုလွဲပြီးဖြစ်သွားတာပါ” ဟု ပုဂံမြို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ စစ်ဆေးရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရှေးဟောင်းအမွေအနှစ်နယ်မြေများတွင် မည်သည့်ကိစ္စမဆိုဆောင်ရွက်ရန်ရှိပါကရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ကြိုတင်ခွင့်ပြုမိန့်တင်ပြီး ဆောင်ရွက်မှသာ လုပ်ငန်းသဘာဝ အကြီးအသေးအလိုက် ဌာနမှဥပဒေအရ ပိုမိုမြန်ဆန်မှုရှိစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ယခုမတ်လဆန်းပိုင်းတွင် ဖြိုဖျက်ခဲ့သောတံတိုင်းနှင့်ပတ်သက်၍ ဦးစီးဌာနသို့ ကြိုတင်ခွင့်ပြုမိန့်မတင်ခဲ့မှုကြောင့် နောင်ကာလများတွင် ဆောင်ရွက်လိုပါကဥပဒေနှင့် အညီဆောင်ရွက်ရန် အသိပညာပေးဆွေးနွေးခဲ့ရကြောင်း စစ်ဆေးရေးအဖွဲ့မှ သိရသည်။

ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ပုဂံရှေးဟောင်းနယ်မြေတွင်း စည်းကမ်းမလိုက်နာသော ဟိုတယ် ၂၈ လုံးအား ဥပဒေအား နားလည်သိရှိရန် ပညာပေးမှုများ ဆောင်ရွက်ခဲ့သကဲ့သို့ ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ ဟိုတယ်တစ်ခုအား စည်းကမ်းမလိုက်နာသောကြောင့် ဥပဒေကြောင်းအရ တရားစွဲဆိုရန် ပြင်ဆင်နေကြောင်းလည်း သိရှိရသည်။

**စိုးအောင်ဖေ**

# စားသုံးသူများကြိုတင်ကာကွယ်ရေးအသင်း တရားဝင်လိုင်စင်ရရှိ

စားသုံးသူများ ကြိုတင်ကာကွယ်ရေးအသင်းကို နိုင်ငံတော်မှ တရားဝင်လိုင်စင် ရရှိထားပြီဖြစ်သည့်အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကာ ဈေးကွက်နှင့် ကျောင်းများရှိ စားသုံးရန်မသင့်သော အစားများကို ယခင်ကထက် ပိုမိုစစ်ဆေးသွားမည်ဖြစ်ကြောင်း စားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်း (မြန်မာပြည်)၏ ဥက္ကဋ္ဌ ဦးဗအုပ်ခိုင်က ပြောသည်။

“ကျောင်းတွေကို ဝင်စစ်ဖို့အတွက် ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းလုပ်ဆောင်သွားမယ်။ ကျောင်းပတ်ဝန်းကျင်တွေမှာ ဆေးလိပ်မရောင်းရဆိုတာကို ရောင်းနေတဲ့ဆိုင်ရှိရင် ပြည်ထဲရေးဝန်ကြီးဌာနနဲ့ပူးပေါင်းပြီး ဖမ်းဆီးသွားမယ်။ နယ်စပ်ကနေ တရားမဝင်တင်သွင်းလာတဲ့ စားသောက်ကုန်တွေကြတော့ စီးပွားကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ပူးပေါင်းပြီး လုပ်ဆောင်သွားမှာပါ”ဟု ၎င်းကပြောသည်။

ကလေးငယ်များကျောင်းရှိ မုန့်ဈေးတန်းများတွင် ရောင်းချနေသော ကလေးငယ်များစားသည့် တရုတ်မုန့်များမှာ စားသုံးရန် မသင့်သောမုန့်များ ပါဝင်နေကြောင်း ယင်းအသင်းဖွဲ့မှ စစ်ဆေးတွေ့ရှိထားသည်ဟု အတွင်းရေးမှူး ဒေါ်ခင်စန္ဒာက ပြောသည်။

‘ကျောင်းဈေးတန်းကို ကျွန်မတို့အဖွဲ့ ဝင်စစ်တယ်။ အဲဒီမှာ ကလေးတွေအစားများတဲ့ တရုတ်မုန့်ထုပ်လေးကို ကျွန်မတွေ့တာနဲ့ အိတ်မှာပါတဲ့ စာတန်းလေးကို တရုတ်စာနားလည်တဲ့လူကို ဖတ်ခိုင်းလိုက်တဲ့အခါ အိတ်မှာပါတာက လူသားများ စားသုံးရန်မသင့်။ တိရစ္ဆာန်များအတွက်သာလို့ရေးထားတာတွေ့ရပါတယ်။ ကျွန်မတို့တွေက တရုတ်စာနားမလည်တော့ ဒီအတိုင်းပဲ စားသုံးနေကြတာ။ အဲဒီမုန့်ထုပ်ကလည်း မုန့်ချောင်းလေးတွေကို နို့မှုန့်ဖြူးထားတာ။ ဈေးကလည်း ၅၀ ဆိုတော့ ကလေးတွေက အရမ်းကြိုက်ပြီး ဝယ်စားနေကြတာပါ’ ဟု ၎င်းကပြောသည်။

တခြားသော နိုင်ငံများမှ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို နယ်စပ်ဂိတ်မှတစ်ဆင့် တရားမဝင် တင်သွင်းလာခြင်းကို နိုင်ငံတော်အနေဖြင့် Mobile Team အဖွဲ့စည်းများဖွဲ့ကာ ကြပ်ကြပ်မတ်မတ်ဆောင်ရွက်နေသည့်တွက် နိုင်ငံတွင်း စားသုံးသူများလည်း အကာအကွယ်ရပြီးဖြစ်သကဲ့သို့ နိုင်ငံဘဏ္ဍာလည်း နစ်နာမှုနည်းပါးလျက်ရှိကြောင်း သိရသည်။

**အောင်(မန်း)**
















သတင်းဆောင်းပါး

# "နှစ်စဉ်အမြဲ တသဲသဲ ရွှေမော်ဓောဘုရားက ဆေးအလှူပွဲ"

aZ , swk(a&aTrmf"m)

ကျမ်းဂန်စာပေ နိပါတ်တော်များထဲ၌ ဆေးဝါးကုသလှူဒါန်းရခြင်းကောင်းမှုသည် မွန်မြတ်လှကြောင်းကို ဘုရားရှင်ကိုယ်တော်မြတ် ကိုယ်တိုင်ကပင် "ဂိလာနသံဃာတော်များအား ပြုစုလုပ်ကျွေး ဆေးဝါးကုသ လှူဒါန်းရခြင်းသည် ငါဘုရားကိုယ်တော်တိုင်အား လုပ်ကျွေးရခြင်းနှင့် တူညီ၏"ဟု မြွက်ကြားခဲ့ဖူးကြောင်း မှတ်သားခဲ့ရ၏။

ယနေ့ခေတ်အခါတွင် ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ် ကလေး၊ လူကြီးများပါ ကျန်းမာရေးချို့တဲ့ချိန်၌ ဆေးဝါးကုသရန် ကုန်ကျစရိတ်များပြားလှသဖြင့်ကျန်းမာရေးဝန်ဆောင်မှုများ အခမဲ့ပြုလုပ်ပေးနေသည့် ကျန်းမာရေးစင်တာများ၊ ဆေးပေးခန်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များ ဖောင်ဒေးရှင်းများ၊ ဆရာတော်ကြီးများကိုယ်တိုင် ကွပ်ကဲလှူဒါန်း ဦးဆောင်မှုပေးနေသည့် အဖွဲ့အစည်းများ၊ အခမဲ့ နယ်လှည့်ကုသပေးနေကြသည့် အထူးကုသမားတော်ကြီးများ၊ နိုင်ငံရေးပါတီအင်အားစုများစသည်ဖြင့် စေတနာဆေးကုသမှု ဝန်ဆောင်ခြင်းများ မြန်မာပြည်အနှံ့ ပေါ်ပေါက်လျက်ရှိနေပြီ ဖြစ်သည်။

ဆင်းရဲသားလူတန်းစားများ ၅၀ ရာခိုင်နှုန်းကျော်ရှိနေသည့် မြန်မာနိုင်ငံ၏ ကျန်းမာရေးက လိုအပ်ချက်ကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးနေကြခြင်းပင်ဖြစ်၏။ ထိုဆေးဝါးအလှူများထဲမှ ထူးခြားမှုတစ်ခုအနေဖြင့် လူကိုယ်တိုင်သွားရောက်၍ မြင်တွေ့ခွင့်မကြုံရသော်လည်း နှစ်စဉ် သတင်းစာများ၌ မြင်တွေ့ ဖတ်ရှု ပီတိပွားရသည့် မော်လမြိုင်မြို့မှ ကျိုက်သလွံစေတီတော် ဆေးပဒေသာန်းလှူဒါန်းပူဇော်ပွဲနှင့် ကိုယ်တိုင်ကလေးဘဝမှစ၍ နှစ်စဉ်မျက်မြင်ကြုံတွေ့ခဲ့ရဖူးသည့် ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မှ နိုင်ငံကျော် စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေးမိသားစု ဆေးအလှူပွဲများက တစ်မူထူးခြားသည်ဟု မြင်မိ၏။

စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေး၏ဆေးအလှူတော်ပွဲမှာ နှစ်စဉ်တပေါင်းလပြည့်နေ့ နံနက်တိုင်း ရွှေမော်ဓောစေတီမြောက်ဘက်မုခ် ကျောက်ပန်းတောင်းဓမ္မာရုံကြီး၌ ဘုရားဖူးရောက်ရှိလာသော ရပ်ဝေးရပ်နီးမှ ဘုရားဖူးများနှင့် မြို့ပေါ်ရပ်ကွက်အသီးသီးမှ စောစီးစွာလာရောက်တန်းစီ စောင့်စားနေကြသည့် ပရိသတ်များနှင့် စည်ကားလှသော ဆေးအလှူပွဲဖြစ်သည်။ ဝေငှလှူဒါန်းသော ဆေးအမယ်ကလည်း မည် ကာမတ္တဖြင့် ဖော်စပ်ထားသောဆေးမဟုတ်ဘဲ နေ့သားများအလိုက် စားသုံးနိုင်ရန် အပူ၊ အအေး၊ ပါပသောမ၊ သီတဥဏှ ဓာတ်သဘောများကို ချိန်ညှိကာ အထူးဖော်စပ်စီမံထားသော ဆေးဖြစ်၏။ အနီရောင်နေမင်းအမှတ်တံဆိပ်ဖြင့် တနင်္ဂနွေ၊ အင်္ဂါ၊ စနေနေ့သားသမီးများအား ဝေငှလှူဒါန်းပြီး အပြာရောင်လမင်းအမှတ်တံဆိပ်ဖြင့်မူ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနှင့် သောကြာသားသမီးများအား နေ့နံများအလိုက် တစ်ဦးချင်း စိစစ်မေးမြန်းပြီးမှ စနစ်တကျလှူဒါန်းခြင်း ဖြစ်သည်။

ထိုဆေးကို နှစ်စဉ်သုံးဆောင်ကြခြင်းဖြင့်လည်း အမှန်တကယ် လက်တွေ့ရောဂါများ ပျောက်ကင်းချမ်းသာကြသဖြင့်လည်း မိုးမလင်းမီအချိန်ကပင် ဆေးအလှူခံယူကြမည့်သူများ စည်ကားလှသဖြင့် ဘုရားလုံခြုံရေးတာဝန်ကျ အဖွဲ့များဖြင့် စနစ်တကျ ကွပ်ကဲထိန်းသိမ်း စီမံပေးကြရသည်ကိုလည်း နှစ်စဉ် မြင်တွေ့နေရ၏။ ယခုနှစ်နှင့်ဆိုလျှင် ခြောက်ကြိမ်မြောက် ဆေးလှူဒါန်းပွဲဖြစ်ပြီး ပဲခူးမြို့ပေါ်၌ ရွှေမော်ဓောစေတီအပြင် ဟသ်ာကုန်းဘုရား၊ ရွှေဂူလေးစေတီတို့၌လည်း လှူဒါန်းဝေငှကြောင်းနှင့် နောင်နှစ်များတွင်လည်း အစဉ်အလာမပျက် လှူဒါန်းသွားမည်ဖြစ်ကြောင်း ဆရာမကြီး ဂျာနယ်ကျော်မမလေး၏ မြေးဖြစ်သူ ဦးသိန်းစိုးထံမှ သိရှိခဲ့ရသည်။



ဂျာနယ်ကျော်မမလေးမိသားစု၏ ဆေးအလှူပွဲတွင် တန်းစီစောင့်ဆိုင်းနေသူများအား တွေ့ရစဉ်။

ကျန်းမာရေးဆေးဝါးစောင့်ရှောက်မှု အမှန်တကယ်လိုအပ်လျက်ရှိသော ဆင်းရဲနွမ်းပါး အခြေခံလူတန်းစားများ လက်ဝယ်အရောက် တစ်နှစ်တစ်ခါက် ဆေးအလှူရောက်မြဲဖြစ်သည့် ဆရာမကြီး ဂျာနယ်ကျော်မမလေး မိသားစုများအားလည်း ဆင်းရဲသားပြည်သူများမှ ဝမ်းမြောက်စွာ ဆုတောင်းမေတ္တာများ ပို့သနေကြသည်ကို မြင်တွေ့ခဲ့ရပါကြောင်းနှင့် မြန်မာ့တိုင်းရင်းဆေး အစွမ်းထက်ပုံများအတွက် ဂုဏ်ယူဝင့်ကြွားစွာ ရေးသားအပ်ပါသည်။

# တီဘီရောဂါကုဆေးရုံတွင် အမှိုက်များစနစ်တကျစွန့်ပစ်ရေး ဆွေးနွေး

ရန်ကုန်၊ မတ် ၁၇

အင်းစိန်မြို့နယ် စဉ့်ကူရပ်ကွက် အောင်ဆန်း တီဘီရောဂါကုဆေးရုံကြီးတွင် ဆေးရုံထွက်အမှိုက်နှင့် ဝန်ထမ်းမိသားစုများ၊ လူနာများမှ စွန့်ပစ်သည့် စားကြွင်းစားကျန် မီးဖိုချောင်ထွက်အမှိုက်များ စနစ်တကျစွန့်ပစ်ရေးညှိနှိုင်းဆွေးနွေးပွဲကို မတ်လ ဒုတိယပတ်တွင်းက ကျင်းပခဲ့သည်။

အပ်တိုအပ်စ၊ ထိုးဆေးပုလင်းခွံများ၊ ပတ်တီးစ၊ ဂွမ်းစများအား အန္တရာယ်ရှိ အမှိုက်များအဖြစ်သတ်မှတ်ကာ သီးသန့်သိမ်းဆည်းပေးရမည်ဖြစ်ပြီး မီးဖိုချောင်ထွက် အမှိုက်များနှင့် ရောထွေးစွန့်ပစ်ခြင်းမပြုကြရန် အင်းစိန်မြို့နယ်သန့်ရှင်းရေးတာဝန်ခံကြီးကြပ်ရေးမှူး ဦးကျော်မိုးလှိုင်မှ ရှင်းလင်းဆွေးနွေးသည်။

> ပတ်တီးစ၊ ဂွမ်းစများအား အန္တရာယ်ရှိ အမှိုက်များအဖြစ် သတ်မှတ်...

ထို့နောက် ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်အေးခင်ဝင်းနှင့် သူနာပြုအုပ် ဒေါ်ကြည်ထွေးတို့မှ မီးဖိုချောင်ထွက် အမှိုက်များ အဆင်ပြေစွာ စွန့်ပစ်နိုင်ရေး လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

အမှိုက်အစို၊ အမှိုက်အခြောက် ခွဲခြားကာ သတ်မှတ်အမှိုက်အိတ်များဖြင့် လုံခြုံစွာချည်နှောင်၍ သတ်မှတ်နေရာများတွင်သာ စွန့်ပစ်ကြရန်လည်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။ (၅၉၇)

## သတင်းတို

### မြင်းမူမြို့အဝင်တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

၂၀၁၄ ခုနှစ် မတ် ၁၅ ရက် ညနေ ၆ နာရီခန့်က မြင်းမူမြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးတင်စိုးဦးဆောင်သောအဖွဲ့သည် မြင်းမူတန်ပိုစစ်ဆေးရေးဂိတ်မှ ဖြတ်သန်းသွားသော မသက်ာဖွယ်ရာခြောက်ဘီးထော်လာဂျီယာဉ်အား လိုက်လံစစ်ဆေးရာ မန္တလေး-မုံရွာလမ်းမိုင်တိုင် (၄၃/၇)အနီးတွင်ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါသူတစ်ဦးတို့ကစစ်ဆေးမှုကို မခံယူဘဲ လူလွတ်ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ ယာဉ်ပေါ်တွင် ပီပါခွံများစွပ်၍ တရားမဝင် တမလန်းသစ်များတွေ့ရှိသဖြင့် မြင်းမူမြို့နယ်သစ်တောရုံးဝန်းအတွင်း တိုင်းတာစစ်ဆေးရာ တမလန်းသစ်ခွဲသား ၁၄ ချောင်း သုည ဒသမ ၉၅၄၈ တန် ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့သည်။ **ကိုကိုနိုင်(မြင်းမူ)**





## "Scientific Literacy"

### စာပေဆုပေးပွဲအခမ်းအနား

"မြင့်မြင့်ခင်ဖောင်ဒေးရှင်း" မှ ကျင်းပပြုလုပ်မည့် "Scientific Literacy" စာပေဆုပေးပွဲအခမ်းအနားသို့ စိတ်ပါဝင်စားသူ မည်သူမဆို ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြား အပ်ပါသည်။

| | |
|---|---|
| နေ့ရက် | - ၂၀-၃-၂၀၁၄ရက်(ကြာသပတေးနေ့) |
| အချိန် | - နံနက် ၁၀း၀၀နာရီမှ ၁၂း၀၀နာရီထိ |
| နေရာ | - အမှတ်(၂၄၉)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ခန်းမ-အေ |
| ဆုရရှိသူများ | - (ဦးတင်အေး-ဇန်းမော်တင်အောင်) |
| | - (ဦးအေးမောင်) |



# ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

## အခန်း (၆)
## စိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၁၃။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သည် ဤဥပဒေပါပြဋ္ဌာန်းချက်များအရ လက်ခံရရှိသည့် သတင်းပို့ချက်များနှင့် သတင်းအချက်အလက်များကိုလည်းကောင်း၊ ငွေကြေးခဝါချမှုနှင့် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုများဆိုင်ရာ သတင်းအချက်အလက်များကိုလည်းကောင်း လက်ခံ၍ စိစစ်သုံးသပ်ပြီးနောက် တွေ့ရှိချက်များအရ ငွေကြေးခဝါချမှု သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိလျှင် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေး အဖွဲ့ဝင်များပါဝင်သော စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၁၄။ စိစစ်ရေးအဖွဲ့သည် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု၊ တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ၊ အကြမ်းဖက်သမားတို့၏ ပိုင်ဆိုင်မှုများနှင့်စပ်လျဉ်း၍ စိစစ်ခြင်းနှင့် ယင်းငွေကြေးနှင့် ပစ္စည်းများအား ယာယီထိန်းသိမ်းခြင်းဆိုင်ရာ ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

- ( က ) ငွေကြေးခဝါချရာမှရရှိသော ငွေကြေးနှင့်ပစ္စည်းများ သို့မဟုတ် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သူတို့၏ ပိုင်ဆိုင်မှုများကို ဖော်ထုတ်ခြင်း၊ ကွင်းဆက်များ ရှာဖွေဖော်ထုတ်ခြင်း၊
- ( ခ ) တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ သို့မဟုတ် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သူတို့၏ ပိုင်ဆိုင်မှုများကို ရှာဖွေခြင်း၊ တားဆီးခြင်း၊ ထိန်းချုပ်ခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊ သိမ်းဆည်းထားသောပစ္စည်းများအား ခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ထားရှိခြင်း၊
- ( ဂ ) စိစစ်သည့်ကာလအတွင်း အဆိုပါငွေကြေးနှင့်ပစ္စည်းများအား ချိပ်ပိတ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် ရောင်းဝယ်မှုမပြုလုပ်ရန် တားမြစ်ခြင်း၊
- ( ဃ ) သတင်းပို့အဖွဲ့အစည်းများ၏ ငွေကြေးဆိုင်ရာ သို့မဟုတ် အခြားသော မှတ်တမ်းများအား ထုတ်ပေးရန် တောင်းဆိုခြင်းနှင့်ဖတ်ရှုခြင်း၊
- ( င ) စိစစ်ခြင်းခံရသူထံမှဖြစ်စေ၊ အခြားပုဂ္ဂိုလ်တစ်ဦးထံမှဖြစ်စေ အစိုးရဌာန၊ အဖွဲ့အစည်းများထံမှဖြစ်စေ၊ ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများထံမှဖြစ်စေ လိုအပ်သော အထောက်အထားများကို တောင်းယူစစ်ဆေးခြင်း၊
- ( စ ) တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများမှ ဆင်းသက်လာပြီး အခြားသူ၏ အမည်ခံထားသော အဆောက်အအုံ၊ မြေနှင့်လုပ်ငန်းနေရာ တစ်ခုခုကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း။

၁၅။ စိစစ်ရေးအဖွဲ့သည် -

- ( က ) စိစစ်သည့် ကိစ္စရပ်အသီးသီးကို လျှို့ဝှက်ထားရှိရမည်။
- ( ခ ) ဆောင်ရွက်ချက်များကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

## အခန်း (၇)
## စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၁၆။ ဗဟိုအဖွဲ့သည် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့က တင်ပြလာသည့် စိစစ်ချက် အစီရင်ခံစာအရ ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနိုင်ရေးအတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဗဟိုအဖွဲ့ဝင် တစ်ဦးဦးအား ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်စေပြီး အဖွဲ့ဝင်အနည်းဆုံး သုံးဦးဖြင့် ဖွဲ့စည်းရမည်။

၁၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည်-

- ( က ) စိစစ်ရေးအဖွဲ့၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လိုအပ်သည့် ပုဂ္ဂိုလ်များကို ဆင့်ဆိုစစ်ဆေး၍ လိုအပ်သည့်သက်သေခံချက်များ ထပ်မံရယူနိုင်သည်။
- ( ခ ) စိစစ်ရေးအဖွဲ့၏ အစီရင်ခံစာနှင့် ထပ်မံရယူသည့် သက်သေခံချက်များအရ မိမိ၏တွေ့ရှိချက်ကို သုံးသပ်ချက်၊ သဘောထားမှတ်ချက်များနှင့်အတူ ဗဟိုအဖွဲ့သို့ တင်ပြရမည်။
- ( ဂ ) စုံစမ်းစစ်ဆေးသည့်ကိစ္စရပ်အသီးသီးကို လျှို့ဝှက်ထားရှိရမည်။

## အခန်း (၈)
## ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်သတင်းပို့ရန်တာဝန်

၁၈။ သတင်းပို့အဖွဲ့အစည်းများသည် ပုဒ်မ ၈၊ ပုဒ်မခွဲ (က) နှင့်အညီ ဗဟိုအဖွဲ့က ပေးအပ်သည့် သတင်းအချက်အလက်များအရ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ် အကဲဖြတ်ခြင်းကို ဆောင်ရွက်ရမည်။ အန္တရာယ်အကဲဖြတ်ချက်များ၊ ထင်ရှားသည့် မည်သည့် သက်သေခံအထောက်အထားနှင့် သတင်းများကိုမဆို စာဖြင့်ရေးသားမှတ်တမ်းတင်ရမည်ဖြစ်ပြီး ယင်းမှတ်တမ်းသည် နောက်ဆုံးအခြေအနေနှင့် ကိုက်ညီရမည့်အပြင် သက်ဆိုင်ရာအာဏာပိုင်များက အသုံးပြုနိုင်ရေးအတွက် အသင့်ရှိရမည်။

၁၉။ သတင်းပို့အဖွဲ့အစည်းများသည်-

- ( က ) ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သည့် ငွေစာရင်းများ၊ ဆက်သွယ်ဆောင်ရွက်သူများနှင့် ပတ်သက်၍ ဤဥပဒေအရ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ထုတ်ကုန်၊ ဝန်ဆောင်မှုနှင့်အန္တရာယ်ရှိမှုအပေါ် အခြေပြု၍ သင့်လျော်သည့် အချိန်တွင် ဆောင်ရွက်ရမည်။ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) အရ အန္တရာယ်အကဲဖြတ်ခြင်းဆိုင်ရာ ရလဒ်များနှင့် ပုဒ်မ ၈၊ ပုဒ်မခွဲ (က) အရ ဗဟိုအဖွဲ့က ပေးအပ်သည့် သတင်းအချက်အလက်များ ရရှိပါက ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်-
  - ( ၁ ) အကဲဖြတ်ချက်အရ ငွေကြေးခဝါချမှုအန္တရာယ်အဆင့်မြင့်မားသည်ဟု ဖော်ထုတ်ရရှိသည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို တိုးမြှင့်ဆောင်ရွက်ရမည့်အပြင် လွှဲပြောင်းဆောင်ရွက်မှု သို့မဟုတ် အခြားသော ဆောင်ရွက်မှုများသည် ပုံမှန်ဟုတ်၊ မဟုတ်ကိုလည်းကောင်း၊ သံသယဖြစ်ဖွယ် ရှိ၊ မရှိကိုလည်းကောင်း ဆုံးဖြတ်ခြင်း၊
  - ( ၂ ) အကဲဖြတ်ချက်အရ ငွေကြေးခဝါချမှုအန္တရာယ်အဆင့်နိမ့်သည်ဟုဖော်ထုတ်ရရှိသည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်နိုင်ခြင်း၊
  - ( ၃ ) ပုဒ်မခွဲငယ် (၂) အရ ရှင်းလင်းလွယ်ကူသည့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဟု သံသယရှိသည့် အခါ၌ဖြစ်စေ အန္တရာယ်အဆင့်မြင့်မားသည့် ကိစ္စရပ်၌ဖြစ်စေ အသုံးပြုခြင်းမှ ရပ်စဲခြင်း။
- ( ခ ) ပုဒ်မခွဲ (က) ပါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို အောက်ပါအချိန်အခါနှင့် အခြေအနေများတွင် ဆောင်ရွက်ရမည် -
  - ( ၁ ) ဆက်သွယ်ဆောင်ရွက်သူ တစ်ဦးအတွက် လွှဲပြောင်းဆောင်ရွက်မှုတစ်ရပ်မပြုလုပ်ပေးမီ သို့မဟုတ် ငွေစာရင်းတစ်ခုဖွင့်လှစ်ပေးခြင်းမပြုမီ၊
  - ( ၂ ) သတင်းပို့အဖွဲ့အစည်းနှင့် စီးပွားရေးဆက်ဆံမှု ထူထောင်ထားခြင်းမရှိသည့် ဆက်သွယ်ဆောင်ရွက်သူတစ်ဦးနှင့် ပတ်သက်သည့် လွှဲပြောင်းဆောင်ရွက်မှုသည် တစ်ကြိမ်တည်းဖြစ်စေ၊ ဆက်နွှယ်မှုရှိသော အကြိမ်အရေအတွက်များစွာဖြင့်ဖြစ်စေ သတင်းပို့ရန်သတ်မှတ်သည့် ပမာဏ သို့မဟုတ် ယင်းထက်ပိုသောပမာဏဖြစ်သည့်အခါ အဆိုပါ ဆက်သွယ်ဆောင်ရွက်သူအတွက် လွှဲပြောင်းဆောင်ရွက်မှုကို ဆောင်ရွက်ပေးခြင်း မပြုမီ၊
  - ( ၃ ) ပြည်တွင်းနှင့်နိုင်ငံတကာကြေးနန်း သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုတစ်ရပ်ကို ဆက်သွယ်ဆောင်ရွက်သူအတွက် ဆောင်ရွက်ပေးခြင်း မပြုမီ၊
  - ( ၄ ) ယခင်ရရှိထားသည့် ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ အချက်အလက်များသည် မှန်ကန်မှု သို့မဟုတ် ပြည့်စုံမှုမရှိဟု သံသယရှိသည့် အခါတိုင်း၊
  - ( ၅ ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ဆက်စပ်သည်ဟု သံသယရှိသည့်အခါတိုင်း။
- ( ဂ ) ပုဒ်မခွဲ (ခ) တွင် ရည်ညွှန်းထားသည့် ဆက်နွှယ်မှုရှိသော လွှဲပြောင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ လွှဲပြောင်းဆောင်ရွက်မှုပြုသည့် တန်ဖိုးပမာဏကို လုပ်ငန်းဆောင်ရွက်ချိန်တွင် မသိရှိပါက အဆိုပါပမာဏကို သိရှိလျှင်သိရှိချင်း သို့မဟုတ် အဆိုပါတန်ဖိုး ပမာဏသည် သတ်မှတ်ပမာဏသို့ရောက်ရှိလျှင်ရောက်ရှိချင်း ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အတည်ပြုဖော်ထုတ်ခြင်းကို ဆောင်ရွက်ရမည်။
- (ဃ) ပုဒ်မခွဲ (က) အရ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို အောက်ပါအတိုင်းဆောင်ရွက်ရမည်-
  - (၁) လွတ်လပ်၍ ယုံကြည်အားထားရသောဇာစ်မြစ်များ၊ အထောက်အထားများ၊ အချက်အလက်များ သို့မဟုတ် သတင်းအချက်အလက်များဖြင့် ဆက်သွယ်ဆောင်ရွက်သူအား စိစစ်အတည်ပြုခြင်းနှင့် ဆက်သွယ်ဆောင်ရွက်သူ၏ မှတ်ပုံတင်ကို အတည်ပြုခြင်း၊
  - (၂) စီးပွားရေးဆက်ဆံဆောင်ရွက်မှု၏ ရည်ရွယ်ချက်၊ သဘောသဘာဝဆိုင်ရာသတင်းအချက်အလက်များ စုဆောင်းရယူခြင်းနှင့် နားလည်သိရှိခြင်း၊
  - (၃) သတင်းပို့အဖွဲ့အစည်းများအနေဖြင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်မည်သူမည်ဝါဖြစ်ကြောင်း သိရှိနိုင်၍ ကုမ္ပဏီအဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှု၏ ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှုပုံစံတို့ကို နားလည်သဘောပေါက်ပြီး စိစစ်အတည်ပြုနိုင်မည့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ကို အတည်ပြုဖော်ထုတ်ခြင်းနှင့် အဆိုပါအကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်၏ သက်သေခံအထောက်အထားကို စိစစ်ရန် အလို့ငှာ သင့်လျော်သည့်အရေးယူဆောင်ရွက်မှုအားလုံးကိုဆောင်ရွက်ခြင်း၊
  - (၄) ပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများအတွက် ဆက်သွယ်ဆောင်ရွက်သူကိုယ်စားဆောင်ရွက်သူသည် အာဏာအပ်နှင်းခြင်းခံရသူ ဟုတ်၊ မဟုတ် စိစစ်ခြင်းနှင့် ယင်း၏မှတ်ပုံတင်ကို မှန်ကန်ကြောင်း အတည်ပြုခြင်း၊ ပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှု၏ တရားဝင်တည်ရှိမှုအခြေအနေအား စိစစ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်သူ၏ အမည်၊ တရားဝင်ဖွဲ့စည်းမှုပုံစံ၊ လိပ်စာ၊ ဒါရိုက်တာများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ရယူခြင်းနှင့် ကုမ္ပဏီအဖွဲ့အစည်း သို့မဟုတ် ဥပဒေအရ စီစဉ်ဆောင်ရွက်မှုများအပေါ် စည်းနှောင်မှုရှိစေသည့် လုပ်ပိုင်ခွင့်ဆိုင်ရာ စည်းမျဉ်းများသတ်မှတ်ခြင်း၊
  - (၅) ဆက်သွယ်ဆောင်ရွက်သူသည် ပြည်တွင်းပြည်ပတွင် သြဇာတိက္ကမရှိသူ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ သြဇာတိက္ကမရှိသူဖြစ်ကြောင်း ယုံကြည်ရန် အကြောင်းရှိပါက ပုဒ်မခွဲငယ် (၁) မှ ပုဒ်မခွဲငယ် (၄) အထိပါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရမည်။
- ( င ) ပုဒ်မခွဲ (ဃ) ပါ တာဝန်ဝတ္တရားများကို ဆောင်ရွက်နိုင်ခြင်းမရှိလျှင် ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁)မှ ပုဒ်မခွဲငယ်(၃)အထိ ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆောင်ရွက်မပေးခြင်း သို့မဟုတ် ရပ်စဲခြင်းပြု၍ ယင်းအခြေအနေကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့ရမည်။
- ( စ ) ပုဒ်မခွဲ (ဃ) အရ ဆောင်ရွက်ရမည့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို စီးပွားဆက်ဆံမှုဆောင်ရွက်ပြီးသော်လည်း ပြုလုပ်နိုင်သည်။
- ( ဆ ) အထူးသဖြင့် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ်အဆင့်မြင့်မားသည့် ဆက်သွယ်ဆောင်ရွက်သူများနှင့် သက်ဆိုင်သည့်အချက်များ၊ စီးပွားရေးဆက်ဆံဆောင်ရွက်မှုများဆိုင်ရာအချက်အလက်များအပါအဝင် ဤပုဒ်မအရ စုဆောင်းရယူထားသည့် အထောက်အထားစာရွက်စာတမ်းများ၊ အချက်အလက်များ သို့မဟုတ် သတင်းအချက်အလက်များသည် နောက်ဆုံးအခြေအနေနှင့်ကိုက်ညီစေရေးနှင့် အကျုံးဝင်သောအချက်အလက်များဖြစ်စေရေး ဆောင်ရွက်ထားရှိရမည်။

၂၀။ သတင်းပို့အဖွဲ့အစည်းများသည် စီးပွားဆက်ဆံဆောင်ရွက်မှု တစ်ခုချင်းအတွက် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်။ ထို့အပြင် မိမိတို့သိရှိထားသည့် ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ အချက်အလက်များ၊ စီးပွားရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ အန္တရာယ်ရှိမှုအဆင့်အတန်းများနှင့် ကိုက်ညီစေရေးအတွက် မည်သည့်လွှဲပြောင်း ဆောင်ရွက်မှုကိုမဆို သေချာစွာ စိစစ်ရမည်။ လိုအပ်ပါက ငွေကြေးဇာစ်မြစ်ကိုလည်းစိစစ်ရမည်။

၂၁။ သတင်းပို့အဖွဲ့အစည်းများသည် -

- ( က ) အောက်ပါဆောင်ရွက်ချက်များကို စောင့်ကြည့်စစ်ဆေးရမည်-
  - ( ၁ ) စီးပွားရေးလုပ်ငန်းအရင်းခံ ထင်ရှားခြင်းမရှိဘဲနှင့်ဖြစ်စေ၊ ဥပဒေနှင့်ညီကြောင်း ထင်ရှားခြင်းမရှိဘဲနှင့်ဖြစ်စေ ရှုပ်ထွေးသော၊ ပုံမှန်မဟုတ်သော ပမာဏများပြားသည့် လွှဲပြောင်းဆောင်ရွက်မှုများအားလုံး၊ ပုံမှန်မဟုတ်သောပုံစံဖြင့် လွှဲပြောင်းသည့် ဆောင်ရွက်မှုများအားလုံး၊
  - ( ၂ ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တားဆီးကာကွယ်ရေးအတွက် ဆောင်ရွက်ချက်များကို လုံလောက်စွာ လိုက်နာဆောင်ရွက်ခြင်းမရှိသည့် နိုင်ငံတစ်နိုင်ငံမှ သို့မဟုတ် ယင်းနိုင်ငံရှိသူတစ်ဦးနှင့် စီးပွားဆက်ဆံဆောင်ရွက်မှု သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှု အားလုံး၊
- ( ခ ) ပုဒ်မခွဲ (က) ပါ ဆောင်ရွက်မှုအားလုံး၏ နောက်ခံအခြေအနေနှင့် ရည်ရွယ်ချက်များကို ဖြစ်နိုင်သမျှ စစ်ဆေးရမည့်အပြင် တွေ့ရှိချက်များကိုလည်း ရေးသားမှတ်တမ်းတင်ရမည်။
- ( ဂ ) ပုဒ်မခွဲ (က) အရ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ်အဆင့်မြင့်မားသည်ဟု ဖော်ထုတ်သိရှိရပါက ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း လုပ်ငန်းစဉ်ကို တိုးမြှင့်ဆောင်ရွက်ရမည်။

၂၂။ သတင်းပို့အဖွဲ့အစည်းများသည် ဆက်သွယ်ဆောင်ရွက်သူ တစ်ဦးတစ်ယောက် သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်တစ်ဦးအား ပြည်တွင်းပြည်ပတွင် သြဇာတိက္ကမရှိသူများ သို့မဟုတ် အပြည်ပြည်ဆိုင်ရာတွင် သြဇာတိက္ကမရှိသူများ ဟုတ်၊ မဟုတ် ဆုံးဖြတ်နိုင်ရန် အန္တရာယ်အဆင့်အလိုက် သင့်လျော်သည့် စီမံခန့်ခွဲမှုစနစ်ထားရှိပြီး အောက်ပါအတိုင်းဆောင်ရွက်ရမည်-

- ( က ) အပြည်ပြည်ဆိုင်ရာတွင် သြဇာတိက္ကမရှိသူများနှင့် စပ်လျဉ်း၍-
  - ( ၁ ) စီးပွားဆက်ဆံဆောင်ရွက်မှု ထူထောင်ခြင်းမပြုမီ သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းမပြုမီ အကြီးတန်းစီမံ အုပ်ချုပ်သူထံမှ သဘောတူညီချက်ရယူခြင်း၊
  - ( ၂ ) ချမ်းသာကြွယ်ဝမှုနှင့် ငွေကြေးအရင်းအမြစ်ကိုဖော်ထုတ်ရန် ဆီလျော်သည့် အရေးယူဆောင်ရွက်မှုများအားလုံး ဆောင်ရွက်ခြင်း၊
  - ( ၃ ) ဆက်သွယ်ဆောင်ရွက်သူအပေါ် တိုးမြှင့်အလေးထားစိစစ်ခြင်းကို စဉ်ဆက်မပြတ်ကျင့်သုံး၍ ယင်းစီးပွားဆက်ဆံမှုကို စောင့်ကြည့်ခြင်း။
- ( ခ ) ပြည်တွင်းပြည်ပတွင် သြဇာတိက္ကမရှိသူများနှင့်စပ်လျဉ်း၍ သတင်းပို့အဖွဲ့အစည်းများက အန္တရာယ်အဆင့်မြင့်သည်ဟု ဆုံးဖြတ်ပါက ပုဒ်မခွဲ (က) ပါ အရေးယူဆောင်ရွက်မှုများကို ကျင့်သုံးခြင်း။

၂၃။ သတင်းပို့အဖွဲ့အစည်းများသည် အောက်ပါသတင်းအချက်အလက်ဆိုင်ရာ မှတ်တမ်းများကို ထိန်းသိမ်းထားရှိရမည့်အပြင် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် အခြားအာဏာပိုင်များထံသို့ ယင်းမှတ်တမ်းများနှင့် အရေးပါသည့် သတင်းအချက်အလက်များကို ပေးပို့နိုင်စေရန် အဆင်သင့်ဆောင်ရွက်ထားရမည်ဖြစ်ပြီး ယင်းမှတ်တမ်းများသည် လွှဲပြောင်းဆောင်ရွက်မှုတစ်ခုချင်းစီကို ပြန်လည်ဆက်စပ်ဖော်ထုတ်နိုင်သည်အထိ ပြည့်စုံလုံလောက်မှုရှိရမည် -

- ( က ) စီးပွားဆက်ဆံဆောင်ရွက်မှုရပ်စဲပြီးချိန် သို့မဟုတ် ရံဖန်ရံခါ လွှဲပြောင်းဆောင်ရွက်မှုကို ပြုလုပ်ပြီးချိန်မှ ငါးနှစ်အထိ ဆက်သွယ်ဆောင်ရွက်သူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်၏ ငွေစာရင်းများနှင့် စီးပွားရေးဆိုင်ရာ စာအဆက်အသွယ်များ အပါအဝင် သက်သေခံအထောက်အထားဆိုင်ရာ စာရွက်စာတမ်းများ ဆက်သွယ်ဆောင်ရွက်သူ အပေါ် အလေးထားစိစစ်ခြင်းမှတစ်ဆင့် ရရှိထားသော မှတ်တမ်းမှတ်ရာများနှင့်ဆောင်ရွက်ခဲ့ပြီးသော စိစစ်တွေ့ရှိချက် စာရွက်စာတမ်းများ၊
- ( ခ ) ပြည်တွင်းပြည်ပ လွှဲပြောင်းဆောင်ရွက်ရန် အားထုတ်မှု သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုကို ဆောင်ရွက်ပြီးချိန်မှ နောက်ထပ်ငါးနှစ်တာကာလအထိ လွှဲပြောင်းဆောင်ရွက်မှုများဆိုင်ရာ မှတ်တမ်းများ၊
- ( ဂ ) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့တင်ပြခဲ့သည်မှာ အနည်းဆုံး ငါးနှစ်ကြာပြီဖြစ်သည့် ဤဥပဒေ အခန်း (၈) အရ လွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်မိတ္တူများနှင့် အခြားသက်ဆိုင်သည့် စာရွက်စာတမ်းများ၊
- ( ဃ ) ဆောင်ရွက်မှုပြီးဆုံးခဲ့သည်မှာ သို့မဟုတ် နောက်ဆုံးအချိန် ပြင်ဆင်မွမ်းမံခဲ့သည်မှာ ငါးနှစ်ကျော်လွန်သည့် အန္တရာယ်အဆင့်အကဲဖြတ်ချက်နှင့် အခြားအရေးပါသည့် သတင်းအချက်အလက်များ။

၂၄။ ( က ) သတင်းပို့အဖွဲ့အစည်းများသည် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ အချက်များအနက် အောက်ပါအချက်များကို ဆောင်ရွက်နိုင်စွမ်းရှိသော ကြားခံပုဂ္ဂိုလ်ကို အားထားဆောင်ရွက်နိုင်သည် -

- ( ၁ ) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဃ) ပါ သတင်းအချက်အလက်များကို နှောင့်နှေးမှုမရှိဘဲ ရယူနိုင်ခြင်း၊
- ( ၂ ) ပုဂ္ဂိုလ် သို့မဟုတ် လုပ်ငန်းဆိုင်ရာ အတည်ပြုနိုင်သည့် အထောက်အထားများနှင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို တောင်းဆိုပါက နှောင့်နှေးမှုမရှိဘဲ ဆောင်ရွက်ပေးနိုင်ခြင်း၊
- ( ၃ ) ပုဒ်မ ၂၁ မှ ၂၃ ပါ ဆောင်ရွက်ရန် လိုအပ်ချက်များကို ကိုယ်စားလိုက်နာဆောင်ရွက်ရေးအတွက် ထိန်းသိမ်းခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း သို့မဟုတ် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းများကို ကျေနပ်ဖွယ်ဆောင်ရွက်ထားနိုင်ခြင်း။

( ခ ) ပုဒ်မခွဲ (က) အရ ဆက်သွယ်ဆောင်ရွက်သူကို မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ခြင်းနှင့်စိစစ်အတည်ပြုခြင်း ဆောင်ရွက်ရာတွင် သတင်းပို့အဖွဲ့အစည်း၌ အဓိကတာဝန်ဖြစ်သည်။

၂၅။ သတင်းပို့အဖွဲ့အစည်းများသည် အသစ်တီထွင်ထားသည့် ထုတ်ကုန်၊ ဝန်ဆောင်မှု၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် နည်းပညာများနှင့်ဆက်နွှယ်၍ ပေါ်ပေါက်သော ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ်များကို ဖော်ထုတ်ခြင်းနှင့် အကဲဖြတ်ခြင်း၊ ယင်းအန္တရာယ်များကို စီမံခန့်ခွဲရန်နှင့် လျော့ပါးစေရန် သင့်လျော်သည့် အရေးယူဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော်ရမည်။

၂၆။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် နယ်စပ်ဖြတ်ကျော်ဆောင်ရွက်သည့် ကိုယ်စားလှယ်ဘဏ်လုပ်ငန်းနှင့် အလားတူ အခြားဆက်ဆံဆောင်ရွက်မှုများ မပြုလုပ်မီ ပုဒ်မ ၁၉ ပြဋ္ဌာန်းချက်ပါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းများကို ပုံမှန်ပြုလုပ်ရမည့်အပြင် အောက်ပါတို့ကိုလည်းဆောင်ရွက်ရမည်-

- ( က ) မိမိနှင့်စီးပွားဆက်ဆံဆောင်ရွက်သော အခြားနိုင်ငံမှအဖွဲ့အစည်း၏ စီးပွားရေးလုပ်ငန်း၊ ယင်း၏ဂုဏ်သတင်းနှင့် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခံရခြင်း သို့မဟုတ် စည်းကမ်းထိန်းသိမ်းခြင်းဆိုင်ရာ အရေးယူခံရခြင်း ရှိ၊ မရှိကိုလည်းကောင်း၊ ကြီးကြပ်မှုဆိုင်ရာ အရည်အသွေးနှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို လည်းကောင်း စုဆောင်းရယူခြင်းနှင့် သိရှိရန် ဆောင်ရွက်ခြင်း၊
- ( ခ ) အကြီးတန်းစီမံခန့်ခွဲသူထံမှ ခွင့်ပြုချက်ရယူခြင်း၊
- ( ဂ ) အဆက်အသွယ်ဘဏ်အဖွဲ့အစည်း၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ထိန်းချုပ်ကြီးကြပ်မှု အရည်အသွေးကို အကဲဖြတ်ခြင်း၊
- ( ဃ ) အဖွဲ့အစည်းတစ်ခုချင်းစီ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး တာဝန်ဝတ္တရားများကို မှတ်တမ်းတင်ခြင်း။

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှ

၂၇။ (က) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ကြေးနန်း သို့မဟုတ် အီလက်ထရောနစ် နည်းလမ်းဖြင့် ငွေလွှဲခြင်းပါဝင်သော ဆောင်ရွက်မှုများကို ပြုလုပ်ရာတွင် သတ်မှတ်ချက်များနှင့်အညီ စိစစ်ရမည်။ ယင်းသတင်းအချက်အလက်များတွင် ကြေးနန်း သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲရာ၌ပါရှိသည့် မှာကြားချက်များ သို့မဟုတ် ငွေပေးချေမှုများလည်း ပါဝင်ရမည်။ အကယ်၍ ငွေစာရင်းအမှတ်မရှိပါက ထိုလွှဲပြောင်းမှုအတွက် သီးခြား ရည်ညွှန်းနံပါတ်ကို သတ်မှတ်ပေးရမည်။ ဤပုဒ်မ၏ ပြဋ္ဌာန်းချက်ပါ သတင်းအချက်အလက်ကို ငွေပေးချေမှု ဆောင်ရွက်သော ကြားခံငွေရေးကြေးရေးအဖွဲ့အစည်းများက ထိန်းသိမ်းခြင်းနှင့် တစ်ဆင့်ပေးပို့ခြင်းများ ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) သည် အောက်ပါတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ-

(၁) အကြွေးဝယ်ကတ် သို့မဟုတ် မြီစားကတ်ဖြင့် လွှဲပြောင်းဆောင်ရွက်မှု၊ ယင်းလွှဲပြောင်းမှုနှင့်အတူ အကြွေးဝယ်ကတ်နှင့် မြီစားကတ် အမှတ်များပါရှိသော လွှဲပြောင်းမှု၊

(၂) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများကိုယ်စား ဆောင်ရွက်သည့် ကနဦး လွှဲပြောင်းသူနှင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်တို့သည် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဖြစ်ပါက ယင်းငွေရေးကြေးရေးအဖွဲ့အစည်းများအကြား ဆောင်ရွက်သည့် လွှဲပြောင်းမှု။

(ဂ) ငွေပေးချေမှုဆောင်ရွက်သော ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ရပ်သည် ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်နိုင်ခြင်းမရှိသည့် ကြေးနန်း သို့မဟုတ် အီလက်ထရောနစ် နည်းလမ်းဖြင့် ငွေလွှဲခြင်းကို ဆောင်ရွက်ပေးခြင်းမပြုရ၊

(ဃ) နိုင်ငံဖြတ်ကျော်၍ ကြေးနန်း သို့မဟုတ် အီလက်ထရောနစ် နည်းလမ်းဖြင့် ငွေလွှဲခြင်း သို့မဟုတ် ငွေကြေးလက်ခံခြင်းပြုသည့် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းသည်-

(၁) အဆိုပါလွှဲပြောင်းဆောင်ရွက်ချက်နှင့်အတူ ကနဦးလွှဲပြောင်းပေးသူနှင့်အကျိုးခံစားခွင့်ရှိသူ သို့မဟုတ် ပိုင်ရှင်တို့၏ သတင်းအချက်အလက်များ ထိန်းသိမ်းထားရှိရန် ကြပ်မတ်ဆောင်ရွက်ရမည်။

(၂) ပုဒ်မခွဲ(က)နှင့် အကျုံးမဝင်သော ကြေးနန်း သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲခြင်းများကို ဖော်ထုတ်ရန် ထိုက်သင့်သောအရေးယူဆောင်ရွက်မှုများ ပြုလုပ်ရမည်။

(၃) ယင်းလွှဲပြောင်းမှုဆောင်ရွက်ခြင်း၊ လက်ခံခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ဆိုင်းငံ့ထားခြင်းနှင့် နောက်ဆက်တွဲအရေးယူခြင်းများ ဆောင်ရွက်ရန် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ထားရမည်။

(င) ပုဒ်မခွဲ (က)ပါ ကနဦးလွှဲပြောင်းသူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသော ပိုင်ရှင်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များသည် ပြည်တွင်းကြေးနန်း သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲခြင်းတစ်ရပ်တွင် မှတ်တမ်းကျန်ရှိစေရေးအတွက် နည်းပညာကန့်သတ်ချက်များကြောင့် အတားအဆီးဖြစ်ပါက ယင်းငွေကြေးလွှဲပြောင်းမှုပြုလုပ်ရန် ညွှန်ကြားသည့် သို့မဟုတ် ဆောင်ရွက်သည့် အဖွဲ့အစည်းထံမှ ဖော်ပြပါ သတင်းအချက်အလက် အားလုံးရရှိသော အဖွဲ့အစည်းသည် မှတ်တမ်းကို သိမ်းဆည်းထားရှိရမည်။

(စ) ပုဒ်မခွဲ (က)ပါ လိုအပ်သည့် သတင်းအချက်အလက်များမပါရှိသော ကြေးနန်း သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် နိုင်ငံဖြတ်ကျော်၍ ငွေလွှဲပြောင်းခြင်းကို လက်ခံဆောင်ရွက်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ရပ်သည် ယင်းလွှဲပြောင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်အား အတည်ပြုစိစစ်ရမည်။

(ဆ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ကြေးနန်း သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေကြေးလွှဲပြောင်း ဆောင်ရွက်မှုပြုလုပ်သည့် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများက လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များကို ထုတ်ပြန်ရမည်။

၂၈။ (က) သတင်းပို့အဖွဲ့အစည်းများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရန်နှင့် ဤဥပဒေနှင့်အညီ ဖော်ထုတ်ရရှိသည့် အန္တရာယ်များကို လျော့ပါးစေရေးအတွက် ထိရောက်စွာ စီမံခန့်ခွဲရန် ဌာနတွင်းအစီအစဉ်များ၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကြီးကြပ်ထိန်းသိမ်းမှုများကို ပြဋ္ဌာန်းခြင်း၊ ထပ်မံဖြည့်စွက်ပြဋ္ဌာန်းခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်းများ ပြုလုပ်ရမည်။ ထို့ပြင် လိုအပ်ပါက ယင်းမူဝါဒများနှင့် ကြီးကြပ်ထိန်းသိမ်းမှုများအား အကောင်အထည်ဖော်မှုကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် တိုးမြှင့်ဆောင်ရွက်ခြင်းများပြုလုပ်ရမည်။ ယင်းမူဝါဒများနှင့် ကြီးကြပ်ထိန်းသိမ်းမှုများတွင် အောက်ပါအချက်များပါဝင်သည်-

(၁) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များ၊ စဉ်ဆက်မပြတ် အလေးထားစိစစ်ခြင်း၊ လွှဲပြောင်းဆောင်ရွက်မှုများကို စောင့်ကြည့်စစ်ဆေးမှုများ၊ သတင်းပို့ရန်တာဝန်နှင့် မှတ်တမ်းထိန်းသိမ်းခြင်း ဆိုင်ရာ တာဝန်ဝတ္တရားများ၊

(၂) မိမိဝန်ထမ်းများ၏ ဂုဏ်သိက္ခာအဆင့်အတန်းမြင့်မားစေရန် ကြီးကြပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် ယင်းဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်များ၊ အလုပ်တာဝန်ထမ်းဆောင်မှုများနှင့် ငွေရေးကြေးရေးနောက်ခံသမိုင်းကြောင်းတို့ကို အကဲဖြတ်ရန် နည်းစနစ်တစ်ရပ်၊

(၃) မိမိနှင့် ဆက်သွယ်ဆောင်ရွက်သူကိုသိရှိခြင်း၊ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အထူးတာဝန်ဝတ္တရားများနှင့် အခန်း(၈)ပါ သတင်းပို့ရန်လိုအပ်သည့် လွှဲပြောင်းဆောင်ရွက်မှုများကို သိရှိခြင်းတို့နှင့်စပ်လျဉ်း၍ ဝန်ထမ်းများက အကူအညီပေးနိုင်ရေးအတွက် စဉ်ဆက်မပြတ် လေ့ကျင့်ရေးအစီအစဉ်များ၊

(၄) ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးမှုနှင့် အရေးယူဆောင်ရွက်မှုများ၏ ထိရောက်မှုကို စစ်ဆေးရန် လွတ်လပ်သောစစ်ဆေးရေးလုပ်ငန်းစဉ်တစ်ရပ်။

(ခ) အကြီးတန်းစီမံခန့်ခွဲမှုအဆင့်ရှိသော အကောင်အထည်ဖော်ဆောင်ရွက်ရေး အရာရှိတစ်ဦးအား ခန့်အပ်ထားရှိရမည်။

(ဂ) ဤပုဒ်မပါ အချက်တစ်ချက်ချင်းစီအတွက် အရေးယူဆောင်ရွက်မှုအမျိုးအစားများကို သတ်မှတ်ရမည်။ ယင်းသို့သတ်မှတ်ရာတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ်နှင့်တကွ စီးပွားရေးလုပ်ငန်းများ ပမာဏ၊ ဆက်သွယ်ဆောင်ရွက်သူများ၊ လွှဲပြောင်းဆောင်ရွက်မှုများ၊ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ၊ ဝန်ဆောင်မှုပေးသည့်နည်းလမ်းနှင့် အတိုင်းအတာ၊ အဆိုပါ စီးပွားရေးလုပ်ငန်းတွင် အကျုံးဝင်ပတ်သက်သည့် ပထဝီဝင်အနေအထားနှင့် နိုင်ငံများစသည်တို့ကို ထည့်သွင်းသုံးသပ်ရမည်။

(ဃ) အောက်ပါလုပ်ငန်းစဉ်များကို တိကျစွာလိုက်နာဆောင်ရွက်ရမည်-

(၁) ဤဥပဒေအရ ထုတ်ပြန်ထားသည့် မူဝါဒများနှင့် ကြီးကြပ်ထိန်းသိမ်းမှုများကို နိုင်ငံရပ်ခြားလုပ်ငန်းခွဲများနှင့် အများစုပိုင်ဆိုင်မှုရှိသည့် လက်အောက်ခံ လုပ်ငန်းခွဲများအပါအဝင် လုပ်ငန်းအုပ်စုအလိုက် ကျယ်ပြန့်စွာ လိုက်နာကျင့်သုံးစေခြင်း၊

(၂) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်အား ဆောင်ရွက်ခြင်းနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ်စီမံခန့်ခွဲခြင်းတို့ကိုဆောင်ရွက်ရန် သတင်းအချက်အလက်ဖလှယ်မှု လုံခြုံရေးနှင့် အသုံးပြုရေး လုပ်ထုံးလုပ်နည်းများအပါအဝင် ဘဏ္ဍာရေးအုပ်စုတစ်ခုအတွင်း သတင်းအချက်အလက်ဖလှယ်ခြင်း လုပ်ထုံးလုပ်နည်းများ ထားရှိစေခြင်း။

၂၉။ သတင်းပို့အဖွဲ့အစည်းများသည် ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ခ)အရ ခန့်အပ်ထားသည့် အရာရှိအား အောက်ပါလုပ်ပိုင်ခွင့်များ အပ်နှင်းရမည် -

(က) လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်လိုအပ်သော စာရွက်စာတမ်းအထောက်အထားများ၊ မှတ်တမ်းများ၊ မှတ်ပုံတင်များနှင့် ငွေစာရင်းများကို ရယူပိုင်ခွင့်၊

(ခ) သတင်းပို့အဖွဲ့အစည်း၏ မည်သည့်ဝန်ထမ်းထံမှမဆို၊ မည်သည့်သတင်းအချက်အလက်၊ အကြောင်းကြားစာ၊ ရှင်းလင်းချက် သို့မဟုတ် စာရွက်စာတမ်းအထောက်အထားများကိုမဆို တောင်းခံပိုင်ခွင့်နှင့် ရယူပိုင်ခွင့်။

၃၀။ (က) မည်သူမျှ နိုင်ငံတော်အတွင်း သင်္ကေတဆောင်ဘဏ်ကို ဖွဲ့စည်းထူထောင်ခြင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်ခြင်းမပြုရ၊

(ခ) ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သင်္ကေတဆောင်ဘဏ်များနှင့်ဖြစ်စေ၊ ၎င်းဘဏ်များတည်ရှိသည့် နိုင်ငံများ၌ဖြစ်စေ စီးပွားရေးဆက်ဆံဆောင်ရွက်မှု စတင်ခြင်း သို့မဟုတ် စီးပွားဆက်ဆံမှု ဆက်လက်ဆောင်ရွက်ခြင်းမပြုလုပ်ရ၊

(ဂ) ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သင်္ကေတဆောင်ဘဏ်များအား ယင်းတို့၏ ငွေစာရင်းများကို အသုံးပြုရန်ခွင့်ပြုထားသည့်အဆက်အသွယ်ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် စီးပွားဆက်ဆံဆောင်ရွက်မှုစတင်ခြင်း သို့မဟုတ် စီးပွားဆက်ဆံဆောင်ရွက်မှုမပြုရ။

၃၁။ (က) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သည် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ရမည့်အချက်များကို လုံလောက်စွာလိုက်နာဆောင်ရွက်ခြင်းမရှိသည့် နိုင်ငံများကို ဖော်ထုတ်သတ်မှတ်ရမည့်အပြင် ထိုကဲ့သို့သော နိုင်ငံများနှင့်ဆက်နွှယ်၍ လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များကို ထုတ်ပြန်ရမည်။

(ခ) သတင်းပို့အဖွဲ့အစည်းများသည် ပုဒ်မခွဲ(က)ပါ ထုတ်ပြန်သည့် ညွှန်ကြားချက်ကို တိကျစွာ လိုက်နာကျင့်သုံးရမည်။

(ဂ) စည်းမျဉ်းထိန်းသိမ်းကြီးကြပ်သည့် အာဏာပိုင်များသည် သတင်းပို့အဖွဲ့အစည်းများက တိကျစွာလိုက်နာဆောင်ရွက်စေရန် ကြီးကြပ်ရမည်။

၃၂။ သတင်းပို့အဖွဲ့အစည်းများသည် သတင်းပို့ရန်သတ်မှတ်ထားသည့် တန်ဖိုးပမာဏ သို့မဟုတ် ယင်းတန်ဖိုးပမာဏထက်ကျော်လွန်သော ငွေကြေး သို့မဟုတ် ပစ္စည်း လွှဲပြောင်းဆောင်ရွက်မှုများဖြစ်လျှင် သို့မဟုတ် ငွေကြေး သို့မဟုတ် ပစ္စည်းတစ်ရပ်ရပ်ကို တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည်ဟုသော်လည်းကောင်း၊ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ဆက်နွှယ်ပတ်သက်သည်ဟုသော်လည်းကောင်း၊ ယင်းသို့ဖြစ်စေရန် အားထုတ်သည်ဟု သော်လည်းကောင်း သံသယဖြစ်ဖွယ်ရာ အကြောင်းရှိလျှင် ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)အရ သတ်မှတ်သည့် နည်းလမ်းများအတိုင်း ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ချက်ချင်းသတင်းပို့ရမည်။

၃၃။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ သို့မဟုတ် သတင်းပို့အဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် ပုဒ်မ ၃၂ အရ သတင်းပို့ချက် သို့မဟုတ် ဆက်နွှယ်သည့်သတင်းအချက်အလက်နှင့် ဆောင်ရွက်ချက် တစ်စုံတစ်ရာကို မိမိတို့ ဝန်ထမ်းအချင်းချင်းနှင့် ဥပဒေအကျိုးဆောင်များအကြားမှတစ်ပါး အခြားမည်သူ့ကိုမျှ ထုတ်ဖော်ပြောကြားခြင်း မပြုရ။

၃၄။ ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သတ်မှတ်ထားသော တန်ဖိုးပမာဏနှင့် ယင်းတန်ဖိုး ပမာဏထက်ကျော်လွန်သည့် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုကို တစ်ကြိမ်တည်း ဆောင်ရွက်သည် ဖြစ်စေ၊ ဆက်နွှယ်မှုရှိသည်ဟု ယူဆရသည့် လွှဲပြောင်းမှုအမြောက်အမြားဖြင့် ဆောင်ရွက်သည်ဖြစ်စေ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့ရမည်။

၃၅။ ရှေ့နေများ၊ နိုထရီပတ်ဗလစ်များနှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများသည် မိမိတို့နှင့် ဆက်သွယ်ဆောင်ရွက်သူများနှင့်ပတ်သက်၍ တရားစွဲဆိုခြင်း သို့မဟုတ် တရားစွဲဆိုမှုကို ရှောင်ရှားခြင်းဆိုင်ရာ အကြံပေးခြင်းအပါအဝင် ဥပဒေရေးရာရပ်တည်ချက်ကိုဆုံးဖြတ်သည့် ကိစ္စရပ်များဆိုင်ရာ အချက်အလက်များကို သတင်းပို့ရန် တာဝန်မရှိစေရ။

## အခန်း (၉)
## ကြီးကြပ်ဆောင်ရွက်ခြင်း

၃၆။ ကြီးကြပ်ရေးအာဏာပိုင်သည်-

(က) သတင်းပို့အဖွဲ့အစည်းများက ဤဥပဒေပါ ပြဋ္ဌာန်းချက်များအား မပျက်မကွက် တိကျစွာ လိုက်နာဆောင်ရွက်စေရန် ထိန်းသိမ်းကြီးကြပ်ရမည်။

(ခ) သတင်းပို့အဖွဲ့အစည်းများတွင် ရှိနိုင်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ်အကဲဖြတ်ခြင်းကို ဆောင်ရွက်ရမည်။ အဆိုပါ အကဲဖြတ်မှုသည် အခါအားလျော်စွာ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီနေစေရမည့်အပြင် အဆိုပါ ဖော်ထုတ်ရရှိသည့် အန္တရာယ်များအပေါ် လုံလောက်စွာစီမံခန့်ခွဲမှုပြုနိုင်ရေးအတွက် အရေးယူဆောင်ရွက်ရန်အချက်များကို ချမှတ်ရမည်။

(ဂ) သတင်းပို့အဖွဲ့အစည်းများထံမှ သတင်းအချက်အလက်များနှင့် အခြားသော အချက်အလက်များကို ရယူစုဆောင်းခြင်းနှင့် အုပ်စုလိုက် အကောင်အထည်ဖော်ဆောင်မှုအပေါ် အခြေပြု၍ လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးခြင်း၊ လုပ်ငန်းခွင်ပြင်ပမှ စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ မိမိကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်သည်။

(ဃ) သတင်းပို့အဖွဲ့အစည်းများက သိမ်းဆည်းထားသော သတင်းအချက်အလက်အထောက်အထားမိတ္တူကိုယင်းအဖွဲ့အစည်းများထံမှရယူနိုင်သည်။

(င) အခန်း(၈)ပါ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော သတင်းပို့အဖွဲ့အစည်းကို အရေးယူဆောင်ရွက်မှုအစီအစဉ်များချမှတ်၍ ကျင့်သုံးနိုင်သည်။

(စ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု သို့မဟုတ် ဤဥပဒေနှင့် သက်ဆိုင်သော ပြစ်မှုများနှင့်သက်ဆိုင်သည့် စုံစမ်းစစ်ဆေးခြင်း၌ဖြစ်စေ၊ တရားစွဲဆို တင်ပို့ခြင်း၌ဖြစ်စေ အခြားအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက် ဖလှယ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ဆ) သတင်းပို့အဖွဲ့အစည်းများ၏ နိုင်ငံခြားလုပ်ငန်းခွဲများကဖြစ်စေ၊ ယင်းတို့က အများစုပိုင်ဆိုင်မှုရှိသည့် လက်အောက်ခံကုမ္ပဏီခွဲများကဖြစ်စေ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် သော်လည်းကောင်း၊ တည်ဆဲပြည်တွင်းဥပဒေနှင့်စည်းမျဉ်းများနှင့်သော်လည်းကောင်း ညီညွတ်သည့် အရေးယူဆောင်ရွက်မှုများကို ပြဋ္ဌာန်းသတ်မှတ်ခြင်းနှင့်ယင်း သတ်မှတ်ချက်အတိုင်း ကျင့်သုံးဆောင်ရွက်ခြင်း ရှိ၊ မရှိတို့ကို စိစစ်နိုင်သည်။

(ဇ) ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ဆက်စပ်နိုင်သော မည့်သည့်လွှဲပြောင်းဆောင်ရွက်မှုနှင့် အချက်အလက်များကိုမဆို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ချက်ချင်းသတင်းပို့ရမည်။

(ဈ) သတင်းပို့အဖွဲ့အစည်းများ၏ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု သို့မဟုတ် လုပ်ငန်းလည်ပတ်ဆောင်ရွက်ရာတွင် တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ခြင်း၊ ထိန်းချုပ်ခြင်း သို့မဟုတ် ပါဝင်ခြင်းအတွက် ကိုက်ညီသင့်လျော်မှုရှိသည့်စံနှုန်း သတ်မှတ်ချက်များ ထားရှိပြီး ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ည) ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ဆိုင်းငံ့ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် လိုင်စင်ရုပ်သိမ်းခြင်းနှင့် ဆက်လက်လုပ်ဆောင်မှုကို တားမြစ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(ဋ) ဤဥပဒေအရ အရေးယူဆောင်ရွက်ချက်များနှင့် သက်ဆိုင်သည့် စာရင်းဇယားများကို ထိန်းသိမ်းထားရှိရမည်။

၃၇။ ကြီးကြပ်ရေးအာဏာပိုင်သည် အခန်း(၈)ပါ တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် သတင်းပို့အဖွဲ့အစည်းများ သို့မဟုတ် ယင်းအဖွဲ့အစည်းများ၏ ဒါရိုက်တာများ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိများ သို့မဟုတ် ကြီးကြပ်စီမံခန့်ခွဲသူများအား အောက်ပါကြီးကြပ်မှု သို့မဟုတ် အရေးယူဆောင်ရွက်မှုတစ်မျိုးမျိုးဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) စာဖြင့်ရေးသား သတိပေးခြင်း၊

(ခ) သီးခြားညွှန်ကြားချက်ဖြင့် ကန့်သတ်ခြင်း၊

(ဂ) ဖော်ထုတ်သိရှိသည့် ချိုးဖောက်မှုကို အရေးယူဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ အစီရင်ခံစာများတင်ပြစေခြင်း၊

(ဃ) အခြားသောသင့်လျော်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခြင်း။

၃၈။ ကြီးကြပ်ရေးအာဏာပိုင်များသည် ပုဒ်မ ၃၇ အရ ချမှတ်ဆောင်ရွက်သည့် အရေးယူ ဆောင်ရွက်မှုများကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှတစ်ဆင့် ဗဟိုအဖွဲ့သို့ သတင်းပို့ရမည်။

## အခန်း (၁၀)
## ငွေကြေး သို့မဟုတ် ကိုင်ဆောင်သူလွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအား နိုင်ငံဖြတ်ကျော် သယ်ယူပို့ဆောင်မှု

၃၉။ ဗဟိုအဖွဲ့ကသတ်မှတ်သော တန်ဖိုးပမာဏ သို့မဟုတ် ယင်းထက် ကျော်လွန်သည့် ငွေကြေး၊ ကိုင်ဆောင်သူလွှဲပြောင်းနိုင်သော စာချုပ်စာတမ်း၊ အဖိုးတန်ကျောက်မျက်ရတနာ သို့မဟုတ် သတ္တုများကို ပြည်တွင်းသို့ ဝင်ရောက်သူ သို့မဟုတ် ပြည်ပထွက်ခွာသူသည် ၎င်း၏လက်ဝယ်၌ဖြစ်စေ၊ ဝန်စည်စလယ်၌ ဖြစ်စေ ပါရှိလျှင်သော် လည်းကောင်း၊ ပြည်တွင်းသို့ သို့မဟုတ် ပြည်ပသို့ ယာဉ်တစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ ချောစာပို့ဆောင်သည့် နည်းလမ်းဖြင့် ဖြစ်စေ သယ်ယူပို့ဆောင်ရန် စီစဉ်ဆောင်ရွက်လျှင်သော်လည်းကောင်း အကောက်ခွန်ဦးစီးဌာနသို့ တရားဝင်ကြေညာရမည်။

၄၀။ အကောက်ခွန်ဦးစီးဌာနသည် ပုဒ်မ ၃၉ နှင့်အညီ ကြေညာရန်ပျက်ကွက်သည့် သို့မဟုတ် လိမ်လည်ကြေညာသည့် ကိစ္စရပ်များကိုသော် လည်းကောင်း၊ ငွေကြေးခဝါချမှု သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သော ပြစ်မှုများနှင့် ဆက်နွှယ်ပတ်သက်သည်ဟု သံသယရှိသောကိစ္စရပ်များတွင် သော်လည်းကောင်း၊ ငွေကြေး၊ ကိုင်ဆောင်သူလွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ သို့မဟုတ် အဖိုးတန်သတ္တုနှင့် ကျောက်မျက်ရတနာများ အချို့ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဖမ်းဆီးရန်လုပ်ပိုင်ခွင့်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပစ္စည်းများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနိုင်ရန် ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သလို ကျင့်သုံးနိုင်သည်။

၄၁။ အကောက်ခွန်ဦးစီးဌာနသည် ဤအခန်းပါပြဋ္ဌာန်းချက်များကို အောက်ပါအချက်များနှင့် အကောက်ခွန်နှင့် သက်ဆိုင်သည့်ဥပဒေများအရ သက်ဆိုင်သူများက လိုက်နာဆောင်ရွက်စေရေး အတွက် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များရှိစေရမည်-

(က) ပုဂ္ဂိုလ်များ၊ ယင်းတို့၏ ဝန်စည်စလယ်များ၊ ယင်းတို့၏ သယ်ယူပို့ဆောင်မှုနှင့် ချောစာပေးပို့မှုနည်းလမ်းများ သို့မဟုတ် ကုန်သေတ္တာများအပေါ် ထိန်းချုပ်မှုများဆောင်ရွက်ခြင်း၊

(ခ) လိမ်လည်ကြေညာခြင်း သို့မဟုတ် ကြေညာရန်ပျက်ကွက်ခြင်းများကို တွေ့ရှိလျှင် ဖြစ်စေ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု သို့မဟုတ် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်သံသယရှိလျှင်ဖြစ်စေ ပုဒ်မခွဲ(က)ပါ ပုဂ္ဂိုလ်များထံမှ အဆိုပါ ငွေကြေး၊ ကိုင်ဆောင်သူလွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ၊ အဖိုးတန်သတ္တုနှင့် ကျောက်မျက်ရတနာများ၏ ပိုင်ဆိုင်မှု မူလဇာစ်မြစ်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်အသစ်များကို တောင်းခံခြင်း သို့မဟုတ် ရယူခြင်း။

၄၂။ ဤဥပဒေ ပြဋ္ဌာန်းချက်များအရ အကောက်ခွန်ဦးစီးဌာနက ရရှိထားသည့် သတင်းအချက်အလက်များကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာနသို့ ပေးပို့ရမည်။

## အခန်း (၁၁)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၄၃။ မည်သူမဆို ငွေကြေးခဝါချမှုကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်ဆယ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သန်းငါးရာထိ ငွေဒဏ်ချမှတ်ရမည်။ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်အား ထောင်ဒဏ်ခုနစ်နှစ်အထိ ချမှတ်ရမည်။

၄၄။ သတင်းပို့အဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၁၈ မှ ပုဒ်မ ၂၅ အထိ၊ ပုဒ်မ ၂၈ နှင့် ပုဒ်မ ၂၉ တို့ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့တည်းမဟုတ် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူမည်သူမဆို ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၇ တို့ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သန်းတစ်ရာထိ ငွေဒဏ်ချမှတ်ရမည်။

၄၅။ မည်သူမဆို ပုဒ်မ ၃၀၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့တည်းမဟုတ် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန် အားထုတ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သန်းသုံးရာအထိ ငွေဒဏ်ချမှတ်ရမည်။

၄၆။ မည်သည့်သတင်းပို့အဖွဲ့အစည်းမှ တာဝန်ရှိသူမဆို ပုဒ်မ ၃၂ အရ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပေးပို့ရာတွင် လိမ်လည်ဖော်ပြကြောင်း သို့မဟုတ် အချက်အလက်များ ဖုံးကွယ်ထားကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သန်းသုံးရာအထိ ငွေဒဏ်ချမှတ်ရမည်။

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှ

၄၇။ မည်သူမဆို ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ပေါ့လျော့၍ဖြစ်စေ ပုဒ်မ ၃၉ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်း၊ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းသော်လည်းကောင်း၊ ပုဒ်မ ၄၀ အရ ငွေကြေး သို့မဟုတ် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများဆိုင်ရာ လိမ်လည်ကြေညာမှုကို ပြုလုပ်ခြင်းသော်လည်းကောင်း၊ အကောက်ခွန် အရာရှိ၊ အရာရှိ သို့မဟုတ် အာဏာပိုင်တစ်ဦးဦးထံ ထုတ်ဖော်ကြေညာရမည့်အချက်အလက်များကို ဖုံးကွယ်ခြင်း သော်လည်းကောင်း ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားတွေ့ရှိပါက ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ခြင်းခံရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ ကုမ္ပဏီအဖွဲ့အစည်းက ပြစ်မှုကျူးလွန်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ငွေဒဏ်ကျပ် သန်းသုံးရာအထိ ချမှတ်ရမည်။

၄၈။ မည်သူမဆို ဤဥပဒေအရ စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း ၎င်းအား ထုတ်ဆင့်သည့် ငွေကြေးနှင့်ပစ္စည်းများဆိုင်ရာ တားမြစ်မိန့်များ၊ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သန်းသုံးရာအထိ ငွေဒဏ်ချမှတ်ရမည်။

၄၉။ မည်သည့် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းမှ တာဝန်ရှိသူမဆို ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သန်းသုံးရာအထိ ငွေဒဏ်ချမှတ်ရမည်။

၅၀။ မည်သည့် သတင်းပို့အဖွဲ့အစည်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် ယင်းတို့၏ ဒါရိုက်တာ၊ အရာရှိနှင့် ဝန်ထမ်းမဆို ပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၁။ မည်သည့် စိစစ်ရေးအဖွဲ့ဝင် သို့မဟုတ် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်မဆို ဤဥပဒေနှင့် သက်ဆိုင်သည့် ပြစ်မှုနှင့်စပ်လျဉ်း၍ စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း ပြုရာတွင် အောက်ပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်-

(က) မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ တံစိုးလက်ဆောင်အဖြစ် ငွေကြေး၊ ပစ္စည်းတစ်စုံတစ်ရာကို တောင်းခံခြင်း သို့မဟုတ် လက်ခံရယူခြင်း၊

(ခ) ပြစ်မှုကျူးလွန်သူအား အရေးယူခြင်းမပြုနိုင်စေရန် ပြစ်မှုကျူးလွန်သူကို အခြားသူ တစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူကို အရေးမယူဘဲ ထိမ်ချန်ခြင်း၊

(ဂ) ငွေကြေးခဝါချရာမှ ရရှိသော ငွေကြေးနှင့်ပစ္စည်းကို အရေးယူခြင်း မပြုနိုင်စေရန် ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်း၊

(ဃ) စာတမ်းအမှတ်အသားများအား ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း၊ မမှန်မကန်ရေးသွင်းခြင်း။

၅၂။ တရားရုံးသည်-

(က) ဤဥပဒေပါ ပြစ်မှုတစ်ခုခုဖြင့် ပြစ်ဒဏ်ချမှတ်လျှင် အမှုနှင့်သက်ဆိုင်သည့် သက်သေခံ ပစ္စည်းနှင့် ငွေကြေးကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်း ပြုသည့် အမိန့်ချမှတ်ရမည်။

(ခ) ချမှတ်သောဒဏ်ငွေ၏ ငါးရာခိုင်နှုန်းကို ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးရန်ပုံငွေသို့ ပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ဤဥပဒေအရ ဒဏ်ငွေချမှတ်ခြင်းခံရသူက ပေးဆောင်ခြင်းမရှိလျှင် ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအား ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

**အခန်း (၁၂)**

**နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်း**

၅၃။ ဗဟိုအဖွဲ့သည် အောက်ပါကိစ္စရပ်များအပါအဝင် သင့်လျော်သော အရေးယူဆောင်ရွက်မှုများပြုလုပ်ရန်အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းဝင်နိုင်ငံများနှင့်လည်းကောင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်-

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ သတင်းဖလှယ်ခြင်း၊

(ခ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ စီစဉ်ညွှန်ကြားခြင်း၊ ပြင်ဆင်ခြင်း၊ စီမံခြင်းနှင့် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လေ့ကျင့်ရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ စွမ်းရည်မြှင့်တင်ရေး ဆောင်ရွက်ခြင်း၊

(ဃ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရာတွင် နိုင်ငံတကာ စံနှုန်းများနှင့်အညီဖြစ်စေရန် စွမ်းရည်မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခြင်း။

**အခန်း (၁၃)**

**တရားခံလွှဲပြောင်းပေးခြင်း**

၅၄။ (က) ဤဥပဒေပါ ငွေကြေးခဝါချမှုကို တရားခံလွှဲပြောင်းပေးနိုင်သည့် ပြစ်မှုအဖြစ် သတ်မှတ်ရမည့်အပြင် တရားခံလွှဲပြောင်းရေးကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ဤဥပဒေအရ တရားခံလွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းခံရသည့်နိုင်ငံ၏ဥပဒေဖြင့် ပြဋ္ဌာန်းထားသည့် အခြားစည်းကမ်းချက်များကို အထောက်အထားပြု၍ ဆောင်ရွက်ရမည်။

၅၅။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းဝင်နိုင်ငံတစ်ခုခုမှ ဖြစ်စေ၊ ဒေသဆိုင်ရာအဖွဲ့ဝင်နိုင်ငံတစ်ခုခုမှဖြစ်စေ ဤဥပဒေပါ ငွေကြေးခဝါချမှုတစ်ရပ်ရပ်ကို ပြည်တွင်း၌ ကျူးလွန်သည့် တရားခံအား ပြည်ပသို့လွှဲပြောင်းပေးရန်နှင့် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန်အကူအညီပေးရန် မေတ္တာရပ်ခံချက်တို့နှင့်စပ်လျဉ်း၍-

(က) ဤဥပဒေနှင့်အကျုံးဝင်သည့် ငွေကြေးခဝါချမှုများကို နိုင်ငံရေးပြစ်မှု၊ ယင်းနှင့်ဆက်နွှယ်သည့်ပြစ်မှု သို့မဟုတ် နိုင်ငံရေးရည်ရွယ်ချက်အတွက် ကျူးလွန်သည့် ပြစ်မှုဟု မှတ်ယူခြင်းမပြုရ။

(ခ) ယင်းမေတ္တာရပ်ခံချက်တွင် ဖော်ပြပါရှိသည့် ကျူးလွန်ခဲ့သော ငွေကြေးခဝါချမှုမှာ နိုင်ငံရေးပြစ်မှု၊ ယင်းနှင့်ဆက်နွှယ်သည့်ပြစ်မှု သို့မဟုတ် နိုင်ငံရေးရည်ရွယ်ချက်အတွက် ကျူးလွန်သည့်ပြစ်မှုဟူသော အကြောင်းပြချက်တစ်ခုတည်းဖြင့် ငြင်းပယ်ခြင်းမပြုရ။

**အခန်း (၁၄)**

**ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး ရန်ပုံငွေ**

၅၆။ ဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးရန်ပုံငွေကို အောက်ပါရငွေများ၊ ပစ္စည်းများဖြင့် ထူထောင်ရမည်-

(က) တည်ဆဲဥပဒေနှင့်အညီ နိုင်ငံ့ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေ၊

(ခ) တရားရုံးမှချမှတ်သော ဒဏ်ငွေ၏ငါးရာခိုင်နှုန်း၊

(ဂ) ပြည်တွင်းပြည်ပမှ စေတနာရှင်များ၏ ထောက်ပံ့လှူဒါန်းငွေနှင့် ပစ္စည်းများ။

၅၇။ ဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး ရန်ပုံငွေကို အောက်ပါကိစ္စများအတွက် အသုံးပြုရန်နှင့် ကုန်ကျစရိတ်များ ကျခံရန် ခွင့်ပြုနိုင်သည်-

(က) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ စိစစ်ရေးအဖွဲ့၊ စုံစမ်းစစ်ဆေးရေးအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ လိုအပ်သောကုန်ကျစရိတ်များ၊

(ခ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးအတွက် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်သည့်ကိစ္စများ၊

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် ဖော်ထုတ်ရာတွင် ကူညီထောက်ပံ့ပေးသည့် ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ထိုက်သင့်သည့် ဆုကြေးငွေချီးမြှင့်သည့်ကိစ္စများ၊

(ဃ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသိပညာပေးအစီအစဉ်များ၊ စွမ်းရည်မြှင့်တင်ရေး အစီအမံများ ဆောင်ရွက်ရာ၌ ကုန်ကျစရိတ်များ၊

(င) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများအတွက် အထောက်အကူပြုပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်းဆိုင်ရာ ကုန်ကျစရိတ်များ၊

(စ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သည့်ကိစ္စများ၊

(ဆ) ဗဟိုအဖွဲ့က သတ်မှတ်သော အခြားလိုအပ်သည့်ကိစ္စများနှင့် အခြားအရေးပေါ် လုပ်ငန်းတာဝန်များဆောင်ရွက်ရာ၌ ကုန်ကျစရိတ်များ၊

(ဇ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများ စွမ်းစွမ်းတမံ ဖော်ထုတ်ဆောင်ရွက်သူအား ဆုငွေချီးမြှင့်သည့်ကိစ္စများ။

**အခန်း (၁၅)**

**အထွေထွေ**

၅၈။ သက်ဆိုင်ရာဝန်ကြီးဌာနက ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့အတွက် ဘဏ္ဍာငွေ ခွဲဝေသတ်မှတ်ချက်ကို သီးခြားသတ်မှတ်ပေးရမည်။

၅၉။ (က) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ သဘောရိုးဖြင့် သတင်းပို့ချက်များ တင်ပြသည့် သို့မဟုတ် သတင်းအချက်အလက်များ ပေးအပ်သည့် သတင်းပို့အဖွဲ့အစည်းများ သို့မဟုတ် ယင်းတို့၏ ဒါရိုက်တာများ၊ အရာရှိများ သို့မဟုတ် ဝန်ထမ်းများအား ဘဏ်လုပ်ငန်းဆိုင်ရာ ပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ လျှို့ဝှက်ချက်ထားရှိရေး ပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များကိုဖြစ်စေ ချိုးဖောက်သည့် အကြောင်းကြောင့် ပြစ်မှုကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း၊ စည်းကမ်းထိန်းသိမ်းမှု သို့မဟုတ် စီမံခန့်ခွဲမှု နည်းလမ်းများအရလည်းကောင်း တရားစွဲဆိုခြင်း၊ အရေးယူခြင်းမပြုရ၊

(ခ) သတင်းပို့အဖွဲ့အစည်းများ သို့မဟုတ် ယင်းတို့၏ ဒါရိုက်တာများ၊ အရာရှိများ သို့မဟုတ် ဝန်ထမ်းများက လိုက်နာရမည့် ငွေရေးကြေးရေးနှင့် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုဆိုင်ရာ လျှို့ဝှက်ချက်ထားရှိရေးနှင့် လုံခြုံမှုသတိပြုရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဤဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များက လွှမ်းမိုးသည်။

၆၀။ ပုဒ်မ ၅ ပါ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများမဟုတ်ကြောင်း သက်သေထင်ရှားတင်ပြရန် တာဝန်သည် စွပ်စွဲခံရသူတွင် ရှိစေရမည်။

၆၁။ တရားစွဲအဖွဲ့အစည်းသည် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများနှင့်စပ်လျဉ်း၍ တရားစွဲဆိုရာတွင်-

(က) တရားမဝင်သော ငွေကြေးနှင့်ပစ္စည်းများသည် ပုဒ်မ ၅ ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှရရှိကြောင်း သက်သေထင်ရှား တင်ပြနိုင်လျှင် ဥပဒေကြောင်းအရ မြင်သာသော အထောက်အထားဖြစ်သည်ဟု မှတ်ယူရမည်။ ယင်းငွေကြေးနှင့် ပစ္စည်းများကို ရရှိစေခဲ့သည့် မူလပြစ်မှုကို မည်ကဲ့သို့ကျူးလွန်ခဲ့ကြောင်း သက်သေ တင်ပြရန် လိုအပ်ခြင်းမရှိစေရ။

(ခ) ပုဒ်မခွဲ(က)ပါ ပြစ်မှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်ရာမှရရှိသော ငွေကြေးနှင့် ပစ္စည်းများ၏ ပမာဏကို ထည့်သွင်းစဉ်းစားခြင်းမပြုရ။

(ဂ) ပြစ်မှုကျူးလွန်သူ၏ အသိအမြင်၊ ရည်ရွယ်ချက်၊ ကြံရွယ်ချက်တို့သည် မူလပြစ်မှု၏ အခြေခံအချက်များ အထိုက်အလျောက်ဖြစ်စေကာမူ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုပြစ်မှုများတွင် ၎င်း၏အချက်များကို ဖြစ်ရပ်မှန်အကြောင်းခြင်းရာများမှ ကောက်ချက်ချနိုင်သည်။

၆၂။ ငွေကြေးခဝါချရာမှရရှိသော ငွေကြေးနှင့်ပစ္စည်းများနှင့်စပ်လျဉ်း၍ စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း ခံနေရသူမဟုတ်သော အခြားသူတစ်ဦးတစ်ယောက်က ယင်း ငွေကြေးနှင့်ပစ္စည်းများအား သဘောရိုးဖြင့် အဖိုးစားနားပေး၍ လွှဲပြောင်းရယူထားခြင်းဖြစ်ကြောင်း သက်သေထင်ရှားတင်ပြနိုင်ပါက ယင်း၏ ရပိုင်ခွင့်နှင့် အခွင့်အရေးတို့ကို ထိခိုက်ခြင်းမရှိစေရ။

၆၃။ မည်သူမဆို ဤဥပဒေအရ ငွေကြေးခဝါချမှုဆိုင်ရာစိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်းတို့ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် လိုက်လျောညီသည့် သတ်မှတ်ပြဋ္ဌာန်းချက်များအရ တရားမျှတစွာပြုမူဆက်ဆံရေးနှင့် အခြားခံစားခွင့် အခွင့်အရေးများ ရရှိစေရေးတို့အတွက် အာမခံချက် ရရှိစေရမည်။

၆၄။ ငွေကြေးခဝါချမှုဖြင့် စွပ်စွဲခံရပြီး ဖမ်းဆီးချုပ်နှောင်ခြင်းခံရသူ မည်သူမဆို ယင်း၏ အခွင့်အရေးများရရှိရေးအတွက် ယင်းပုဂ္ဂိုလ်နိုင်ငံသားဖြစ်သည့် နိုင်ငံ၏ အနီးစပ်ဆုံးသင့်လျော်ရာ သံရုံးသို့ဖြစ်စေ၊ ကောင်စစ်ဝန်ရုံးသို့ဖြစ်စေ၊ ကိုယ်စားလှယ်ထံသို့ဖြစ်စေ နှောင့်နှေးကြန့်ကြာခြင်း မရှိစေဘဲ ဆက်သွယ်အကြောင်းကြားနိုင်ရန် အခွင့်အရေးရရှိစေရမည်။

၆၅။ ဤဥပဒေနှင့်အညီ ထုတ်ပြန်သည့်အမိန့်များကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများက လိုက်နာဆောင်ရွက်ရမည်။

၆၆။ ဗဟိုအဖွဲ့၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ကြီးကြပ်ရေးအာဏာပိုင်၊ သတင်းပို့ အဖွဲ့အစည်းများ၊ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရသည့် အခြားသောအစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ယင်းဌာနအဖွဲ့အစည်းများတွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့် သို့မဟုတ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သူ တစ်ဦးသည် မိမိတာဝန်ထမ်းဆောင်နေစဉ်အတွင်း လက်ခံရရှိသည့် မည်သည့် သတင်းအချက်အလက်ကိုမဆို တာဝန်ပြီးဆုံးသည့်တိုင်အောင် လျှို့ဝှက်ထိန်းသိမ်းထားရှိ ရမည်ဖြစ်ပြီး တာဝန်ရှိသူတိုင်းသည် ရရှိထားသော သတင်းအချက်အလက်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက် သို့မဟုတ် တရားရုံး၏အမိန့်အရသာ အသုံးပြုနိုင်သည်။ ဤပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ပါက မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက် ဥပဒေအရ အရေးယူခြင်းခံရမည်။

၆၇။ ပုဒ်မ ၅ ပါ ဤဥပဒေနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှ ရရှိသော ငွေကြေး သို့မဟုတ် ပစ္စည်းအား-

(က) ဤဥပဒေစတင်အာဏာတည်ပြီးနောက် ပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) ပါ ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ နှင့်သက်ဆိုင်သော ပြစ်မှုများကို ဤဥပဒေအရသာ အရေးယူရမည်။

(ခ) ဤဥပဒေစတင်အာဏာမတည်မီက ပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့်ပစ္စည်းများနှင့် သက်ဆိုင်သောပြစ်မှုများကို တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေဖြင့် အရေးယူရမည်။

၆၈။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဗဟိုအဖွဲ့ သို့မဟုတ် ဗဟိုအဖွဲ့က လွှဲအပ်ထားသောအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၆၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထဲရေးဝန်ကြီးဌာနနှင့်ဗဟိုအဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ကြီးကြပ်ရေးအာဏာပိုင်နှင့် ငွေကြေးဆိုင်ရာစုံစမ်း ထောက်လှမ်းရေးအဖွဲ့တို့သည် လိုအပ်သော ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၇၀။ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ် ၆/၂၀၀၂) အရဖြစ်စေ၊ အခြား လုပ်ပိုင်ခွင့်တစ်ခုခုအရဖြစ်စေ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၇၁။ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ် ၆/၂၀၀၂) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**ပုံ**

**သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**





## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကံမြင့်(လေ-ငြိမ်း)(၇၅)နှစ်
### တိုင်းအုပ်ချုပ်ရေးမှူး(ရန်ကုန်တိုင်းဒေသကြီး)(ငြိမ်း)
### အတွင်းရေးမှူး၊မ. ထ. သ(အဝေးပြေး) ရန်ကုန်တိုင်းဒေသကြီး

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်ခင်မြတ်မွန်၏ခင်ပွန်း၊ဦးဇော်ဝင်းသိန်း-ဒေါ်အေးမြင့်မွန်၊ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းမြင့် -ဒေါက်တာမြင့်မြတ်မြတ်စိုး၊ ဗိုလ်မှူးကျော်စွာမြင့်(ငြိမ်း)(မြဝတီထရေးဒင်းလီမိတက်)-ဒေါ်ဝါဝါအောင်၊ ဦးသန့်စင်မြင့်တို့၏ဖခင်၊ မကြည်ဖြူအေးချမ်း၊ မသိမ်မွေ့ဖြူစင်၊ မောင်မြင့်ဘုန်းသန့်၊ မောင်ဟိန်းသံစဉ်တို့၏အဘိုးသည် ၁၅-၃-၂၀၁၄(စနေနေ့)မွန်းလွဲ ၁း၅၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်ကော်မတီဝင်များ**
**မ. ထ. သ(အဝေးပြေး)ရန်ကုန်တိုင်းဒေသကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကံမြင့်(လေ-ငြိမ်း)(၇၅)နှစ်
### တိုင်းအုပ်ချုပ်ရေးမှူး(ရန်ကုန်တိုင်းဒေသကြီး)(ငြိမ်း)
### အတွင်းရေးမှူး၊မ. ထ. သ(အဝေးပြေး) ရန်ကုန်တိုင်းဒေသကြီး

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်ခင်မြတ်မွန်၏ခင်ပွန်း၊ ဦးဇော်ဝင်းသိန်း-ဒေါ်အေးမြင့်မွန်၊ ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းမြင့် -ဒေါက်တာမြင့်မြတ်မြတ်စိုး၊ ဗိုလ်မှူးကျော်စွာမြင့်(ငြိမ်း)(မြဝတီထရေးဒင်းလီမိတက်)-ဒေါ်ဝါဝါအောင်၊ဦးသန့်စင်မြင့်တို့၏ဖခင်၊ မကြည်ဖြူအေးချမ်း၊ မသိမ်မွေ့ဖြူစင်၊ မောင်မြင့်ဘုန်းသန့်၊ မောင်ဟိန်းသံစဉ်တို့၏အဘိုးသည် ၁၅-၃-၂၀၁၄(စနေနေ့)မွန်းလွဲ ၁း၅၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဌာနမှူးနှင့်ဝန်ထမ်းများ**
**မ. ထ. သ(အဝေးပြေး)ရန်ကုန်တိုင်းဒေသကြီး**

## အထူးကျေးဇူးတင်ရှိခြင်း

ခရစ်တော်၌အိပ်ပျော်သွားပြီဖြစ်သော ပါပါးဦးပါစကား(ခ)ဦးပီတင်မောင်ဆွေအား(၁၄-၃-၂၀၁၄)ရက်တွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသင်္ချိုင်း၌ ဘုရားသခင်ထံ ပြန်လည်အပ်နှံသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ပါပါးနာမကျန်းဖြစ်နေစဉ်တွင် အဘက်ဘက်မှ ကူညီအားပေးခဲ့ကြသူများအားလည်းကောင်း၊ အထူးသဖြင့် ပါပါး၏ဈာပနဝတ်ပြု ကိုးကွယ်ခြင်းအခမ်းအနားတွင် မစ္ဆားတရားတော်မြတ်ပူဇော်ပေးပါသော ပုသိမ်ဆရာတော်ဂျွန်မန်းဆိုမ်းဟီနှင့် ရဟန်းတော်များ၊ ဘရာသာရ်စစ္စတာရ်များ၊ လိုက်ပါပို့ဆောင်ပေးခဲ့ကြသော ဆွေမျိုးမိတ်ဆွေ၊ သူငယ်ချင်းများအားလည်းကောင်း၊ ရပ်နီးရပ်ဝေးမှ ဆုတောင်းမေတ္တာပို့သပေးခဲ့ကြသော၊ သတင်းမေးနှစ်သိမ့်အားပေးခဲ့ကြသော ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ပါပါးချစ်သော ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာစောကလယ်ခူ၏ဖခင် ဦးစောဘသောင်း(၈၄)နှစ်သည် ၁၅-၃-၂၀၁၄ (စနေနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အထက-၂၊ မှော်ဘီ**
**ကျောင်းသူ၊ ကျောင်းသားဟောင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဦးမျိုးမြင့်
## အသက်(၇၁)နှစ်
### (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)
### (သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊သာသနာရေးဝန်ကြီးဌာန)
## ဒေါ်တင်တင်ဝင်း
## အသက်(၇၁)နှစ်
### ပါမောက္ခ-ငြိမ်း၊ သမိုင်းဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်

ရန်ကုန်မြို့နေဒေါက်တာဦးမျိုးမြင့်သည် ၂၆-၂-၂၀၁၄ရက် စင်ကာပူစံတော်ချိန် ၁၂း၁၅ နာရီတွင် (National University Hospital )နှင့်ဇနီး ဒေါ်တင်တင်ဝင်းသည် ၁-၃-၂၀၁၄ ရက် စင်ကာပူစံတော်ချိန် ၂ နာရီတွင် (Singapore General Hospital)၌ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် အထူးအောက်မေ့သတိရလျက် ဝမ်းနည်းကြေကွဲရပါသည်။

**သမိုင်းကျောင်းသား/ကျောင်းသူဟောင်းများ**

## အထူးကျေးဇူးတင်ရှိခြင်း

၁၀-၃-၂၀၁၄ ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားခဲ့သော ဒေါက်တာဦးမျိုးတင့် အသက်(၈၅)နှစ် နာမကျန်းဖြစ်စဉ်က စေတနာမေတ္တာအပြည့်အဝဖြင့် ဂရုတစိုက်ပြုစုကုသပေးခဲ့ကြသော အာရှတော်ဝင်ဆေးရုံမှ သမားတော်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများအားလည်းကောင်း၊ သွေးလှူရှင်များအားလည်းကောင်း၊ ၁၂-၃-၂၀၁၄ ရက်တွင် ပြုလုပ်ခဲ့သောဈာပနဝတ်ပြု ဆုတောင်းခြင်း အမှုတွင်ဦးဆောင်ခဲ့ကြသော ဆရာတော်ကြီးများ၊ ဓမ္မအမှုတော်ဆောင်များ၊ အဘက်ဘက်မှ လိုလေသေးမရှိအောင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသော ဓမ္မမိတ်ဆွေများ၊ အသင်းတော်များ၊ အသင်းအဖွဲ့နှင့် မိတ်ဆွေများအားလည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ တယ်လီဖုန်း၊ အီးမေးလ်များဖြင့်လည်းကောင်း၊ သတင်းစာမှလည်းကောင်း၊ ပန်းခြင်းများ ပေးပို့ခြင်းဖြင့်လည်းကောင်း၊ နည်းအမျိုးမျိုးဖြင့် မေတ္တာပြနှစ်သိမ့်ပေးခဲ့ကြသော ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ အရာထမ်း အမှုထမ်းများ၊ ဗဟိုအမျိုးသမီးဆေးရုံကြီးဝန်ထမ်းမိသားစုများအားလည်းကောင်း၊ ကျောင်းလမ်းမိသားစုများနှင့် မိတ်ဆွေများအားလည်းကောင်း၊ ကူညီဆောင်ရွက်ပေးခဲ့ကြသော နာရေးကူညီမှုအသင်း(ရန်ကုန်)အားလည်းကောင်း၊ နောက်ဆုံးခရီးသို့ လိုက်ပါပို့ဆောင်ကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း မိသားစုမှအထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

Let's Read Stories...

ပုံပြင်ဖတ်ကြရအောင်...

## တစ်ဦးတည်းဖြစ်ကြောင်း

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ လမ်းမတော်မြို့နယ် ကျောင်းဝင်အမှတ်-၁၀၁/၁၃ မောင်ပြည့်စုံနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ဒဂုံမြို့နယ်၊ ကျောင်းဝင်အမှတ် ၂၆၂/၀၅၊ မောင်သန်းဝင်းဇံတို့၏ဖခင်သည် ဦးဝင်းခင်[၆/မအရ(နိုင်)၀၅၈၇၄၈]နှင့် ဦးစီဝင်းခင်မှာ တစ်ဦးတည်းဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ကြောင်း

ဦးညိုထွန်းဦး၏သား မောင်ဘဝင်း(ခ)ယူစီ[၁၂/အစန(နိုင်)၀၉၄၀၂၁] အမည်နှစ်မျိုးကွဲလွဲနေသော်လည်း တစ်ဦးတည်းသာဖြစ်ကြောင်း ကြေညာပါသည်။

## ပြင်ဆင်ဖတ်ရှုပါရန်

၅-၃-၂၀၁၄ရက် စာမျက်နှာ(၄)ပါ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း ကြေညာတွင် မောင်ပြည့်ဖြိုးဟန်[၉/သစန(နိုင်)၁၂၉၆၄၄]ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## အများသိစေရန်ကြေညာချက်

[illegible]

| | | | | |
|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] |

C#.Net ဖြင့် ... Software Engineer ...

Gusto

Net Framework with OOP

C#

.NET

289 (A), Pyay Road, Sanchaung Tsp, Yangon.

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၄၈၃၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/B၊ မြေကွက်အမှတ်-၂၂၁၊ မြေကွက်တည်နေရာအမှတ် (၂၂၁)၊ နေကြာလမ်း (ဒုတိယဗိုလ်မှူးကြီးစိုးသန်း) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒုတိယဗိုလ်မှူးကြီးစိုးသန်းထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးဝင်းမောင်[၁၂/မရက(နိုင်)၀၃၁၅၁၆]က မြေချပါမစ်(၁)ရွက်သာတင်ပြပြီး အိမ်ရာဆောက်လုပ်ခွင့်နှင့် မှီခိုစာရင်းပါမစ်မူရင်းများ တင်ပြနိုင်ခြင်းမရှိဘဲ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

Section A : 22 - 3 - 2014

Section B : 25 - 3 - 2014

**ပြည်ထောင်စုလွှတ်တော်အစည်းအဝေး**

# ပုဂ္ဂလိကလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံမှသာ အချိန်တိုအတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်မည်

**နေပြည်တော် မတ် ၁၇**

ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၂ နာရီတွင် အစီအစဉ်(၇)ခုဖြင့် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သော **လျှပ်စစ်ဓာတ်အားခနှုန်းထားများ တိုးမြှင့်ကောက်ခံရန်ကိစ္စ**နှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက လွှတ်တော်သို့ ရှင်းလင်းတင်ပြရာ၌ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် နှစ်စဉ်(၁၅)ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိရာ ယင်းဓာတ်အားသုံးစွဲမှုကို လုံလောက်စွာဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်အားပေးစက်ရုံများကို ဆောလျင်စွာတည်ဆောက်ပေးရန်လိုအပ်ပါကြောင်း၊ နှစ်စဉ်ဆောင်ရွက်ရန် စီမံကိန်းများချမှတ်ခဲ့သော်လည်း ဘဏ္ဍာငွေအခက်အခဲကြောင့် အစိုးရကဏ္ဍတစ်ခုတည်းအနေဖြင့် အကောင်အထည်မဖော်နိုင်၍ လျှပ်စစ်ဓာတ်အား

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ✳

**ပြည်သူ့လွှတ်တော်အစည်းအဝေး**

# အကျိုးအမြတ်မယူ၊ စီးပွားရေးမဆန်သော အများပြည်သူဝန်ဆောင်မှုမီဒီယာတို့ကသာ အထိရောက်ဆုံးဆောင်ရွက်နိုင်

**နေပြည်တော် မတ် ၁၇**

ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

**ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း၏ သဘာဝသစ်တောများကို ကာကွယ်စောင့်ရှောက်ရေးအတွက် ထိရောက်မှုရှိရန် ဝန်ထမ်းများ တိုးချဲ့ခန့်ထားပေးရန်နှင့် သက်ဆိုင်ရာဌာနများသို့ ဆုပေး၊ ဒဏ်ပေးစနစ်ကျင့်သုံးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ ကလေးဝမြို့နယ်အတွင်းနှင့် ထိစပ်လျက်ရှိသော ကြိုးဝိုင်း(၇)ခုမှ ကျွန်းသစ်တန်ချိန်(၆၀၀၀)ကျော်နှင့် သစ်မာတန်ချိန်(၉၉၀၀၀)ကျော် ထုတ်လုပ်ခဲ့ပါကြောင်း၊ တရားမဝင်သစ်များ ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ကျွန်း၊ သစ်မာနှင့် အခြားအသားတန်(၁၂၀၀)ဖမ်းဆီးရမိခဲ့ပါကြောင်း။

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

**အမျိုးသားလွှတ်တော်အစည်းအဝေး**

# ပြည်တွင်းတွင် ဘဏ်အချင်းချင်း ငွေကြေးနှင့် ချေးငွေဈေးကွက်များ ဖွံ့ဖြိုးတိုးတက်လာရန်လိုအပ်

**နေပြည်တော် မတ် ၁၇**

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အစီအစဉ်(၁၁)ခုဖြင့် ကျင်းပခဲ့သည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးခင်မောင်ငွေ၏ **"နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်-မန္တလေးအမြန်လမ်း အနောက်ခြမ်းဒေသရှိ ကျေးလက်နေပြည်သူများ ရာသီမရွေးသွားလာမှု လွယ်ကူအဆင်ပြေစေရေးအတွက် ကျေးလက်လမ်းများအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦးက ဒက္ခိဏသီရိမြို့နယ်အတွင်း ဖြတ်သန်းသွားသော အမြန်လမ်းမကြီး၏ အနောက်ဘက်ခြမ်းဒေသရှိ ကျေးရွာများမှ အမြန်လမ်းမကြီးသို့ ဆက်သွယ်သည့်လမ်းများ

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳

# စစ်တွေ-ပလက်ဝသွား တန်ချိန်(၃၀၀)ဆံ့ ကုန်တင်သင်္ဘောခြောက်စင်း ပြည်တွင်းရေကြောင်းက တည်ဆောက်လျက်ရှိ

**ရန်ကုန် မတ် ၁၇**

စစ်တွေမှ ပလက်ဝမြို့အထိ ရေကြောင်းလမ်းဖြင့်လည်းကောင်း၊ ပလက်ဝမှ အိန္ဒိယနိုင်ငံမီဇိုရမ်ပြည်နယ်အထိ ကုန်းလမ်းခရီးဖြင့်လည်းကောင်း ဆက်သွယ်နိုင်ရန်ဆောင်ရွက်နေသော စီမံကိန်းတွင် စစ်တွေ-ပလက်ဝမြို့သွား တန်ချိန်(၃၀၀)ဆံ့ သင်္ဘောခြောက်စင်းကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက တည်ဆောက်လျက်ရှိရာ ယခုနှစ်ကုန်ပိုင်းတွင် ပြီးစီးမည်ဟု အဆိုပါဌာနမှ သိရသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✪



ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရန် (၁၂) ရက်သာ လိုတော့သည်






## သီတဂူသုမေဓာဆေးရုံ လမ်းခင်းအလှူ ပါဝင်လှူဒါန်းနိုင်

## သီတဂူရွှေပြည်ဟိန်းကျောက်ကပ်ရောဂါဆေးရုံ အလင်းဒါန ပါဝင်လှူဒါန်းနိုင်

KBZBank Account No.

## (၃၇)နှစ်မြောက်မင်္ဂလာဆုတောင်း

ချစ်တဲ့ဖေကြီး **ဗိုလ်မှူးသိန်းချို(ငြိမ်း)(ကိုမောင်)**နှင့် ချစ်တဲ့မေကြီး **ဒေါ်ခင်အေးသိန်း(မ)**တို့၏ ၁၈-၃-၂၀၁၄ရက်တွင် ကျရောက်သော (၃၇)နှစ်မြောက် မင်္ဂလာချစ်နှစ်ပတ်လည်မှ ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်ခင်ပျော်ရွှင်စွာဖြင့် သက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာ၍ ချစ်သား၊ သမီး၊ မြေး၊ မြစ်များနှင့်အတူ သာသနာအကျိုး၊ ဘာဝနာအကျိုး ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ချစ်မေတ္တာအပြည့်ဖြင့် ရိုသေစွာ ဆုတောင်းလိုက်ပါတယ်။

**ချစ်သမီးကြီး - မောင်ကိုကို Geo Science Manager (M.P.R.L,E&P.Pte.Ltd)-မသက်ထားသိန်းချို (B.Sc Physics)**
**ချစ်မြေး - မောင်ဖြိုးသုတ(Primary III C I.L.B.C)၊ မကြယ်စင်စု (K.G-A I.L.B.C)**
**ချစ်သားလတ် - မောင်စည်သူသိန်းချို (Chief Officer F.G)MN UNISON POWER.**
**ချစ်သမီးငယ် - ဗိုလ်မှူးဇော်ဇော်ထွန်း M.E(Radio Electronic) Russia တ. ဆ. အ (ပြင်ဦးလွင်)-မစုမြတ်သိန်းချို(LL.B,LL.M,H.G.P)**
**ချစ်မြေး - မောင်လင်းရောင်ချို(Mother's Love Pre School) ပြင်ဦးလွင်**

MMDA

မြန်မာနိုင်ငံ ဟော်မုန်းရောဂါ အထူးကုဆရာဝန်များအသင်း (MSEM)နှင့် မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်း (MMDA)တို့မှ ပူးပေါင်းကြီးမှူးကျင်းပသော ပဉ္စမအကြိမ်မြောက် ဆေးပညာနှီးနှောဖလှယ်ပွဲကို မတ်လ ၂၂ ရက်မှ ၂၃ရက်အထိ ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ ပြည်တွင်းပြည်ပမှ အထူးကုဆရာဝန်ကြီးများက ဟော်မုန်းနှင့်သက်ဆိုင်သောရောဂါများ၊ ဆီချိုရောဂါ၊ ကျန်းမာရေးနှင့်ကိုက်ညီသော အာဟာရအကြောင်းများ၊အဆီများရောဂါ၊ သိုက်ရွိုက်ရောဂါများနှင့် ပတ်သက်သော နောက်ဆုံးပေါ်ကုထုံးများနှင့် ရောဂါရှာဖွေရေးနည်းစနစ်များအကြောင်းကို ဆွေးနွေးပို့ချကြမည် ဖြစ်ပါသည်။

စိတ်ပါဝင်စားသူ ဆရာဝန်များအနေဖြင့် နှီးနှောဖလှယ်ပွဲအား တက်ရောက်နိုင်ရေးအတွက် ၂၀၁၄ခုနှစ်၊ မတ်လ ၃ ရက်မှ ၂၂ ရက်အတွင်း အောက်ဖော်ပြပါပုဂ္ဂိုလ်များထံတွင် ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ပါသည်။

ဒေါက်တာ တက်ထွန်းချစ် ဖုန်း-၀၉-၄၅၀၀၃၇၃၆၆
ဒေါက်တာ ယုယုလွင် ဖုန်း-၀၉-၅၁၃၇၅၇၀
ဒေါက်တာ မောင်မောင်သန့် ဖုန်း-၀၉-၅၃၂၁၁၅၄
သင်တန်းကြေး - MSEM Member/M.Med.Sc Student ငွေကျပ် -20000/-တိတိ
- Non-Member ငွေကျပ်-25000/-တိတိ

Traders Hotel
Traders Hotel (Konbaung-Tagaung Room)
Traders Hotel (Konbaung-Tagaung Room)

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၁/၂၀၁၄)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများကို အမေရိကန်ဒေါ်လာ (CIF Yangon) ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | MPPE/MCY/CAP/T/4 (2013-2014) | New 7000 Imperial Gallons Capacity Rigid or Semi-Trailor Aircraft Refueller | 2 Nos. | USD |
| (၂) | MPPE/MCY/CAP/T/5 (2013-2014) | Two-Stage Vertical Filter/Water Separator | 4 Nos. | USD |
| (၃) | MPPE/MCY/CAP/T/6 (2013-2014) | 400 IGPM Fuel Transfer Centrifugal Pump (Motor Driven) and 300 IGPM Fuel Transfer Centrifugal Pump (Engine Driven) | 2 Items (each 2 nos) | USD |
| (၄) | MPPE/MCY/CAP/T/7 (2013-2014) | Fire Fighting Angus Engine Driven Pump With Trailer Inductor | 2 Sets | USD |
| (၅) | MPPE/MCY/T/2 (2013-2014) | Aviation Fuelling Equipment Spare Parts | 75 Items | USD |

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၄-၃-၂၀၁၄ ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၈-၄-၂၀၁၄ ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ်၊ ၀၆၇-၄၁၁၄၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်**

## Condo/တိုက်ခန်းရောင်းမည်

(၁) လသာ၊ပေ(၂၅×၅၀)၊ပြင်ပြီး၊ Lift၊ ၈လွှာ၊
(၂) မော်တင်၊ ပေ(၁၂. ၅×၅၀)၊မြေညီ+ပထပ်၊
(၃) ဆိပ်ကမ်းသာလမ်း၊ပေ(၁၂.၅×၆၀)၊မြေညီ၊
(၄) (၄၅)လမ်း၊ပေ(၂၅×၅၀)၊ ၇+၈လွှာ၊
**Ph:09-8613388**

## ထာဝရအောင်မြေ အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
## (Htawara Aung Myae Public Company Limited)
## ဖွဲ့စည်းပြီးဖြစ်ကြောင်းကြေညာခြင်း

ထာဝရအောင်မြေ အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(Htawara Aung Myae Public Company Limited)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ကုမ္ပဏီမှတ်ပုံတင်အမှတ်-၅၁၇၀/၂၀၁၃-၂၀၁၄(၃၀-၁-၂၀၁၄)ဖြင့် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူအား ကြေညာအပ်ပါသည်။

ထာဝရအောင်မြေ အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် ကျောက်ဖြူအထူးစီးပွားရေးဇုန်ကိုဖော်ထုတ်ပြီး စက်မှုဇုန်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် စက်မှုလက်မှုလုပ်ငန်းများကို နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့်အညီ လုပ်ဆောင်ရန် ရည်ရွယ်၍ ဖွဲ့စည်းတည်ထောင်ခြင်းဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူများအား အစုရှယ်ယာနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို ဆက်လက်အသိပေး ကြေညာသွားမည် ဖြစ်ပါသည်။

ကုမ္ပဏီရုံးခန်းကို အမှတ်(၃၄)၊ တတိယထပ်၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နှင့် အမှတ်(၃၄၃)၊ဦးဥတ္တမလမ်း၊ ဂူတာရပ်ကွက်၊ တောင်ကုတ်မြို့၊ ရခိုင်ပြည်နယ်တွင် ဖွင့်လှစ်ထားပါသည်။

**ဒါရိုက်တာအဖွဲ့**
**ထာဝရအောင်မြေ အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**




## ၁၄' ဒိုင်နာရောင်းမည်

၁က/၈ထောင်ကျော်၊ ၁၉၈၆မော်ဒယ်၊ ခေါင်းကျယ် ၁၃B အင်ဂျင်ကိုင်ပြီး၊ ကုန်ဘော်ဒီ၊ ကားသန့်၊ (၇၅)သိန်း။
**ဖုန်း-၀၉-၅၁၄၉၆၈၉**

## တိုက်ရောင်းမည်

ဟသ်ာတမြို့၊ ဗိုလ်ချုပ်လမ်း၊ ပေ(၅၀×၇၃)၊ ၂ ထပ်တိုက်၊ ဘဏ်ဖွင့်ရန် အလွန်ကောင်း၊ ညှိနှုန်းဈေး။
**ဖုန်း-၀၉-၃၁၉၀၆၅၄၅၊ ၀၉-၅၁၀၂၉၃၉**

## မင်္ဂလာဆည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ ဦးတင်ရွှေ-ဒေါ်ကြည်ကြည်(ဆင်မင်းဆပ်ပြာစက်)တို့၏မြေး၊
ဦးသောင်းထိုက်-ဒေါ်စမ်းစမ်းအေးတို့၏ တစ်ဦးတည်းသောသား

**မောင်သီဟန်ထွန်း**

**B.E (Electronics)**

နှင့်
ရန်ကုန်မြို့နေ
ဦးတင်သိန်း-(ဒေါ်ခင်နု)တို့၏မြေး၊
ဦးညွန့်ဇင်(Managing Director,ZMEP Consultancy and Engineering Co.,Ltd)-ဒေါ်အေးအေးသက်
တို့၏သမီးဦး

**မနဒီဇင်**

**B.E(Civil)**

တို့၏ ၂၁-၂-၂၀၁၄ရက်တွင် ရွှေမင်းဝံသာသနာ့ရိပ်သာ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေးတွင် ကြွရောက်ချီးမြှင့်ပေးပါသော လူကြီးမင်းများအားလည်းကောင်း၊ ၇-၃-၂၀၁၄ရက်တွင် Sedona (Grand Ballroom) ၌ကျင်းပ ပြုလုပ်သော မင်္ဂလာဆည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသရေစည်သူ ဦးဆန်းဆင့်နှင့်ဇနီးဒေါ်ခင်မလေး၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီးတင်ထွန်း(ငြိမ်း) (ဒါရိုက်တာ ရောကြံခင်းဆန်စပါးအထူးပြုကုမ္ပဏီ)နှင့်ဇနီး ဒေါ်ဝင်းဝင်းတင့်၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော တေးသံရှင်စိမ်းမို့မို့၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးပါသော စန္ဒရားဦးသိန်းမြင့်သန်းတေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲ မသန့်သိမ့်သိမ့်သွယ်၊ မင်္ဂလာပန်းကုံးဗန်းကိုင် မပန်းဟေကူနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင် မမြတ်နိုးဇင်၊ မင်္ဂလာသတို့သားအရံ မောင်ထူးထက်ထွဋ်၊ မောင်စွမ်းထက်ဇော်၊ မင်္ဂလာသတို့သမီးအရံ မမေမြင့်မြတ်ခိုင်၊ မယမင်းသန့်၊ မိတ်ကပ်ဆံပင်နှင့် မင်္ဂလာဝတ်စုံဖန်တီးချုပ်လုပ်ပေးပါသော ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ မင်္ဂလာလက်ဝတ်ရတနာများကို မေတ္တာဖြင့်ဆင်မြန်းပေးပါသော စိန်ပင်လယ်မိသားစု၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော 7 Picture (Wedding Dress & Photo Studio), Prewedding photo ရိုက်ကူးပေးပါသော ဝဏ္ဏခွာနီးနှင့်အဖွဲ့(Focus Daily)၊ ပန်းအလှဆင်ပေးပါသော လင်းလင်းနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာဖန်တီးပေးပါသော ဒဂုံ(ပုံနှိပ်တိုက်) Sedona Hotelမှ ဝန်ထမ်းများအားလည်းကောင်း၊ ၇-၃-၂၀၁၄ ရက်တွင် စိမ်းလန်းစိုပြေ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော လူကြီးမင်းများနှင့် စိမ်းလန်းစိုပြေ Zephur Restaurant မှ မန်နေဂျာကိုဇော်ဇော်နှင့် ဝန်ထမ်းများအားလည်းကောင်း ဤမင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် တာဝန်ယူစီစဉ်ပေးပါသော Signature Weddings & Events Planning၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်သီဟန်ထွန်းနှင့်မနဒီဇင်**

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

တောင်ဥက္ကလာပ၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာ(၁)လမ်း၊ တိုက်သစ်၊ မှန်ခန်း(ပထမထပ်)၊ ပေ(၁၈×၅၂)၊ အိပ်ခန်း(၂)ခန်း၊ (ဖော်မီကာ-၂ထပ်)၊ အဆင့်မြင့်ပါကေးခင်း၊ ကြွေပြားခင်း၊ ကြွေပြားကပ်၊ ဘုရားခန်းပျဉ်းကတိုး၊ ရှာထိုးခင်းခုံ၊ တံခါး/ပြတင်းသံပန်းတပ်ပြီး၊ မီးဖိုခုံလုပ်ပြီး၊ အပေါ်ရေကန်(၂)ကန်၊ ပစ္စည်းတင်စင်(၂)ခု၊ ဘိုထိုင်၊ Pressure Pump၊ ကိုယ်ပိုင် ရေ/မီး၊ အသင့်နေနိုင်သည်။ **ကျပ်သိန်း-၅၈၀**

**ဖုန်း-၀၉-၂၅၀၂၈၃၈၈၇၊ ၀၉-၄၂၀၀၂၉၃၀၉**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၃-၂၀၁၄ ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၄) ကန့်ကွက်နိုင်ပါကြောင်း ကြေညာချက်တွင် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်-၅၉၊ ဒုတိယထပ်၊ (၃)လွှာ၊ ခြေရင်းခန်း၊ (၁၂½×၅၀)ပေ အစား ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အထက်ကြည့်မြင်တိုင်လမ်း၊ အမှတ်(၅၉)၊ ဒုတိယထပ်၊ (၃)လွှာ၊ (3-A)၊ ခြေရင်းခန်း၊ ပေ(၁၂½×၆၀)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အငှားမီးသုံးရှားသည်။
CRANE
518474,09509491 4,0943164788

**စာအုပ်စာပေလှူမိတ်ဆွေ**

## ပညာရေးဝန်ကြီးဌာန
## အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
## National Management College (NMC) နှင့်
## MPDC(Assumption University (ABAC) Myanmar Offshore Office)
## တို့ပူးပေါင်း၍
## Certificate in Marketing Management(CMM)
## အမှတ်စဉ်(၄)သင်တန်းသားများလျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်(NMC) နှင့် Myanmar Professional Development Center-MPDC @ Assumption University (ABAC) Myanmar Offshore Office တို့ပူးပေါင်း၍ Certificate in Marketing Management (CMM) သင်တန်းအမှတ်စဉ်(၄)ကို ဖွင့်လှစ်မည် ဖြစ်ပါသည်။

၁။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိထားသူများလျှောက်ထားနိုင်ပါသည်။
၂။ သင်တန်းကာလမှာ(၆)လဖြစ်ပြီး ၂၀၁၄ခုနှစ်၊ မေလ ၅ရက်နေ့တွင်စတင်ဖွင့်လှစ်ပါမည်။
၃။ Marketing Management သင်တန်းတွင် ဈေးကွက်စီးပွားရေးကို ထိုးဖောက်နိုင်သော အခြေခံအချက်အလက်များကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Marketing Manager အဖြစ် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ပါသည်။
၄။ Certificate သင်တန်းအောင်မြင်ပြီးသူများသည် Diploma, Advanced Diploma သင်တန်းများကို ဆက်လက်သင်ယူနိုင်ပြီး Assumption University of Thailand နှင့် ချိတ်ဆက်ထားသောBachelor of Business Administration (BBA)ဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါမည်။
၅။ ပညာအရည်အချင်းအထောက်အထား(မူရင်း)နှင့်မိတ္တူ ၂စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့်မိတ္တူ၂စုံ၊ လိုင်စင်ဓာတ်ပုံ (၅)ပုံတင်ပြရမည်။

**လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။**

**အသေးစိတ်သိရှိလိုပါက-အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် (လေးထပ်စာသင်ဆောင် MPDC ရုံးခန်း)**
**ဗိုလ်တထောင်ဘုရား လမ်းနှင့်ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်**
**ဖုန်း-၀၉-၄၉၂၀၈၅၀၁၊ ၀၉-၄၂၀၁၂၅၉၀၀၊ ၀၉-၄၂၁၁၀၄၇၇၁**

Summer Study Tour in Singapore



ASTORIA
01-256590, 384127, 09-428311204

MYANMAR THAMES INTERNATIONAL
Auto CAD (2D, 3D)

## အလိုရှိသည်

သူနာပြုဆရာမ (အပြာဝတ်)တစ်ဦး အလိုရှိသည်။ ညှိနှိုင်းလစာပေးမည်။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၈၅၇၅၃၁၃**

လင်းယုန်
မိုးကောင်းကင်
အထင့်မြင့်ဝရီးသည်ပို့ဆောင်ရေး
မိုးကောင်းကင်
ရန်ကုန် ⟷ ထားဝယ် ⟷ မြိတ်
Air Con SCANIA
Ph:01-704685, 09-73208028, 09-8626322, 09-5161581

ကန့်ကွက်နိုင်ပါသည်

ကန့်ကွက်နိုင်ပါသည်

ပြည့်စုံ

Ph: 09-73067268,09-428177890

တင်နိုင်ဝိုး

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ တိုက်အမှတ်(၂၀)၊ အခန်းအမှတ်(၇/A)၊ (၇)လွှာ၊ အကျယ်အဝန်း ပေ(၃၀×၅၀)အကျယ်ရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ၎င်းကွန်ဒိုတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်အိမ့်အိမ့်အောင်[၁၂/စခန(နိုင်)၀၅၅၇၈၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နီလာ LL.B,D.B.L,D.I.L, D.I.R, C.B.D.S(MOFA)**
**အထက်တန်းရှေ့နေ(စဉ်-၃၃၁၆၇)**
**"ရွှေနန်းစံ"ဥပဒေအကြံပေးစာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှုနှင့်**
**အိမ်၊ ခြံ၊ မြေအကျိုးဆောင်လုပ်ငန်း**
**အမှတ်(၃၅၆)၊ ပထမထပ်၊ ကမ္ဘာအေးစေတီလမ်း၊ (၉)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ Ph:09-73146551, 09-73173987, 09-420003874, 09-420003873, 09-420003872**

## ရေးတံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်၊ ရေးမြို့နယ်အတွင်းရှိ လက်ရှိတံတားအသုံးပြုခ ကောက်ခံနေသော ရေးချောင်းတံတား (မြန်မာ့မီးရထား)၏ ၃-၄-၂၀၁၄ရက်မှ ၂-၄-၂၀၁၇ရက်ထိ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း(၃)နှစ် လုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်တံတား
ရေးတံတား(မြန်မာ့မီးရထား)
(ခ) စျေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များ ဝယ်ယူနိုင်သော နေရာ
မန်နေဂျာ (သွားလာရေး/တိုင်း)ရုံး၊ အမှတ် (၈) တိုင်း၊ မော်လမြိုင်မြို့
(ဂ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်နှင့် အချိန်
၂၄-၃-၂၀၁၄ရက် (တနင်္လာနေ့)၊ မွန်းတည့် ၁၂:၀၀ နာရီ
(ဃ) အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်နေရာ
မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ အမှတ်(၈)တိုင်း၊ မော်လမြိုင်မြို့
(င) အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့် အချိန်
၂၄-၃-၂၀၁၄ရက် (တနင်္လာနေ့)၊ ၁၄:၀၀နာရီ
(စ) အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ
မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ အမှတ်(၈)တိုင်း၊ မော်လမြိုင်မြို့

**မှတ်ချက်။** ။ အိတ်ဖွင့်တင်ဒါဝယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား (၁)စုံလျှင် (၅၀၀၀) ကျပ်နှုန်းဖြင့် ၂၀-၃-၂၀၁၄ရက်မှစ၍ မန်နေဂျာ (သွားလာရေး/တိုင်း)ရုံး၊ အမှတ်(၈)တိုင်း၊ မော်လမြိုင်မြို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**တံတားအသုံးပြုခွင့်လိုင်စင်လေလံတင်ကြီးကြပ်ရေးအဖွဲ့**
**မွန်ပြည်နယ်၊ မော်လမြိုင်မြို့။ ဖုန်း-၀၅၇-၂၄၈၂၁**

ရေတံရေဆောင်

## အမြန်ဝယ်လိုသည်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ
တိုက်ခန်း၊ လုံးချင်း၊ ကွန်ဒို၊မြေကွက်၊ စက်မှုဇုန်လယ်၊
ဥယျာဉ်ခြံမြေများ အမြန်ဝယ်လိုပါသည်။
ဖုန်း ၀၉-၄၃၀၁၇၀၀၀၊ ၀၉-၂၅၀၀၀၇၅၆၀၊
၀၉-၂၅၀၀၀၇၅၆၁၊ ၀၉-၄၉၂၁၆၈၀၈၊
၀၉-၃၁၁၀၅၇၆၇

ပိုင်ငါးလုံး ကျောက်ကြေးဆေး

## ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မြို့ကွင်းတံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လက်ရှိတံတားအသုံးပြုခကောက်ခံနေသော မြို့ကွင်းတံတား၏၁-၄-၂၀၁၄ရက်မှ ၃၁-၃-၂၀၁၇ရက်အထိ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း(၃)နှစ်လုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်တံတား
မြို့ကွင်းတံတား
(ခ) စျေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များဝယ်ယူနိုင်သောနေရာ
မန်နေဂျာ (သွားလာရေး/တိုင်း)ရုံး၊ မြန်မာ့မီးရထား၊ ဟင်္သာတမြို့
(ဂ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန်
၂၈-၃-၂၀၁၄ရက်(သောကြာနေ့) ၁၀း၀၀နာရီ
(ဃ) အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်နေရာ
ဧရာရွှေဝါခန်းမ၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
(င) အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်
၂၈-၃-၂၀၁၄ရက် (သောကြာနေ့) ၁၁း၀၀နာရီ
(စ) အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ
ဧရာရွှေဝါခန်းမ၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

မှတ်ချက်။ ။ အိတ်ဖွင့်တင်ဒါဝယ်ယူခွင့်တောင်းခံလွှာနှင့်စည်းကမ်းချက်များအား (၁)စုံလျှင် (၅၀၀၀ိ/-)ကျပ်နှုန်းဖြင့် ၂၀-၃-၂၀၁၄ရက်မှစ၍ မန်နေဂျာ(သွားလာရေး/တိုင်း) ရုံးတွင် ဝယ်ယူနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီး**

## အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးအောင်မင်းလမ်း၊ အမှတ်(၆၄)ဟုခေါ်တွင်သည့် (၃½)ထပ်တိုက်အဆောက်အအုံရှိ အကျယ်အဝန်း ပေ(၁၅½×၄၈)ရှိ မြေညီထပ်(ညာဘက်/ခေါင်းရင်းခန်း)တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်နော်ဒေါ်လီ[၁၂/မရက(နိုင်)၀၂၄၀၃၉]ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက်မှ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို စာချုပ်စာတမ်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီတာအုန်း (စဉ်-၆၃၀၇)တရားလွှတ်တော်ရှေ့နေ**
**တိုက်(၃၂)၊ အခန်း(၁၀)၊ ဒုတိယထပ်၊ ၂၃-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉၅၁၆၀၆၀၇၊ ၀၁-၃၇၈၁၇၉**

## အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၂၄၅½)၊ အကျယ်အဝန်း(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ မေခာဝီလမ်း၊ အမှတ်(၂၄၅ ½) ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးမင်းအောင် [၁၂/ဥကမ(နိုင်)၀၀၇၉၀၁]+၃ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက်မှ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီတာအုန်း(စဉ်-၆၃၀၇) တရားလွှတ်တော်ရှေ့နေ**
**တိုက်(၃၂)၊ အခန်း(၁၀)၊ ဒုတိယထပ်၊ ၂၃-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၆၀၆၀၇၊ ၀၁-၃၇၈၁၇၉**

ဆရာမ ဒေါ်အေးကြင်
တောင်ပျောက်သီး အသီးကုဆေး

N-3
ကိုယ်ပိုင် အထက်တန်းကျောင်း
(Private and Boarder)
Ph: 09-420046938, 09-421167047, 09-73180267

LCCI Level-I,II @ WISE College
Book-Keeping & Accounts
Final Account
On The Job Training(OJT)
WISE College
Introduction to Management Course
WISE College

# မင်းဟာ စကြဝဠာရဲ့ အရှင်သခင်

## လူတိုင်းဟာ စကြဝဠာအတွင်းမှာရှိကြတဲ့ ကိုယ်ပိုင်အသံလှိုင်းရုံများဖြစ်ကြသည်




No.1 Millionaire Mind ... The Secret ...




**Unleash the power within you**

... about health, wealth and happiness. Secret Chapters 1. The Secret Revealed 2. The Secret made Simple 3. How to use the Secret 4. Powerful Processes 5. The Secret to Money 6. The Secret to Relationships 7. The Secret to Health 8. The Secret to the World 9. The Secret to You 10. The Secret to Life

**MYANMAR GOLF CLUB**

**2014 ANNUAL AT HOME ဂေါက်သီးရိုက်ပြိုင်ပွဲနှင့်**

**ပျော်ပွဲရွှင်ပွဲများကျင်းပမည်**

မြန်မာဂေါက်သီးရိုက်အသင်း၏ နှစ်စဉ်ကျင်းပလျက်ရှိသော နှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို ၂၀၁၄ခုနှစ်၊ မတ်လ ၂၈၊ ၂၉၊ ၃၀ ရက်များတွင် မြန်မာဂေါက်သီးရိုက်အသင်း (၉မိုင်၊ ပြည်လမ်း) ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ မတ်လ ၂၈ရက်တွင် Veteran ဂေါက်သီးရိုက်ပြိုင်ပွဲကိုလည်းကောင်း၊ မတ်လ ၂၉ရက်တွင် Gold, Silver, Bronze ဂေါက်သီးရိုက်ပြိုင်ပွဲများကိုလည်းကောင်း ကျင်းပမည်ဖြစ်ရာ အသင်းသားများ ပါဝင်ယှဉ်ပြိုင်နိုင်ပါကြောင်းနှင့် မတ်လ ၃၀ရက်တွင် ဂေါက်သီးကစားခြင်းနှင့်ပတ်သက်သော ပျော်ပွဲရွှင်ပွဲများ ကျင်းပပြီး ညနေပိုင်းတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပမည်ဖြစ်၍ ညှော့ခံကျွေးမွေးရေးနှင့် တေးဂီတဖျော်ဖြေရေးအစီအစဉ်များ ပါဝင်ကြမည်ဖြစ်ပါသည်။ အသင်းသား/သူမိသားစုများ လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်းနှင့် ယခုပြိုင်ပွဲအား ကူညီပံ့ပိုးပေးလိုသော အဖွဲ့အစည်းကုမ္ပဏီများရှိပါက မြန်မာဂေါက်သီးရိုက်အသင်း စီမံရေးရာရုံး ၆၆၅၅၃၁၊ ၀၉-၈၆၁၂၉၉၄ သို့ ဆက်သွယ်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

---

မြန်မာတိုင်းရင်းသားများ ၁၉၄၇ ခုနှစ်က စတင်တည်ထောင်ခဲ့သော မြန်မာဂေါက်သီးရိုက်အသင်း(ကိုးမိုင်)တွင် ၂၇-၁-၂၀၁၄ရက်၌ ကျင်းပပြုလုပ်ခဲ့သော ဝန်ထမ်းနှင့် ကယ်ဒီများ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် Sponsor ပေးခဲ့သော System Engineering Co.,Ltd. Dagon Beer. Tri Co., Ltd. ဦးမင်းဟန်၊ ဦးမောင်မောင်ကြည်၊ ဦးအောင်ဝင်းသန်း၊ ဦးကောင်းမြတ်၊ ကျားကိုးကောင် ကားထုတ်လုပ်ရေးတို့အား အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသူ၊ အသင်းသားများမှ များစွာကျေးဇူးတင် ဝမ်းမြောက်ပါကြောင်းနှင့် လုပ်ငန်းများ ဆက်လက်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာဂေါက်သီးရိုက်အသင်း**

---

မြန်မာတိုင်းရင်းသားများ ၁၉၄၇ ခုနှစ်က စတင်တည်ထောင်ခဲ့သော မြန်မာဂေါက်သီးရိုက်အသင်း(ကိုးမိုင်) ဆက်လက်တိုးတက်ရန်အတွက် တန်ဖိုးကျပ် ၆၀၇၄၇၄၇ ရှိ မှန်ခန်းတစ်ခန်း လှူဒါန်းပေးခဲ့သော First Glass Industry Co.,Ltd မှ အုပ်ချုပ်မှုဒါရိုက်တာနှင့် ဝန်ထမ်းများအား အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသူ၊ အသင်းသားများမှ များစွာကျေးဇူးတင် ဝမ်းမြောက်ပါကြောင်းနှင့် FGI ကုမ္ပဏီ၏ လုပ်ငန်းများ ဆက်လက်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာဂေါက်သီးရိုက်အသင်း**

---

မြန်မာတိုင်းရင်းသားများ ၁၉၄၇ ခုနှစ်က စတင်တည်ထောင်ခဲ့သော မြန်မာဂေါက်သီးရိုက်အသင်း(ကိုးမိုင်)တွင် ၁၁/၁၂-၂-၂၀၁၄ရက်၌ ကျင်းပပြုလုပ်ခဲ့သော Captain's Cup 2014 ပြိုင်ပွဲတွင် Sponsor ပေးခဲ့သော Ever Green Co.,Ltd. System Engineering Co.,Ltd. United K.M.K Co.,Ltd. Han Golf Masters Pte.Ltd. Marry Brown Co.,Ltd. ရွှေပေါက်ကံ စက်မှုဇုန် ဥက္ကဋ္ဌနှင့်အဖွဲ့၊ ကျားကိုးကောင် ကားထုတ်လုပ်ရေးနှင့် Taylor Made. Standard House.တို့အား အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသူ၊ အသင်းသားများမှ များစွာကျေးဇူးတင် ဝမ်းမြောက်ပါကြောင်းနှင့် လုပ်ငန်းများ ဆက်လက်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာဂေါက်သီးရိုက်အသင်း**

---

မြန်မာတိုင်းရင်းသားများ ၁၉၄၇ ခုနှစ်က စတင်တည်ထောင်ခဲ့သော မြန်မာဂေါက်သီးရိုက်အသင်း(ကိုးမိုင်) ဆက်လက်တိုးတက်ရန်အတွက် ငွေတန်ဖိုးကျပ် ၅၄၉၇၆၀၀ ရှိ သံဗီရို (Locker) ၇၄လုံး လှူဒါန်းပေးခဲ့သော Asia Metal Co.,Ltd မှ အုပ်ချုပ်မှုဒါရိုက်တာနှင့်ဝန်ထမ်းများအား အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသူ၊ အသင်းသားများမှ များစွာကျေးဇူးတင် ဝမ်းမြောက်ပါကြောင်းနှင့် Asia Metal Co., Ltd ကုမ္ပဏီ၏ လုပ်ငန်းများ ဆက်လက်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာဂေါက်သီးရိုက်အသင်း**

---

မြန်မာတိုင်းရင်းသားများ ၁၉၄၇ ခုနှစ်က စတင်တည်ထောင်ခဲ့သော မြန်မာဂေါက်သီးရိုက်အသင်း(ကိုးမိုင်)တွင် ၁၆/၁၇-၈-၂၀၁၃ရက်၌ ကျင်းပပြုလုပ်ခဲ့သော Monsoon Cup 2013 ပြိုင်ပွဲတွင် Sponsor ပေးခဲ့သော A1 Group of Company မှ ဥက္ကဋ္ဌနှင့် ဝန်ထမ်းများအား အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသူ၊ အသင်းသားများမှ များစွာကျေးဇူးတင် ဝမ်းမြောက်ပါကြောင်းနှင့် ကုမ္ပဏီ၏လုပ်ငန်းများ ဆက်လက်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာဂေါက်သီးရိုက်အသင်း**




## သဲအင်းဂူခုနှစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူမဇ္ဈိမာန်တော်ကြီး၌ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၃ ရက်မှ ၃၀ ရက်အထိ (၇)ရက်အဓိဋ္ဌာန်တရားစခန်းပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ကျင်းပသွားမည် ဖြစ်ပါသည်။ တရားစခန်းပွဲကို အဖွဲ့၏ဩဝါဒါစရိယ၊ ကမ္မဋ္ဌာနစရိယဆရာတော် ဦးမုနိန္ဒ(ကျိုက်ပိုင်း)နှင့် ဦးသီရိဓမ္မ(ဝိဇ္ဇောဒယ-ပြည်သဲအင်းဂူ) အရှင်သူမြတ်တို့က သမထဝိပဿနာ တရားတော်များကို ချီးမြှင့်ဟောကြား ပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ မတ်လ ၂၂ရက် (စနေနေ့) ညနေ ၅ နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်းရန်နှင့် အရိယာလိုဏ်ဂူပြုပြင်ရန် အလှူရှင်များ ဖုန်း-၀၉-၈၆၂၃၉၉၇ သို့ ဆက်သွယ်ပါရန် နှိုးဆော်အပ်ပါသည်။



## ငှားမည်

မိသားစု အဆင့်မြင့်မြင့် နေနိုင်ရန်အပြင် ရုံးခန်းဖွင့်နိုင်ရန် ပေ(၄၀×၆၀) လုံးချင်း ၂ ထပ်တိုက်၊ ကားဂိုဒေါင်ပါ။

ကုန်းဘောင်လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာ။

**ဖုန်း-၀၉-၄၂၀၇၀၇၂၅၊ ၀၉-၂၅၄၁၇၉၈၁၃၊ ၅၅၉၅၁၅**

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

Dyna, 14ပေ ခေါင်းကျဉ်း ရွှေ့လေးနောက်လေး, 2003, Xzu 342, 4700 cc, 145 သိန်း

**ဖုန်း-၀၉-၅၁၆၅၈၉၁**




## ကန့်ကွက်နိုင်ပါသည်

မော်တော်ယာဉ်/မော်တော်ဆိုင်ကယ် ယာဉ်အမှတ် ဟ/၉၆၁၈၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးကျင်ထွေး[၇/မလန(နိုင်)၀၅၄၅၈၃]မှ ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ တင်ပြသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး(မြစ်ကြီးနား)**






## တိုက်ခန်းရောင်းမည်

**(စမ်းချောင်းမြို့နယ်)**

၁။ သရက်တောလမ်း၊ ပေ(၂၅×၅၀)၊ 5.F၊ ကွန်းပါကေး၊ သံပန်း၊ ဆန်းရှိတ်၊ ဘိုထိုင်၊ AC (2),BR(2)၊ မျက်နှာကြက် ဂျစ်ဆင်ဘုတ်၊ အထူးပြင်ဆင်ပြီး။ (၆၉၅)သိန်း။

၂။ သီရိလမ်း၊ ပေ(၁၂½×၅၀)၊ မြေညီ (ထပ်ခိုးပြည့်(၂)ထပ်)၊ MBR(1),ဘိုထိုင်(၂)၊ သံပန်းပြည့်၊ ကြွေပြားခင်းကပ်၊ အဆင့်မြင့်ပြင်ဆင်ပြီးတိုက်သစ်။ (၈၈၅)သိန်း (ပွဲစားမလို)

**ဖုန်း-၀၉-၄၂၀၁၂၈၈၇၅၊ ၀၉-၇၃၁၅၆၄၉၄**




Air Con အဟောင်း၊ အပျက်၊ အလောင်များ ဈေးကောင်းပေးဝယ်သည်။

**H.P -09-5026457**

## ဦးရာလူရမည်

- သာကေတ၊ ရတနာအိမ်ရာ၊ (V.I.P) ပေ(၆၀×၈၀)၊ ၈ရန်၊ ပါကေး၊ 3MBR,1BR 8 A/C,မြက်ခင်း၊ ရေကန်၊ ဖုန်း၊ (6000 L)
- ကုန်ဈေးတန်းလမ်း (ပန်းဘဲတန်း)၊ မြေညီတိုက် ကောင်း၊ (၁၈×၆၀)ပေ၊ ထပ်ခိုးတစ်ထပ်၊ ဖုန်းပါ၊ (4200 L) **ဖုန်း-၀၉-၄၄၈၀၄၉၇၈၂**




ကွန်ပျူတာပျက်လျှင် ဖုန်းဆက်လိုက်ပါ။

**ဖုန်း-၀၁-၇၀၀၈၈၇၊ ၀၉-၅၁၅၂၈၆၅**

**ပြင်ဆင်ဖတ်ရှုပါရန်** ၁၂-၃-၂၀၁၄ စာမျက်နှာ(၈)၌ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဦးဝင်းဆွေ[၁၂/ကလန(နိုင်)]အစား[၅/ကလန(နိုင်)၀၂၀၄၄၈]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်**

